နောင်အင်းလေး ကဗျာ



အယ်ကျော်မြတ်ခိုင် [အင်းလေး]

# ပိန်းကောလှေ

ကဗျာများ

design by lin aung pyae 2017





အယ်ကျော်မြတ်ခိုင် [အင်းလေး]

ပိန်းကောလှေ ကဗျာများ

နောင်အင်းလေး ကဗျာ

အယ်ကျော်မြတ်ခိုင် [အင်းလေး]

# ပိန်းကောလှေ

ကဗျာများ





# ကျေးဇူးမှတ်တမ်း

ပိန်းကောလေ့ ပြီးမြောက်ဖို့
ငြိမ်းသောရေခရီးတစ်လျှောက်မှာ . . .

လုံးဝမသိပေမယ့်
အဆုံးအထိ ပံ့ပိုးကြတဲ့ ပုဂ္ဂိုလ်တွေ၊
တစ်ဆင့်သိလို့
အဆင့်ရှိရှိ ဖြည့်ဆည်းကြတဲ့ ပုဂ္ဂိုလ်တွေ၊
မိတ်ရင်းဆွေမို့
စိတ်ရင်းတွေနဲ့ ဝန်းရံကြတဲ့ ပုဂ္ဂိုလ်တွေ၊
နှုတ်ချိုရည်မျှော် အမည်ဖော်ကာ
မကြော်ငြာပေမယ့်လည်း

အထူးစာရင်း အရင်ပြုသမျှ
တစ်ဦးချင်း ကတညုတတွေ၊
ပစ္စက္ခရဲ့ တေးကူးရင်မှာ
နှစ်သက်ရတဲ့ ကျေးဇူးရှင်တွေ၊
အနာဂတ်သို့ ထားတွေးမျှော်
ကဗျာဖတ်လို့ အားပေးဖော်တွေ၊
ရှေးဦး စုကာမပြပေမယ့်လည်း
ကျေးဇူး ဥပကာရ တင်သပါကြောင်း
ရင်မှ အထင်ကရ ရေးထိုးတင်ပြအပ်ပါသည်။ ။

အယ်ကျော်မြတ်ခိုင်(အင်းလေး)

နှောင်အင်းလေး
အနုပညာတည်ရာ

တိုက်(၈)၊ အခန်း(၁)၊ အောင်ချမ်းသာအိမ်ရာ၊
အရှေ့ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်။
၀၉ ၂၅၀၁၅၁၄၆၇

# ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ပုံနှိပ်ခြင်း | - ပထမအကြိမ် (၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ) |
| မျက်နှာဖုံးပန်းချီ | - သန်းနိုင်(ရန်ကင်း) |
| အတွင်းပန်းချီ | - ဖေစိုးအောင်၊ သန်းနိုင်(ရန်ကင်း) အေးမင်း |
| မျက်နှာဖုံးဒီဇိုင်း | - လင်းအောင်ပြည့် |
| ဓာတ်ပုံ | - လင်းအောင်ပြည့်၊ စောဝေ အယ်အောင်၊ တေးကူး |
| ကွန်ပျူတာစာစီ | - အယ်လုံး ကွန်ပျူတာ |
| ထုတ်ဝေသူ | - ဦးမြင့်ကြိုင် ရွှေယောမြေစာပေ (၀၁၆၃၉) |
| အဖုံးပုံနှိပ်သူ | - ဦးဟန်စိုး၊ Light ပုံနှိပ်တိုက် ၂၇၁၊ လမ်း ၄၀၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ်သူ | - ဦးအောင်မြတ်ကျော် Apex ပုံနှိပ်တိုက်၊ (၁၅၀၉၂၀၄၀၈) ၂၇၁၊ လမ်း ၄၀၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | - နောင်အင်းလေး စာပေ ဖုန်း- ၀၉ ၂၅၀၁၅၁၄၆၇ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၂၅၀၀ |

အယ်ကျော်မြတ်ခိုင်(အင်းလေး)
ပိန်းကောလှေ / အယ်ကျော်မြတ်ခိုင်(အင်းလေး)
- ရန်ကုန်၊ ရွှေယောမြေစာစဉ်၊ ပထမအကြိမ်၊ ၂၀၁၈။
၂၆၂ စာ၊ ၂၁ × ၁၃.၅ စင်တီ။
(၁) ပိန်းကောလှေ

# အမှတ်တရ..... စာကဗျာ

- အမှတ်တရ စာ

  ဆရာမောင်ရွှေနွယ်(အင်းလေး)

- အမှတ်တရ အမှာ

  လင်းအောင်ပြည့်

- အင်းလေးအိုင်ထဲက ဆယ်လ်မွန်ငါး–

  ကိုစိမ်း

- ပိန်းကောလှေငယ်ရှင်သို့
  ကဗျာသဝဏ်လွှာပေးပို့ခြင်း–

  လင်းထိပ်သျှင်

# ကဗျာရှိရာ..... မာတိကာ


| | | |
|---|---|---|
| ၁။ | အဖေ | ၁ |
| ၂။ | မင်္ဂလာရှိတဲ့နေ့ | ၂ |
| ၃။ | မင်္ဂလာပြည့်တဲ့နေ့ | ၃ |
| ၄။ | အမေ | ၄ |
| ၅။ | အဖေ | ၅ |
| ၆။ | အားထားစရာ သားဖွားဆရာမကြီး အမေ | ၆ |
| ၇။ | အခြေအနေ အမေအဝေး | ၇ |
| ၈။ | ပျိုးခင်းထဲကသီချင်းသံ | ၈ |
| ၉။ | မိသားစုရဲ့ မိသားစု | ၉ |
| ၁၀။ | အချစ်ဦး | ၁၀ |
| ၁၁။ | သူမရှိတဲ့ တနင်္ဂနွေ | ၁၁ |
| ၁၂။ | ပဝါပါးကောက်ကြောင်း | ၁၂ |
| ၁၃။ | ကျေးစက္ကူအိပ်မက်များ | ၁၃ |
| ၁၄။ | ဂီတနဲ့ တေးကူးသမား | ၁၄ |

| | | |
|---|---|---|
| ၁၅။ | နီးလုလုမျက်မှန်တစ်လက်စာအကွာအဝေး | ၁၆ |
| ၁၆။ | ယုဇန နဲ့ တစ်ယူဇနာ | ၁၉ |
| ၁၈။ | တောင်ကြီး | ၂၀ |
| ၁၉။ | ပေါက္ခရဝဿပိတောက် | ၂၁ |
| ၂၀။ | ကလောကဗျာ | ၂၂ |
| ၂၁။ | ပေါက္ခရဝဿပိတောက် (၂) | ၂၃ |
| ၂၂။ | နန်းကြိုးနှစ်မျှင်ရဲ့ လျှပ်စီးနာရီ | ၂၄ |
| ၂၃။ | ဆာတေးစားသူများ | ၂၆ |
| ၂၄။ | အကိုင်းအခက် | ၂၇ |
| ၂၅။ | နှင်း | ၂၈ |
| ၂၆။ | အမှတ်အသား | ၃၀ |
| ၂၇။ | သိက္ခာတာရိုး | ၃၁ |
| ၂၈။ | အိမ်ထောင်စုနေ့ | ၃၂ |
| ၂၉။ | ရင်ဖွဲ့ကဗျာ | ၃၃ |
| ၃၀။ | ဖေဖော်ဝါရီအလယ်က လွမ်း | ၃၄ |
| ၃၁။ | အစွဲအလမ်း | ၃၆ |
| ၃၂။ | ပေါက္ခရဝဿပိတောက် (၃) | ၃၇ |
| ၃၃။ | အရှုးတစ်ပိုင်းဆည်းလည်း | ၃၈ |
| ၃၄။ | မိုးကာလမှတ်တိုင် | ၃၉ |
| ၃၅။ | ရွှေတောင်ကြား | ၄၀ |

| | | |
|---|---|---|
| ၃၆။ | အပေါင်းအသင်းများ | ၄၁ |
| ၃၇။ | စုဆောင်းထားတဲ့ ဆောင်းရာသီ | ၄၂ |
| ၃၈။ | တံငါအို | ၄၃ |
| ၃၉။ | ပေါက္ခရဝဿပိတောက် (၄) | ၄၄ |
| ၄၀။ | ဇုနတ်မင်းရဲ့ အခြမ်းကလေးနှစ်ခြမ်း | ၄၅ |
| ၄၁။ | အဓိပ္ပာယ် ပေ့ါ | ၄၆ |
| ၄၂။ | အဖုအပိန့်များ | ၄၇ |
| ၄၃။ | တနင်္လာနေ့တုန်းက နွေရာသီ | ၄၈ |
| ၄၄။ | အသစ်ကျပ်ချွတ်ပိတောက် | ၄၉ |
| ၄၅။ | အာသီသ | ၅၀ |
| ၄၆။ | သဘော | ၅၁ |
| ၄၇။ | အပြာနုရောင်ကူးတို့ | ၅၂ |
| ၄၈။ | မီးပုံးပျံ | ၅၃ |
| ၄၉။ | ငှက်ငယ်လေးအတွက် နှုတ်ဆက်တေး | ၅၄ |
| ၅၀။ | လုံအိုး | ၅၇ |
| ၅၁။ | ဘာသိဘာသာ နေရာထိုင်ခင်း | ၅၈ |
| ၅၂။ | လင်မယား | ၅၉ |
| ၅၃။ | တစ်ဝက်တစ်ပျက် | ၆၀ |
| ၅၄။ | နှင်းသတ်ထားတဲ့ ဒီဇင်ဘာ (၂) | ၆၁ |
| ၅၅။ | နတ္ထိရနံ့ | ၆၂ |
| ၅၆။ | မိုး | ၆၃ |
| ၅၇။ | ညောင်ရွှေ | ၆၄ |
| ၅၈။ | လင်မယား | ၆၆ |
| ၅၉။ | ဆိတ်...ကန်း | ၆၇ |
| ၆၀။ | မရဏာနုဿတိ | ၆၈ |

၆၁။ ငါမေ့နေတဲ့ ငါ ၆၉
၆၂။ အစ်မများ ၇၀
၆၃။ အမှားများ ၇၁
၆၄။ ဒိုလေးတွေ ပြန်လာတဲ့နေ့ ၇၂
၆၅။ အရောင်များနှင့်အတူ ၇၃
၆၆။ အထိအရှများတဲ့တံခါး ၇၄
၆၇။ ပုံတူကြောင်းကွဲအသစ် ၇၅
၆၈။ ကြယ်သီးမတပ်ပါနဲ့ ကောင်လေး ၇၆
၆၉။ အုန်းမောင်းသံ ၇၇
၇၀။ ဓာတ်ပုံဆရာလင်းအောင်ပြည့်ရဲ့
မမေ့နိုင်စရာငယ်လက်ရာ ၇၈
၇၁။ ကိုယ့်ဝန်ကိုယ့်တာ ၁၀ ၇၉
၇၂။ မျက်နှာမှာ အရေးအကြောင်းနဲ့နေ့ ၈၀
၇၃။ တို့မြေ ၈၁
၇၄။ ည…နေ ၈၂
၇၅။ သနပ်ခါးမစွဲခဲ့သော တနင်္လာနေ့များ ၈၃
၇၆။ နှစ်ဆယ်နှစ် နှစ်နှစ်ဆယ်မိုး ၈၄
၇၇။ ဟင်းလျာများ ၈၆
၇၈။ မရေးဖြစ်သေးတဲ့ကဗျာ ၈၇
၇၉။ ပို့ဆောင်ခြင်း ၈၈
၈၀။ တောခိုမယ့်နေ့ ၈၉

| | | |
|---|---|---|
| ၈၁။ | ငပလီ | ၉၀ |
| ၈၂။ | မေ့နေတဲ့နေ့တွေ | ၉၁ |
| ၈၃။ | မိတ္တူ | ၉၂ |
| ၈၄။ | ခရီး | ၉၃ |
| ၈၅။ | ချည်ခင်ထဲက အစများ | ၉၄ |
| ၈၆။ | ငြိမ်းချမ်းရေး | ၉၅ |
| ၈၇။ | တစ်နေ့တစ်နေ့ | ၉၆ |
| ၈၈။ | ကိုယ်ဖော့ခြင်း | ၉၇ |
| ၈၉။ | ငယ်ချစ် ဆယ်နှစ်ပြည့်ပြီ | ၉၈ |
| ၉၀။ | ဒီနေ့လိုနေ့မျိုးဒီနေ့ | ၉၉ |
| ၉၁။ | လူပ်သွားတဲ့အသံ | ၁၀၀ |
| ၉၂။ | ဗိုလ်စိန်မှန် | ၁၀၁ |
| ၉၃။ | မှာသံအရွေ့ | ၁၀၂ |
| ၉၄။ | ဆေး | ၁၀၄ |
| ၉၅။ | အရေးပေါ် | ၁၀၅ |

| | | |
|---|---|---|
| ၉၆။ | ညနေချိုချိုတစ်ခွက် | ၁၀၆ |
| ၉၇။ | အရူးများ | ၁၀၈ |
| ၉၈။ | ကစဉ့်ကလျား | ၁၀၉ |
| ၉၉။ | မောင်းမရရင် ရပ်ထားလိုက် | ၁၁၀ |
| ၁၀၀။ | တအားလွမ်းတဲ့ ဘားလမ်းနေ့တွေ | ၁၁၂ |
| ၁၀၁။ | အတု | ၁၁၄ |
| ၁၀၂။ | အကြောင်းပြချက်များ | ၁၁၅ |
| ၁၀၃။ | တည်ရာနေရာ | ၁၁၆ |
| ၁၀၄။ | ရလပ်များ | ၁၁၇ |
| ၁၀၅။ | သံသရာထဲက နှစ် | ၁၁၈ |

၁၀၆။ ၁၉ ၉၄ ၁၁၉
၁၀၇။ ပြာသိုသား ၁၂၀
၁၀၈။ လမရှိသောနေ့တစ်ည ၁၂၁
၁၀၉။ ၂၂ ၁၂၂
၁၁၀။ သီချင်းများနဲ့ဘဝ ၁၂၃
၁၁၁။ အသံမအောင်တဲ့နေ့ ၁၂၄
၁၁၂။ ငွေရတု ၁၂၅
၁၁၃။ ငွေရဲ့အလွန် ၁၂၆
၁၁၄။ ကိုးနဝင်းအတွေး ၁၂၇
၁၁၅။ လူ့ပြည်ရောက်တဲ့နေ့ ၁၂၈
၁၁၆။ ခရီးသည် ၁၂၉
၁၁၇။ ငါနေထိုင်လာနှစ်သုံးဆယ် ၁၃၀
၁၁၈။ စကြဝဠာထဲကနေ့ရက်များ ၁၃၁
၁၁၉။ ဖေဖော်ဝါရီ (၁၀) ၁၃၂
၁၂၀။ ထွန်းညှိထားဆဲဖယောင်းတိုင် ၁၃၃

| | | |
|---|---|---|
| ၁၂၁။ | တနင်္လာနေ့ရဲ့ မေတ္တာသံဝေ | ၁၃၄ |
| ၁၂၂။ | လူ့ပြည်ရောက်တဲ့နေ့ | ၁၃၅ |
| ၁၂၃။ | ၃၆ | ၁၃၆ |
| ၁၂၄။ | ၃၇ | ၁၃၇ |
| ၁၂၅။ | ဟယ်လို...၃၈ | ၁၃၈ |
| ၁၂၆။ | ငြိမ်းချမ်းရေး ၃၉ | ၁၃၉ |
| ၁၂၇။ | လှမ်းမြင်နေရတဲ့ ၄၀ | ၁၄၀ |
| ၁၂၈။ | မွေးနေ့လက်ဆောင် | ၁၄၁ |
| ၁၂၉။ | ၂၀၁၅ ရဲ့ ဖေဖော်ဝါရီဟာ... | ၁၄၂ |
| ၁၃၀။ | မွေးနေ့ | ၁၄၃ |
| ၁၃၁။ | မွေးတဲ့အဖြစ် လေးဆယ့်တစ် | ၁၄၄ |
| ၁၃၂။ | ၂၀၁၇မှာ ဖတ်တဲ့စာအုပ် | ၁၄၅ |
| ၁၃၃။ | ပြာသိုလဆုတ်တစ်ဆယ့်ငါး | ၁၄၆ |

၁၃၄။ ပိန်းကောလေ့ ၁၄၇

၁၃၅။ ပိန်းကောလေ့ (၁) ၁၅၀

၁၃၆။ ပိန်းကောလေ့ (၂) ၁၅၁

၁၃၇။ ပိန်းကောလေ့ (၃) ၁၅၂

၁၃၈။ ပိန်းကောလေ့ (၄) ၁၅၃

၁၃၉။ ပိန်းကောလေ့ (၅) ၁၅၄

၁၄၀။ ပိန်းကောလေ့ (၆) ၁၅၅

၁၄၁။ ပိန်းကောလေ့ (၇) ၁၅၆

၁၄၂။ ပိန်းကောလေ့ (၈) ၁၅၇

၁၄၃။ ပိန်းကောလေ့ (၉) ၁၅၈

၁၄၄။ ပိန်းကောလေ့ (၁၀) ၁၅၉


| | | |
|---|---|---|
| ၁၄၅။ | ပိန်းကောလှေ (၁၁) | ၁၆၀ |
| ၁၄၆။ | ပိန်းကောလှေ (၁၂) | ၁၆၁ |
| ၁၄၇။ | ပိန်းကောလှေ (၁၃) | ၁၆၂ |
| ၁၄၈။ | ပိန်းကောလှေ (၁၄) | ၁၆၃ |
| ၁၄၉။ | ပိန်းကောလှေ (၁၅) | ၁၆၄ |
| ၁၅၀။ | ပိန်းကောလှေ (၁၆) | ၁၆၅ |
| ၁၅၁။ | ပိန်းကောလှေ (၁၇) | ၁၆၆ |
| ၁၅၂။ | ပိန်းကောလှေ (၁၈) | ၁၆၇ |
| ၁၅၃။ | ပိန်းကောလှေ (၁၉) | ၁၇၀ |
| ၁၅၄။ | ပိန်းကောလှေ (၂၀) | ၁၇၁ |
| ၁၅၅။ | ပိန်းကောလှေ (၂၁) | ၁၇၂ |
| ၁၅၆။ | ပိန်းကောလှေ (၂၂) | ၁၇၃ |
| ၁၅၈။ | ပိန်းကောလှေ (၂၃) | ၁၇၄ |
| ၁၅၉။ | ပိန်းကောလှေ (၂၄) | ၁၇၆ |
| ၁၆၀။ | ပိန်းကောလှေ (၂၅) | ၁၇၇ |
| ၁၆၁။ | ပိန်းကောလှေ (တိုက်တေး) | ၁၇၈ |
| ၁၆၂။ | ပိန်းကောလှေ (အတိတ်စိမ်း) | ၁၈၄ |

၁၆၃။ ကျွန်တော်ချစ်တဲ့ဘီလူး ၁၈၅
၁၆၄။ အင်းလေး ၁၈၆
၁၆၅။ လှေငယ်ရှင် ခေပယ်တင်တဲ့အခါ ၁၈၇
၁၆၆။ ဝါကျွတ်ချိန်ခါ အင်းလေးမှာ ၁၈၈
၁၆၇။ အဝေးကသီတင်း ၁၉၀
၁၆၈။ ပွဲတော် ၂၀၀၁ ၁၉၁
၁၆၉။ မီးဖြတ်အဖြောင် ၁၉၂
၁၇၀။ ဆေးခါး ၁၉၃
၁၇၁။ သုံးပတ်ချောင်း ၁၉၄
၁၇၂။ ကတတ် ၁၉၅
၁၇၃။ ရာရူ ၁၉၆
၁၇၄။ ခိုခေါင်း ၁၉၇
၁၇၅။ ပဒုမ္မာ ၁၉၈
၁၇၆။ ရေပေါ်အိမ်လေးသို့အလွမ်း ၁၉၉
၁၇၇။ မင်းတော်တော်ပေတာပဲ ၂၀၀
၁၇၈။ လှေတစ်မူး ပူးတစ်မတ် ၂၀၂
၁၇၉။ ငါးဖိန်း ၂၀၄
၁၈၀။ အင်းလေးရှင်ပြု ၂၀၆

| | | |
|---|---|---|
| ၁၈၁။ | အင်းလေး | ၂၀၇ |
| ၁၈၂။ | မေတ္တာရေကန်သာ (သို့) အင်းလေး | ၂၀၈ |
| ၁၈၃။ | အသွေးအသား ၁၃၅ | ၂၁၀ |
| ၁၈၄။ | ရည်ရွယ်ကဗျာ ငယ်ဆရာ | ၂၁၂ |
| ၁၈၅။ | ဂီတစီးခြင်း | ၂၁၄ |
| ၁၈၆။ | လက်ကတူ | ၂၁၅ |
| ၁၈၇။ | လွမ်းလို့သေသွားတဲ့သစ်ပင် | ၂၁၆ |
| ၁၈၈။ | ကဗျာသမားလှော်တဲ့လှေ | ၂၂၀ |
| ၁၈၉။ | ရွှေရတုကျောင်းတော် | ၂၂၂ |
| ၁၉၀။ | နဂါးမောက်လှေ လှော်သူများ | ၂၂၄ |
| ၁၉၁။ | နောင့်ထပ်ကြိုးမျှင် မြတ်နိုးအင် | ၂၂၆ |
| ၁၉၂။ | ဘော်လီဘောပုတ်သူများ | ၂၃၀ |
| ၁၉၃။ | အင်းအမျိုးသားနေ့အတွေး | ၂၃၁ |

# မောင်ရွှေနွယ်(အင်းလေး)

## အမှတ်တရစာ



အမှတ်တရ..... ၈

# မောင်ရွှေနွယ်(အင်းလေး)

အင်းသားကဗျာဆရာ အယ်ကျော်မြတ်ခိုင်(အင်းလေး) ကို ကျွန်တော် မတွေ့ဖူး၊ မမြင်ဖူးပါ။ ရန်ကုန်နေ သားတော် မောင်မှတစ်ဆင့် သိရခြင်း ဖြစ်ပါသည်။

ကျွန်တော်က ကဗျာစာအုပ်ထုတ်ဝေရန် ကဗျာစာမူကို စုစည်း၍ မူကြမ်းစာအုပ်ချုပ်ပြီး သားတော်မောင်ထံ ပို့လိုက်သည်။ ရန်ကုန်နေ သားတော်မောင်က သူသိသော ရောက်ဖူးသော စာပေတိုက် ပုံနှိပ်တိုက်များသို့ လှည့်လည်၍ ကဗျာစာအုပ် ပုံနှိပ်ရန် စုံစမ်းရင်း ကဗျာဆရာ အယ်ကျော်မြတ်ခိုင် (အင်းလေး) နှင့်တွေ့ပြီး အင်းသားအချင်းချင်း စပ်မိသွားကာ ကျွန်တော့်ကဗျာစာအုပ်ပုံနှိပ်ရေးကို အယ်ကျော်မြတ်ခိုင်အား တာဝန်ယူဆောင်ရွက်ပေးဖို့ အပ်ဖြစ်သွားပါသည်။

ကဗျာဆရာ အယ်ကျော်မြတ်ခိုင်သည် ကျွန်တော် ၁၇ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သော အင်းလေး၊ အင်းပေါခုံ အထက်တန်းကျောင်း ထွက် ဖြစ်ကြောင်းလည်း ပြောပြပါသည်။ အမှတ်တရပင် ဖြစ်ပါသည်။

ကျွန်တော့်စာအုပ် အစအဆုံး စာစီပြီး၍ လိုအပ်သည်များနှင့် အမှားအယွင်း အကျအနများ စိတ်တိုင်းကျ ပြင်ဆင်ဖြည့်စွက်နိုင်ရန် စာအုပ်နမူနာတစ်အုပ် ချုပ်ပြီး ပို့လာပါသည်။ စာအုပ်နှင့်အတူ အယ်ကျော်မြတ်ခိုင် (အင်းလေး)၏ မိတ်ဆက်စာတစ်စောင်လည်း ပါလာပါသည်။ သူ့စာမှာ အင်းပေါခုံကျောင်းမှာ ကျွန်တော်၏ တပည့်တွေဆီက ရခဲ့သည့် ပညာနှင့် ကဗျာစတင် ဝါသနာပါခဲ့ပြီး ကဗျာရေးဖွဲ့ခဲ့တာ ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဝမ်းသာပါသည်။ ပီတိဖြစ်ရပါသည်။ ပန်းပျိုးရကျိုး နပ်ပါသည်။

မကြာမတင်မှာပဲ ကျွန်တော့်စာအုပ် ပြင်ဆင်ပြီးသား နမူနာတစ်အုပ်နှင့်အတူ သူထုတ်မည့် “ပိန်းကောလှေ” ကဗျာများ မူကြမ်းစာအုပ်တစ်အုပ် ပို့ပေးလာပါသည်။ သူ့ကဗျာများကို မျက်ဝါးထင်ထင် မြင်ရပြီ။ ဖတ်ရပြီ။ သဘောကျပါသည်။ နှစ်သက်ပါသည်။ ကြိုက်ပါသည်။ ခေတ်လူငယ်ပီပီ ခေတ်အမြင် ခေတ်အတွေး ခေတ်အယူများကို တွေ့ရသည်။

တစ်နည်းအားဖြင့် မှတ်ချက်ပြုရသော် ကဗျာဆရာ အယ်ကျော်မြတ်ခိုင် (အင်းလေး) သည် ရှေ့မီနောက်မီ ကဗျာဆရာတစ်ဦးဟု ဆိုချင်ပါသည်။ အဘယ်ကြောင့်ဟူမူ သူကဗျာများတွင် ရှေးအစဉ်အလာ ကဗျာများလည်း အဆင့်မြင့်မြင့် ပါဝင်နေသလို ခေတ်ပေါ်ကဗျာများလည်း ထွန်းထွန်းတောက်

တောက် ရပ်တည်နိုင်ပြီဖြစ်သောကြောင့်ပါ။ နောက်ပြီး ထူးခြားချက်တစ်ခုရှိပါသေးသည်။ ကာရန်ကိစ္စပါ။ များသောအားဖြင့် ဖတ်ဖူးသလောက် ခေတ်ပေါ်ကဗျာများတွင် ကာရန်မထည့်ဘဲ ကာရန်မဲ့ ရေးကြသည်က များပါသည်။ (ကောင်းဆိုး မဝေဖန်လိုပါ။) ယခု အယ်ကျော်မြတ်ခိုင် (အင်းလေး) ကတော့ ခေတ်ပေါ်ကဗျာဟန်တွင် ကာရန်များ ထည့်ထားသည်ကို တွေ့ရပါသည်။ ရိုးရိုးကာရန်သာမက နဘေထပ်ကာရန်များကိုပင် တော်တော်များများသုံးပြီး ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ ရှေးအဆိုစကားနှင့် ပြောရပါလျှင် “အရိုးကို အရွက်မဖုံး” စေခြင်းဖြစ်ပါသည်။ တစ်နည်းဆိုရသော် “လမ်းရိုးဟောင်းတွင် လမ်းသစ်ထွင်”ခြင်းဟု ဆိုနိုင်ပါသည်။

လောကနှင့် ပတ်ဝန်းကျင်ကို အတွေးသစ် အမြင်သစ်ဖြင့် ရှုကြည့်သုံးသပ်၍ အရေးသစ် အသွင်သစ်ဖြင့် ပုံဖော်တင်ပြနိုင်စွမ်းရှိသည်။ ချီးကျူးပါသည်။ ဂုဏ်ပြုပါသည်။ သူ၏ “ပိန်းကောလှေ” ကဗျာများသည် အောင်မြင်မည်၊ ပေါက်မြောက်မည်မလွဲဟု မှတ်ချက်ပြုပါသည်။

**မောင်ရွှေနွယ် (အင်းလေး)**

၁၀-၁၀-၂၀၁၇

# လင်းအောင်ပြည့်

## အမှတ်တရအမှာ



# အမှတ်တရ..... အမှာ

## လင်းအောင်ပြည့်

ကိုအယ်သားက သူထုတ်ဝေမည့် ဒီစာအုပ်ကလေးမှာ အမှတ်တရတစ်ခုခုရေးပေးဖို့ ပြောလာတော့ လက်ခံ လိုက်မိသည်။ သို့သော် . . . တကယ်တမ်းချရေးတော့မည် ဆိုသောအခါ ဘယ်ကစလို့ ဘာတွေရေးရမည်မသိတော့။ အနှစ် (၂၀) နီးပါး လက်တွဲလာသော အရင်းအချာမိတ်ဆွေတွေမို့ ရေးပြရလျှင် အမှတ်တရတွေက ကုန်မည်မထင်။ ကဗျာတွေဖတ်ပြီး ဟိုဝေဖန်သည်ဝေဖန်လုပ်ရ အောင်လည်း ကိုယ်တိုင်က သူ့ကဗျာပရိသတ်၊ သူ့ကဗျာအများစုကို မကျက်မှတ်ပါဘဲ အလွတ်ရနေလောက်အောင် စွဲလမ်းခဲ့သူ၊ သူ့ရေးဟန်တွေကို သဘောကျရင်းနဲ့ သူနဲ့ အနုပညာမိတ်ဆွေတွေ ဖြစ်ခွင့်ရခြင်းကို အမြဲလို ဂုဏ်ယူကျေနပ်နေသူတစ်ယောက်မို့ "ကောင်းပါသည်၊ ကြိုက်ပါသည်၊ ကြိုဆိုပါသည်"ဆိုသော မှတ်ချက်မျိုးတွေပဲ ထွက်လာမှာ သေချာလှသည်။

အမှန်တကယ်လည်း ထိုမှတ်ချက်မျိုးနှင့်သာ ထိုက်တန်သည့် ကဗျာဆရာကောင်းတစ်ယောက်ပါပင်။ တကယ့်ကို အနှစ်သာရရှိ၍ အနုပညာရော အတွေးအခေါ်ပါ ဒွန်တွဲနေတတ်သည့် ကဗျာပေါင်းများစွာကို ဖန်တီးခဲ့သူ၊ ဖန်တီးနေသူဖြစ်သည်။ ကာရန်များ နေရာရခဲ့ဖူးသော တစ်ခေတ်တစ်ခါကလည်း သူ့ကဗျာတွေက ကာရန်အစီအရီဖြင့် ညီညီညာညာ လှပခဲ့ဖူးသလို ခေတ်ပေါ်ကဗျာ၊ မော်ဒန်ကဗျာများ ဝေဆာစိမ်းလန်းလာသော သည်နေ့လို ကာလမျိုးတွင်လည်း သူ့ကဗျာတွေက ခေတ်ဆန်ဆန်နှင့် လှပနေတတ်ပြန်ပါသည်။ “အနုပညာသည် ခေတ်ကို ဆန်တက်သည်” ဟူသော စကားကို သူ့ကဗျာများက ထောက်ခံပေးနေသည်ဟု ယုံကြည်မိသည်။

ကျွန်တော် စတင်စွဲလမ်းခဲ့ဖူးသော သူ့ကဗျာများထဲတွင် ပထမဆုံး မှတ်မှတ်ထင်ထင်ရှိခဲ့သည့် ကဗျာလေးက “အချစ်ဦး” ဆိုသည့် ကဗျာလေးဖြစ်သည်။

“အချစ်ဦး”

ဘယ်ဆီရောက်ရောက်၊ မပျောက်မမေ့
မရွေ့မပြောင်း၊ မဟောင်းမပစ်
ချစ်စမပြယ်၊ အတွယ်အတာလေး
ဘယ်ကမ္ဘာဝေးဝေး၊ လွမ်းနေမယ်။ ။

ကိုအယ်သားကဗျာတွေထဲတွင် ဒီကဗျာလေးသည် ကျွန်တော့်အတွက် ဘယ်ကမ္ဘာရောက်ရောက် မမေ့မပျောက်နိုင်သည့် အဦးဆုံး အလွတ်ရနေသည့် ကဗျာလေးတစ်ပုဒ်ပင် ဖြစ်သည်။

နောက်တစ်ပုဒ်က "ကဗျာသမား၊ ပဝါပါးကို၊ ရှာမှရှားအောင်၊ ချစ်ပြမယ်"ဆိုသည့် "ပဝါပါးကောက်ကြောင်း" ကဗျာလေး ဖြစ်သည်။ ကဗျာဆရာတစ်ယောက်၏ အစွဲအလမ်းကြီးပုံ၊ သစ္စာရှိပုံကို ကာရန်လှလှလေးများဖြင့် သီဖွဲ့ထားသော ထိုကဗျာလေးသည်လည်း ကျွန်တော့်အတွက် ဒီနေ့အထိ စွဲစွဲလမ်းလမ်းရှိနေသည့် ကဗျာများထဲမှ ကဗျာတစ်ပုဒ် ပင်ဖြစ်သည်။

"ပူမောချွေးဖြိုက်၊ နွမ်းတဲ့ခိုက်လည်း
သုတ်လိုက်ဖို့ဝေး၊ အမွှေးပျောက်ပျက်
ကွက်ကွက်စွန်းမှာ၊ စိုးလွန်းပါတယ်
ထာဝရမြတ်နိုးနေနိုင်ဖို့"

ဆိုသည့် အရေးအသားတွေ ကာရန်တွေက ကျွန်တော်အပါအဝင် အဲဒီကာလက ကဗျာအတူ ရေးဖော်သူငယ်ချင်းတွေကြားတွင် အတော်ကလေးရေပန်းစားခဲ့သည်။

မော်ဒန်ကဗျာခေတ်ပေါ် ကဗျာတွေ ရေးလာပြန်တော့လည်း သူ့ကဗျာတွေက သူ့အတွေးအခေါ် အား စကားလုံးအားကောင်းကောင်းဖြင့် အသက်ဝင်လို့ နေပြန်ပါသည်။

“အသုံးမဝင်တော့တဲ့ ဦးထုပ်ကို

အမှိုက်ပုံးထဲ ပစ်ထည့်ပြီး

ကိုယ့်ဦးနှောက်ကိုယ် သစ္စာရှိလိုက်တယ်”

ဆိုသည့် ခေတ်ပေါ်ကဗျာ ရေးဟန်တွေသည်လည်း ကျွန်တော့်ကို မော်ဒန်ကဗျာတွေရေးချင်လာအောင် တွန်းအား ပေးခဲ့သည်။ သူ့ကဗျာတွေရဲ့ စေ့ဆော်မှုနဲ့ အဲဒီကာလမှာ သူနဲ့အတူ အပြာနုရောင်ကူးတို့ တစ်စင်းပေါ်အတူတူ ဖြတ် ကျော်ကူးခပ်ရင်း ကဗျာမြစ်ကျဉ်းလေးထဲ ဆင်းကြဖို့ကြိုးစား ခဲ့ကြဖူးသည်။ ချစ်သူများရဲ့ ဖေဖော်ဝါရီ နေ့ရက်များကိုလည်း အလယ်တည့်တည့်ကနေ အတူတူ လွမ်းခဲ့ကြဖူးသည်။ သနပ်ခါး မစွဲခဲ့သည့် တနင်္လာနေ့များ မှာလည်း သူနဲ့အတူတူလိုက်ပါ စွဲလမ်းခဲ့ကြဖူးသည်။ တနင်္ဂနွေလို အားလပ်ရက်တွေမှာလည်း ကျွန်တော်တို့တွေ “တနင်္ဂနွေ လိုက်ဖ်ရှိုး”လို ကဗျာတွေရေးရင်း အပန်းတွေဖြေခဲ့ကြဖူးသည်။

အခု ပိန်းကောလှေကဗျာတွေထဲမှာ အဲဒီတုန်းကကဗျာ တွေ အတော်များများတွေ့ရသလို တချို့လည်း ပါမလာတော့ တာ တွေ့ရသည်။ နောက်ထပ်ကဗျာအသစ်တွေကိုလည်း ပိန်းကောလှေပေါ်မှာ တင်ဆောင်လာတာတွေ့ရလို ကျေနပ်နေ မိသည်။

ပိန်းကောလှေ ကဗျာများ စာအုပ်တွင် အခန်းစဉ် လေးခန်းတွေ့ရသည်။ ပထမအခန်းက ကျွန်တော်တို့တွေ အတူရေးခဲ့စဉ်က ကဗျာပုံစံမျိုးကို နှစ်အလိုက် စီစဉ်ဖော်ပြထား ပြီး ဒုတိယအခန်းကတော့ ကိုအယ်သားက သူ့မွေးနေ့

(မြန်မာသက္ကရာဇ်- ခရစ်နှစ်) များတွင် ရေးဖွဲ့ခဲ့သော မွေးနေ့ကဗျာများကို ဖော်ပြထားသည်။ တတိယအခန်းကတော့ ပိန်းကောလှေ ကဗျာများဖြစ်သည်။ အင်းလေး တိုက်တေး အရေးအဖွဲ့များကို ပိန်းကောလှေတွင် ဖတ်ရှုနိုင်သည်။ စတုတ္ထအခန်းမှာ အင်းလေးဒေသဖွဲ့ ကဗျာများဖြစ်ပြီး အင်းလေးဒေသ၏ ရေမြေတောတောင်သဘာဝနှင့် အင်းသားတို့၏ စိတ်နေစိတ်ထားကို ပေါ်လွင်စေသည်ဟု ထင်မိသည်။ ပိန်းကောလှေနှင့် အင်းလေးဒေသဖွဲ့ ကဗျာများတွင် အင်းသားစကား အသုံးအနှုန်းများနှင့်ဒေသသံ၊ ဒေသဟန်များကို ဂရုတစိုက် ထည့်သွင်းရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ထိုစကားအသုံးအနှုန်းများကို စကားလုံးအဓိပ္ပာယ် ဖော်ပြထားခြင်းမရှိသော်လည်း သူ့ကဗျာကို ဖတ်နေရင်းက အလိုလို သဘောပေါက်သွားသလို ခံစားလာရသည်။ ပိန်းကောလှေက သူ့မွေးရပ်ဌာနေ အင်းလေးကို ကိုယ်စားပြုသည်ဆိုသော်လည်း ဒီကဗျာတွေထဲမှာ အားလုံးနှင့် သက်ဆိုင်သည့် ဓမ္မအငွေ့အသက်တွေကိုလည်း ခံစားရှုရှိုက်မိသည်။

"ပိန်းတွေ
ကောမှ
လှေလှော်ကြ "

ဆိုသည့်သုံးကြောင်းကဗျာလေးတွင် အင်းလေးကန်ထဲရှိပိန်းပင်တွေ ပိန်းပိတ်နေသည့်မြင်ကွင်းနှင့် အဲဒီပိန်းပင်တွေ တိမ်ကောသွားချိန်မှာ လိုရာလမ်းခရီးကို ချောမောစွာလှော်ခတ်သွားနိုင်သော လှေငယ်လေးတစ်စင်း၏ မြင်ကွင်းကို ဆင့်ကာဆင့်ကာမြင်ယောင်လာမိသလို အဝိဇ္ဇာတွေ ပိန်းပိတ်နေသော

လူသားတစ်ဦးအတွက် မဂ္ဂင်လှေငယ်ကလေး တစ်စင်း ခရီး မတွင်ပုံကိုလည်း ကဗျာဆရာကနိမိတ်ပုံယူကာ တင်ပြထား သလိုခံစားမိခဲ့သည်။

သူ့ကဗျာတွေ အကြောင်းဆက်ပြောရမည်ဆိုလျှင် တကယ့်ကို စာတစ်တန် ပေတစ်ဖွဲ့ ရေးလို့ကိုမဆုံးနိုင်အောင် ပင်။ ထို့အတူ . .


သူနှင့် ကျွန်တော်အပါဝင် တစ်ခေတ်တစ်ခါက အနု ပညာအပေါ် အတူဖြတ်သန်းပျော်ဝင်ခဲ့ကြသော ကဗျာအပေါင်း အသင်းများအကြောင်းကလည်း ရေးမည်ဆိုလျှင် တခမ်းတနား နှင့် လွမ်းလို့ဆုံးနိုင်မည်မဟုတ်တော့။ ရှစ်ပေပတ်လည် အခန်း ကျဉ်းလေးထဲတွင် ဖက်လုံးတစ်လုံးကို ခေါင်းအုံးလုပ်ကာ အတူတူ ဖြတ်သန်းခဲ့သော ညများ၊ ထမင်းဇလုံ တစ်လုံးထဲသို့ လက် ပေါင်းစုံဝိုင်းနှိုက်ကာ အတူတူစားသောက်ခဲ့ကြသော ညနေစာ များက လွမ်းလို့မကုန်နိုင်လောက်အောင် လွမ်းစရာကောင်း နေခဲ့သည်။ အခုဆို အဲဒီတုန်းက သူငယ်ချင်းတွေက တစ် ယောက်တစ်နေရာစီမှာ တစ်ယောက်တစ်ဘဝစီ၊ တချို့က စာပေနယ်မှာအောင်မြင်လို့၊ တချို့က စီးပွားရေးနယ်ပယ်မှာ အောင်မြင်လို့၊ တချို့လည်း ဒီလောကကြီးထဲက ထွက်ခွာသွားတဲ့ သူက သွားလို့၊ အတူကျန်ခဲ့သည်က ကျွန်တော်တို့ နှစ်ဦးသာ. . ။

ကိုအယ်သားကဗျာတွေနှင့်အတူ
အတိတ်နေ့ရက်တို့အား အမှတ်ရလျက်

လင်းအောင်ပြည့်

# ကိုစိမ်း

## အင်းလေးအိုင်ထဲက ဆယ်လ်မွန်ငါး



## အင်းလေးအိုင်ထဲက
## ဆယ်လ်မွန်ငါး

**ကိုစိမ်း**

မြန်မာပြည်ရဲ့ ရင်အုံခွက်ခွက်
ချောက်နက်နက်ထဲက သဘာဝရေပြင်မှာ
ငါတို့ချစ်တဲ့ ဆယ်လ်မွန်ငါး ၁ ကောင်ဟာ
ကုန်းစီးကြောင်းအတိုင်းစုန်ဆင်း
ဒဂုံမှာတေးကူးရင်း
ရန်ကုန်မြေကို သူ့ပါးဟက်တွေနဲ့ထွန်ယက်ခဲ့တယ်. . .

သူ့အမြီး တစ်ချက်အယမ်းမှာ
ရှိုးသားတဲ့ လူ့ဘဝဟာ ပန်းလို့ပွင့်တယ်
ကြည်လင်တဲ့ သူ့ရဲ့ စက္ခုနဲ့ သိမ္မနယ်ပယ်ဟာ
အပြာရောင် မိုးသားကောင်းကင်လို. . .

ဒီငါးဟာ သူ့နိုင်ငံတော်ကိုချစ်တယ်
လူသားသမိုင်းကိုချစ်တယ်
အင်းသားယဉ်ကျေးမှုကို ပိုးမွေးသလိုယုယတယ်
မျိုးဆက်နဲ့ မိတ်ဆွေတွေကို ထိုနည်းနှင်နှင်. . .

ခေတ်နဲ့ အနုပညာကြားမှာ
ရိုးသားစွာ အာဟာရကိုမှီဝဲတယ်
ဓမ္မနဲ့ အဓမ္မလွန်ဆွဲပွဲမှာ
ဓမ္မဘက်က အမြဲပဲ လက်ဖျံရိုးကောင်းခဲ့သူ
'ရန်' 'ငါ' စည်းကိုပြတ်ခဲ့တယ်. . .


သူချစ်တဲ့ဂီတနဲ့ သူချစ်တဲ့အနုပညာလွင်ပြင်မှာ
ရေနည်းနည်းလည်း ကူးဖြတ်ရဲတဲ့ငါး
မျိုးဆက်ရှိရာ မိုင်ထောင်ချီခရီးမှာ
သက်လုံကောင်းကောင်း
သက်စွန့်ပြန်ကူးခတ်နေလေရဲ့. . .

ပရိစ္ဆေဒတွေရှည်ကြာ
ပြက္ခဒိန်တွေ ၁ ချပ်ပြီး ၁ ချပ်ခွာချလိုက်တဲ့အခါ
သူဟာ. . .
သူချစ်တဲ့ ပိန်းကောလှေကို ခြေဆန့်လှော်ခတ်ရင်း
အင်းလေးမှသည် မြန်မာပြည်တစ်နံတစ်လျားဆီသို့
ရေလွှာပျံ့ခင်း ငြိမ့်သက်စီးဆင်း
ထိုးခွင်းဖြတ်သန်းနေဆဲ. . .

ကိုစိမ်း
၂၆ - ၁ - ၂၀၁၈။

# လင်းထိပ်သျှင်

## ပိန်းကောလှေငယ်ရှင်သို့
## ကဗျာသဝဏ်လွှာပေးပို့ခြင်း



## ပိန်းကောလှေငယ်ရှင်သို့
# ကဗျာသဝဏ်လွှာပေးပို့ခြင်း

လင်းထိပ်သျှင်

နာမည်တစ်ခုအတွက်
ရှင်သန်မှု ဖြူစင်သန့်ကြောင်း
လှေဦးထိပ်မှာ အက္ခရာထွင်းထားရဲ့။

ဇာတိရနံ့တွေ ထူထူထဲထဲ
ရိုးသားမှုများ ရုပ်လုံးကြွနေတယ်။

ဘဝတစ်ခုအတွက်
အသေအချာ မေတ္တာခြုံ လုံစေကြောင်း
လှော်တက်ကိုင် လက်တစ်စုံ ခြေအစုံ
ဓမ္မအသိတရားများ လောကအသိတရားများ
တစ်လှေလုံးအပြည့် စိတ်စီးချင်းထိုးသံ
အင်းလေးကန်ရေပွက်သံအလား
လူသားပီသမှုလင်းကျင်းထင်းနေတယ်။

ရှင်ခြင်းတန်ဖိုးများ  သေခြင်းတန်ဖိုးများ
သေချာစွာထုပ်ပိုးတင်ဆောင်ထားတဲ့
ဒီ ပိန်းကောလှေ. . .

သဘာဝတရား နိယာမသဘော
သင်္ခါရ အနိစ္စ နတ္တတရား
ဗုဒ္ဓဓမ္မအနှစ်သာရပိုးချုပ်ထားတဲ့
ကိုယ်ပိုင်စိတ်ကူးအတွေး
ကိုယ်ပိုင်အသိအမြင်
လှေရုပ်သွင်ဆေးသားရောင်လင်းကျင်း
လောကဝန်းကျင်တစ်ခုလုံး
စိတ်အလင်းကူးပေးတဲ့
ဒီပိန်းကောလှေ. . .

သူရှိနေခြင်းက
သူမရှိနေခြင်းဖြစ်တာထက်
သူမရှိတော့ခြင်းက
သူမရှိနေခြင်းလှစ်ပြနိုင်ဖို့အတွက်
စကားလုံး  ဘာသာဗေဒအနှစ်သာရ
အလင်္ကာတန်ဆာဆင်ယင်ရသထုံးဖွဲ့မှု
အနုပညာအလှတရားနဲ့
ကဗျာလှေ ပုံချိုးထားတဲ့
ဒီ ပိန်းကောလှေ. . .

လူသားဘဝ  လူသားဆန်ပြနိုင်မှု
ဗျိုးဟစ်ကြွေးနိုင်ခဲ့ပေါ့

မိသားစုဘဝ
လောကအနှစ်သာရဖွင့်ဆိုပြနိုင်မှု
ဗျိုးဟစ်ကြွေးနိုင်ခဲ့ပေါ့

ကဗျာဆရာစစ်စစ်ရုပ်ပုံလွှာ
အနုပညာပုံဆောင်ခဲထုဆစ်ပြနိုင်မှု
ဗျိုးဟစ်ကြွေးနိုင်ခဲ့ပေါ့

ဟောဒီ
ငါတို့ခေတ်  အနုပညာခရီးဖော်
ကဗျာညီသစ်ဆင်း
စိတ်ပြတင်းတံခါးဖွင့်
ကမ္ဘာမြေအဆင်းလင်းကျင်းစေရာ
ဒီပိန်းကောလှေစီး
ဘဝအနိုင်ပိုင်းပြသွားပုံကတော့
ငါတို့ဂုဏ်ယူမဆုံးဖြစ်ရသလို
မနာလိုစရာ
အနုပညာမှော်ထူထူထဲထဲ
ကဗျာတွေဖြစ်နေတယ်။


သို့ဖြစ်ပါသောကြောင့်
ကောင်းခြင်းမင်္ဂလာပြည့်စုံစွာဖြင့်
နိုးထရှင်သန်နေမည့် နံနက်ခင်းများထဲ
သာယာလှပငြိမ်းချမ်းသော
ကမ္ဘာမြေကြီးဖြစ်တည်ရှိစေလိုသည့်
ထာဝရရှင်သန်ခြင်းအနုပညာသန္ဓေ
ပိန်းကောလေ့ဖြစ်နေပါကြောင်း
ပိန်းကောလေ့ရှင်သို့
ကဗျာသဝဏ်လွှာပေးပို့လိုက်ပါတယ်။

လင်းထိပ်သျှင်
ဇန်နဝါရီ ၁၇၊ ၂၀၁၈ ခုနှစ်။
နေ့လည် ၁၂ နာရီ

အယ်ကျော်မြတ်ခိုင် [အင်းလေး]

# ပိန်းကောလှေ

ကဗျာများ





## အဖေ

တို့ငယ်ငယ်က
မိသားစုထမင်းဝိုင်းလေးမှာ
တစ်ခါတစ်ရံရက်များ
ဝက်သားဟင်းလေးများပါပြီဆိုရင်
အဖေက အဆီဖတ် သိပ်ကြိုက်တယ်။

အခုကြည့်
တို့မိသားစုထမင်းပွဲ
အဖေကြိုက်ခဲ့တဲ့ အဆီဖတ်တွေဟာ
ကိုယ့်ပန်းကန်ထဲမှာ ရှိလို့။ ။

၂၀၁၃

## မင်္ဂလာရှိတဲ့နေ့

အမေ
မေရှမြင်းမိုရ် ဗဟိုမေတ္တာ
သားသမီးဆိုတဲ့
မျက်စိသူငယ်နားသူငယ် ရတနာများအတွက်
ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်များအတွက်
အနှစ်သာရ သတ္တိစွမ်းပကားနဲ့
အမေ
ဒီနေ့ဟာ အမေရဲ့ နေ့။

ပုခက်ထဲမှာ
အသက်အသည်းတွေ ပါတယ်။

မာတာပိတု ဥပဋ္ဌာနံ
ထီးဆိုင်က မနက်တိုင်းဖွင့်တဲ့တရားသံ
ကြားနာခံယူခဲ့ပါရဲ့
ကောင်းလင့်တည်း ကောင်းလင့်တည်း။ ။

(ပြာသိုလပြည့်နေ့)၊ ၂၀၁၂

## မင်္ဂလာပြည့်တဲ့နေ့

အဖေ့ ပခုံးပေါ်က ထမ်းပိုး
သားတို့အတွက် လမ်းရိုးပါပဲ အဖေ...

ဗိမ္ဗိသာရမင်းရဲ့ခြေဖဝါး
သားတို့နလုံးသားရဲ့ ဦးခိုက်ရာပဲပေ့ါ...

တို့မြတ်စွာ
ကပိလဝတ်ဆီသို့ ခြေဦးခရီး
"သား" အတွက် "ဖခင်" ရဲ့ မေတ္တာ
"ဖခင်" အတွက် "သား" ရဲ့ သစ္စာ
အပြန်အလှန် ပြသနိုင်ဖို့
ပြည်တော်ဝင် ပြန်ခဲ့တယ်။

အဖေ
ဒီနေရာကို ရောက်တော့မှပဲ
အပြည့်အဝခံစားတတ်မယ့် သညာ
အမေ့သေတ္တာထဲထည့်လို့ လျှံကျလာသမျှလေး
"အဖေနေ့" လို့ ပေးခဲ့မယ်။ ။

(တပေါင်းလပြည့်နေ့)၊ ၂၀၁၂

**အမေ**

သူလိုကိုယ်လို မိန်းမသားဆိုပေမယ့်
မြင်းမိုရ်တောင်ထိပ်ဖျားမှာ
ခြေဖဝါးချနိုင်သူ။

၂၀၁၃

**အဖေ**

အဖေ့ကို
အမေ့လောက်ချစ်ရဲ့လား။

ကိုယ့်မှာ
အသက်ကြီးလာလေ
အဖေ့လို ဖြစ်လာလေ။

သားရေ
ချစ်ခြင်းတရားဆိုတာ
ကျောဘက်မှာထားပေမယ့်လည်း
စွမ်းအားတော့ လျော့မသွားလေဘူး။

အဖေဟာ
သားအတွက်
အမိန့်မပေးလေတဲ့ ဘ၀ဗျူဟာမှူး။ ။

၂၀၁၆

# အားထားစရာ သားဖွားဆရာမကြီး အမေ

ရပ်ထဲရွာထဲကခေါ်ရင် လက်သည်မတဲ့
မြို့ကလူတွေလာရင်တော့ ဝမ်းဆွဲတဲ့
လွမ်းလည်း လွမ်းစရာကောင်းတယ် အမေ။

ဆန်တစ်ပြည် ငွေငါးမတ်နဲ့
မီးကပ်ပေါ်က မိခင်နဲ့ကလေးအတွက်
ဘယ်တုန်းကမှ မပျက်ကွက်တဲ့ အမေ။

အင်္ဂလိမာလသုတ်တော်
နံနွင်းမှုန့်နဲ့ သရော်ကင်ပွန်း ဆိုတာ
အမေ့အတွက်
အထူးထုတ်ဖော်ထားတဲ့ ဆေးစွမ်းကောင်းတွေပါပဲ။

ဆေးရုံနဲ့ ဆရာဝန်များဆီကို
အနာလွန်မှ သွားချင်တတ်တဲ့ ဒေသမှာ
သာမန် ခေါင်းကိုက် ဖျားနာ
အမေ့ရဲ့ ပဋိဇီဝဆေးအချို့ဟာ
ဆရာမောင်ဆေးနီမှုန့်နဲ့ အပြိုင်နေရာယူခဲ့တာပေါ့။

တကယ်တော့ အမေဟာ
သားကိုမွေးခဲ့သလို သားများစွာမွေးပေးခဲ့
သမီးကိုမွေးခဲ့သလို သမီးများစွာမွေးပေးခဲ့
အနာဂတ်ရဲ့ တံခါးဖွင့်ပေးခဲ့သူ
တိုင်းပြည်ရဲ့ နယ်စောင့်တပ်နဲ့အတူတူပေါ့။ ။

၂၀၀၀

## အခြေအနေ အမေအဝေး

အခြေအနေဆိုတာကို လက်ညှိုးထိုးပြီး
အမေ့အမိုးအောက်က ခိုးထွက်ခွာခဲ့တဲ့
သားဆိုးတစ်ယောက်ပါ အမေ...
ဘဝရှေ့ရေးဆိုတဲ့ ကိစ္စတစ်ခုအတွက်နဲ့
နောက်မှာ စိတ်မချဘဲ ကျန်ခဲ့တဲ့ အမေ့မျက်ရည်ကို
တစ်စက်တလေလေးမှ လှည့်သုတ်ဖော်မရတဲ့ကောင်
ဘယ်လိုအောင်မြင်မှုမျိုးနဲ့မှ
အသက်ဝအောင် ရှူခွင့်ရမလဲ အမေရယ်။
အမေ့အိမ်ဟာ
မသိလို့ ထွက်လာတုန်းက လွယ်ခဲ့သလောက်
အသိတရားနဲ့ ပြန်ဝင်မယ်ဆိုတော့... ခက်တယ်။
"သားကိုလွမ်းတိုင်း
ကောင်းကင်ကြီးကို အမေမော့ကြည့်တယ်
လသာတာတွေ့ရင်
အမေဖြေသာတယ် သား"
အမေဟာ ကဗျာဆရာမဟုတ်
အမေဟာ ကဗျာဖြစ်ပါတယ်။
အမေ့ကို သားလွမ်းတယ် အမေ
အမေဖွဲ့သီချင်း အမေဖွဲ့ကဗျာ
သားကို ကိုယ်စားမပြုနိုင်တော့ပါဘူး အမေရယ်။
အမေ့ဆီ သားပြန်ချင်တယ်
ယာဉ်များက တင်မသွားနိုင်အောင်လေးလံနေလို့
အရင်က လက်ညှိုးထိုးခဲ့တဲ့ အခြေအနေမှာပဲ
ခြေကျွံနေပါပေါ့ အမေရယ်။ ။

၂၀၀၂

# ပျိုးခင်းထဲကသီချင်းသံ

စန္ဒရားခလုတ်လေးပေါ်မှာ
နုတ်ရေးတေးသီ
သားတို့ဟာ
လောကကြီးကို စီကုံးတတ်ပြီပဲ။

သားတို့ရဲ့သီချင်း
လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း တည်ပါစေ။

မျိုးစေ့ဆိုတာ
ရေဓာတ်လိုအပ်သလို အပူဓာတ်ရရှိမှလည်း
အပင်ပေါက်နိုင်တာပါပဲ။

မေတ္တာတရားတွေရှိတယ်
ပဋိပက္ခတွေရှိတယ်
အနုပညာသမားရဲ့ရင်ဘတ်ဟာ
ခံယူတတ်မှ အမြတ်ဆုံးပေါ့။

သားတို့ရေ...
ကမ္ဘာမြေဟာ ကြာလေပူလေပဲတဲ့
သောက်မယ့်ရေကို ခပ်ခဲ့ပါ
သွန်မယ့်ရေကို မသယ်ခဲ့ပါနဲ့။ ။

၂၀၁၆

# မိသားစုရဲ့ မိသားစု

အဖေက လှေကိုလှော်တော့
အမေက ပဲ့ကိုင်ရှင်
ကိုယ်တို့မောင်နှမတွေ
လောကရေပြင်မှာ
တစ်လှေထဲအတူစီး
ခရီးတစ်ခု တွင်ခဲ့တယ်။

သူ့အမေရေ
ကိုယ်က တာဝေးအပြေးသမားတစ်ယောက်
ခြေလှမ်းတွေလည်း
မြန်ဖို့ထက် မှန်ဖို့လောက်သာလိုတာပါပဲ
မျဉ်းဖြူလေးတွေသာ ထင်အောင်ဆွဲစမ်းပါ
လမ်းစဉ်အရ
သားတွေဟာ
ပန်းဝင်လှမယ့်သူတွေပေါ့ကွယ်။ ။

၂၀၁၇

## အချစ်ဦး

ဘယ်ဆီရောက်ရောက်
မပျောက် မမေ့
မရွှေ့ မပြောင်း
မဟောင်း မပစ်
ချစ်စမပြယ်
အတွယ်တာလေး
ဘယ်ကမ္ဘာဝေးဝေး... လွမ်းနေမယ်။

၁၉၉၄

## သူမရှိတဲ့ တနင်္ဂနွေ

ခြောက်သွေ့တိတ်ဆိတ်
စိတ်မှာအလွမ်း
မျက်ဝန်းမှာနွေ...

အပူပင်ဖက်
ကျူရှင်ရက်ကို
လွမ်းချက်မပြေ
နွမ်းလျက်ကြွေ။ ။

၂၀၀၀

## ပဝါပါးကောက်ကြောင်း

သင်းမွှေးယဉ်သန့် နည့်ပိုးသား
ပဝါပါးလေး ကိုယ်စားပေးပြီး
အဝေးထွက်ပြေးသွားပြီမို့…

ပူမောချွေးဖြိုက် နွမ်းတဲ့ခိုက်လည်း
သုတ်လိုက်ဖို့ဝေး အမွှေးပျောက်ပျက်
ကွက်ကွက်စွန်းမှာ စိုးလွန်းပါတယ်
ထာဝရ မြတ်နိုးနေနိုင်ဖို့။

လွမ်းတာရှည်မျော သံယောဇဉ်စိတ်
ရောင်ကြဉ်ပိတ်ခက် သက်သက်အပူ
ရှာယူသလို အက်ပြိုပျက်ကျ
ဆက်မရတဲ့ ချစ်စကုန်ဆုံး
ကိုယ်သာ အရှုံးခံခဲ့တယ်။

ခွဲထွက်ရန်းကန် မုန်းဖို့တန်လည်း
လက်ကျန်အချစ် မဖျက်ပစ်ဘူး…
အသစ်ပဝါ မကိုင်ပါဘူး…
ကဗျာသမား ပဝါပါးကို
ရှာမှရှားအောင်ချစ်ပြမယ်။ ။

၁၉၉၇

# ကျေးစလွှီအိပ်မက်များ

အတိတ်ဖတ်တုန်းကတော့
စိတ်ဓာတ်က အမြင့်ဆုံးမှာပဲ၊
ရေမှာရေးတဲ့စာချိုးက
သစ်ပင်ပေါ်အထိ တိုးထွက်တယ်။

အိပ်မက်ကောင်း… သက်ပြောင်းကိုယ်စားလှယ်၊
ပိုတာဖယ် လိုတာမှတ်
ထိုးတတ်ရင်… ပိုးဟပ်တောင်မလွဲဘူး။

လွှမ်းအောင်ဖော်တတ်တော့
ထွန်းအောင်ကျော်နတ်ပေ့ါလေ…
သုံးဆယ့်ခြောက်ကောင်မှာ
ရမ်းပစ်တောင် တစ်ကောင်တော့မှန်မှာပဲ။

ဘဝဆိုတာ
စိတ်ကူးလည်းယဉ်တတ်မှ
အိပ်မက်လည်းမက်တတ်မှ
ပုံရိပ်က ကြွတက်လာတယ်ဆိုကြပေ့ါ။

နောက်ဆုံးတော့
ရိုးသားပုံ စတိုင်လေးနဲ့
ထိုးသားလည်းကုန် ဒိုင်လည်းပြေး
အကြွေးဒဏ်အလီလီနဲ့ စိတ်ပျက်ဖွယ်
ကျေးစလွှီရဲ့ အိပ်မက်နယ်။

၁၉၉၈

## ဂီတနဲ့တေးကူးသမား

အလွမ်းတေးသံ အလုံးအရင်းသွန်းချနေပြီပဲ
မေ့မရဘူးဆိုတာလေးတစ်ခွန်းအတွက်နဲ့
တစ်ရေးနိုးပြီဆိုရင်
မြန်မာလို ထထချဲ့တတ်တဲ့ ပီယာနိုသံဟာ
မျက်စိလနဲ့ရောဂါတစ်ပုဒ်မှာ အံကိုက်ကျနေခဲ့။

ကျွန်တော်ကလည်းကျွန်တော်
ဒိုရေမီဖာ၊ နိုင်ငံတကာသုံး ဂီတသင်္ကေတ
အဲဒီ ကြားဖူးနားဝ တစ်သီတစ်တန်းကို
မမီမကမ်းနဲ့ တီးကွက်လိုက်လိုက်စမ်းနေတော့
ခလုတ်သံက ကြမ်းလိုက်တာ။

ဒါ မထူးဆန်းဘူး
တေးကူးသမားတစ်ယောက်အတွက်
ကိုယ့်ကို ကိုယ်စားမပြုနိုင်တဲ့စာသားတွေသာ
အခါခါကြားမိလျက်သားဖြစ်နေတော့လည်း
ကိုယ့်နားရဲ့ အစွမ်းအစနဲ့
ကိုယ့်အငမ်းမရ မွတ်သိပ်သံစဉ်မျိုးကို
အခုလို အပေါင်ဆိုင်တစ်ခုမှာ အပ်နှံထားလိုက်ရ။

တစ်ခါတစ်ရံ
ဘဝနဲ့အသက်ဟာ ကာရာအိုကေလိုလိုင်းကွဲ
ငွေနဲ့အချစ်ကလည်း အဆိုတစ်ဖက် အတီးတစ်ခြား
လေဆာဓာတ်ပြားကို ပြောင်းပြန်ဖွင့်လိုဖွင့်
ဒီ တစ်ခြမ်းပွင့်မှုတွေထဲက
အသံပိတ်ဘက်မှာ ဝင်ဝင်ရပ်နေမိသူလေ။

ဂီတသံတွေ ကျပ်ခိုးစွဲခဲ့ပြီလား
ဒီလောက်လွမ်းစရာကောင်းတဲ့ သီချင်းမျိုးကိုမှ
ကူးခိုင်းရက်ကြတယ်...
နားထောင်ခိုင်းရက်ကြတယ်...
ကျွန်တော်ကလည်း ကျွန်တော်
စက်တစ်လုံးလို လိုက်လိုက်အော်မိတယ်။ ။

၁၉၉၈

# နီးလုလုမျက်မှန်တစ်လက်စာအကွာအဝေး

နောင်တဆိုတာ မစားထိုက်တဲ့သစ်သီးပဲ
အပြစ်ကြီးလုပ်မိသလိုမျိုး ရင်နာနာနဲ့
ကိုယ့်ဘာသာ ဆူပူထိုးကြိတ်နေမိ
လွယ်အိတ်ထဲ သောကရောက်လာတဲ့အထိလေ
အသိတရား နောက်ပြန်လည်သွားတာထင်ရဲ့။

ကျွန်တော်က... ပန်းပွင့်လေးကို ငေးကြည့်တတ်တယ်
မျက်မှန်နဲ့ကောင်မလေးက အမှတ်တမဲ့
ထင်ကျန်မွှေးမြတဲ့ ရနံ့ဖြစ်နေခဲ့တာ
တစ်ခါမှ ထင်မြင်ချက်တွေ မထုတ်လုပ်ခဲ့ဖူးဘူး။

ကျွန်တော်က... ကမ်းစပ်လေးမှာ သွားထိုင်နေတတ်တယ်
မျက်မှန်နဲ့ကောင်မလေးက တိတ်တဆိတ်
ပင်လယ်လေညင်းအဖြစ် လတ်ဆတ်အေးမြနေခဲ့တာ
တစ်ကြိမ်မှ အတွေးအခေါ်ထဲ မထိတွေ့ဖူးဘူး။

ကျွန်တော်က... သံပုရာသီးဖျော်ရည်ကြိုက်တယ်
မျက်မှန်နဲ့ကောင်မလေးက မထင်မရှား
ချိုမြပျော်ဝင်နေတဲ့ သကြားခဲလေးဖြစ်နေခဲ့တာ
တစ်ချက်မှ အရသာထဲ မစူးစမ်းခဲ့ဖူးဘူး။

ကျွန်တော်က… ညဆို လမင်းကြီးကို လိုက်ရှာတတ်တယ်။
မျက်မှန်နဲ့ကောင်မလေးက အထူးတဆန်း
ဖန်မီးအိမ်လေးနဲ့ လမ်းပြတတ်သူဖြစ်နေခဲ့တာ
တစ်ခေါက်မှ စိတ်ကူးတွေထဲ မလည်ပတ်ခဲ့ဖူးဘူး။

ကျွန်တော်က… အပတ်စဉ် ရုပ်ရှင်ကြည့်တတ်တယ်
မျက်မှန်နဲ့ကောင်မလေးက ပီပီပြင်ပြင်
မင်းသမီးအသွင်နဲ့ ညှို့ယူပိုက်ခြုံထားခဲ့တာ
တစ်ရက်မှ အာရုံထဲ မဖွေရှာခဲ့ဖူးဘူး။

ကျွန်တော်က… ဆေးလိပ်ကို အပြင်းပြေသောက်တတ်တယ်
မျက်မှန်နဲ့ကောင်မလေးက မသိတသိ
ညှို့ယူရှိုက်မက်ရဖို့ မီးခြစ်လေးအဖြစ် ရှိနေခဲ့တာ
တစ်ရှိုက်မှ နှုတ်ခမ်းတွေထဲ မတို့ထိဖူးဘူး။

ကျွန်တော်က… ဂီတာကို မတောက်တခေါက် တီးတတ်တယ်
မျက်မှန်နဲ့ကောင်မလေးက ညှင်းညှင်းသွဲ့သွဲ့
ကြိုးကလေးနဲ့ သံစဉ်တွေပေးစွမ်းနေခဲ့တာ
တစ်ပိုဒ်မှ သီချင်းတွေထဲ ထည့်မဆိုခဲ့ဖူးဘူး။

ကျွန်တော်က… နေခြည်နုနုလေးကို ကြိုဆိုတတ်တယ်
မျက်မှန်နဲ့ကောင်မလေးက ရှင်းရှင်းလင်းလင်း
မိုးသောက်ခင်းလေးကို သယ်ဆောင်ပေးခဲ့တာ
တစ်နေ့မှ အလင်းတန်းတွေထဲ နှုတ်မဆက်ခဲ့ဖူးဘူး။

အမှန်တော့ ဖြောင့်စင်းနေတဲ့လမ်းကို
ကျွန်တော်က စမ်းတဝါးနဲ့ လျှောက်နေမိခဲ့တာကိုး…
ကောင်မလေးရဲ့ ရင်ခန်းထဲရောက်ဖို့
ကွေ့ရှည်ကောက်လည်ခဲ့ရတာတွေဟာ
မျက်မှန်တစ်လက် ဝယ်မထားတတ်တဲ့ အပြစ်ပါ။

တကယ်တမ်းပြောရရင်
ကောင်မလေးရဲ့မျက်မှန်ကို ခဏငှားသင့်တယ်
အလင်းယိုင် မှန်နံရံတွေကိုလည်း
ချောမွေ့ညီညာအောင် ခုတ်ထွင်သင့်တယ်။

ကျွန်တော်က စိတ်ကူးတွေ ချိုသင်းရွှန်းလက်နေချိန်မှာ
မျက်မှန်နဲ့ကောင်မလေးက စိတ်ပျက်လက်ပျက်
မနက်ဖြန်ရဲ့တစ်ဝက်ကို နှိုက်ယူဘောင်သွင်းပြီး
ပူပန်လိုက်ဆူမှုကို မြည်းစမ်းရုံပြန်ပေးခဲ့တာ
မျက်မှန်တစ်လက်စာ အကွာအဝေးလောက်နဲ့
ကျွန်တော်ဟာ…
အနီးမှုန်တစ်ယောက် ဖြစ်နေခဲ့တယ်လေ။ ။

၁၉၉၉

## ယုဇန နဲ့ တစ်ယူဇနာ

အက်ပြတ်ရွှံ့ကွဲဖူးတဲ့ ရင်စိုင်ကြီးအတွင်းမှာ
နေသားတကျ အနည်ထိုင်တည်ဆောက်ရင်း
ရင့်မာရပ်ကြွင်း မဖြစ်ခင်တစ်နာရီအလို။

ငါ့ အောက်ဆုံးအလွှမ်းတွေရဲ့ အပေါ်ထပ်က
'ယုဇန'လို့ခေါ်တဲ့ ရည်းစားဦးရေ
ဒုတိယအကြိမ် မွှေဖျော်နောက်ကျိဖို့
အိပ်မက်ဟန်ဆောင်တယောတွေသွန်းချပြန်ပြီလား။

အိုကြီးအိုမ လျှာထုံတစ်ရွက်ပေါ့
ရင်ခုန်သံအပြင်ဘက် တစ်ယူဇနာအဝေးက
မုန့်ဆီကြော်ကို တမ်းတမိတာနဲ့ပဲ
ကိုယ့်နှုတ်ခမ်းကိုယ် ဆေးထည့်နေမိတာ။

ကြည့်စမ်း
ပွေးခေါက်ခြစ်ထုတ်ခံရတဲ့ မျှော်လင့်ချက်ကတောင်
အတက်တွေ သဲသဲလှုပ်ပေါက်ထွက်ပွင့်လန်း
ဒါပေမဲ့... မင်းဆီ ခြေသရမ်းဖို့တော့ ခက်တယ် 'ယုဇန'။

ရတဲ့အချိန်နဲ့ ရောက်အောင်မသွားနိုင်တဲ့ခရီး
'ပြီးပြီ' လို့ စာတန်းထိုးမယ့်ဆဲဆဲကွယ်
လှုပ်ခတ်လွယ်သူအဝေးမှာ
ရိုးရိုးယဉ်ယဉ်မေ့မောကျနေခွင့်ကို
ဘာလို့ တူးထုတ်ဖော်ပြနေချင်တာလဲလေ။ ။

၁၉၉၉

# တောင်ကြီး

ပ-ကွေ့ကိုကျော်လိုက်ရင်
ချောက်ကို မေ့သွားမှာပါပဲ။

ကြိုးတံတားဟာ
ရိုးသားသူများလို ကြိုနေပါတယ်။

ကရင်မရေထွက်ကနေ
တက္ကသိုလ် ဂေါက်ကွင်းအထိ…
မြောက်မှတောင်အထိ လျှောက်လှမ်းရင်း
ရောက်ရောက်ချင်း လတ်ဆတ်မှုအတိကို
အမှတ်တရခူးဆွတ်လာခဲ့တယ်။

ချယ်ရီပွင့်တယ်
ဂီတအနုပညာထွက်တယ်

တန်ဆောင်တိုင်ဆိုရင်
တစ်ဆောင်းတိုင်းရောက်လာတတ်တဲ့
ငှက်ကလေးများတဖွဲဖွဲ ပျံသန်းလာကြ
လူစုံမှ ထမြည်တတ်တဲ့ရှမ်းအိုးစည်သံ
တစ်မြို့လုံး ညံ့လို့။ ။

၂၀၀၀


SAWWAI

# ပေါက္ခရဝဿပိတောက်

ဥသြငှက်တွေလို ဝင်ထွက်သွားလာပါဦး
တစ်နှစ်တာလုံး
နယ်ခြားတံခါးတစ်ချပ်လို စောင့်မျှော်...

နွေ နဲ့ မိုး ဧပရယ်မှာ ချိန်းဆုံတော့
ပိတောက်တွေ ရုံပြည့်ရုံလျှံရှာချ
ပုံသံတွေ၊ ခုန်သံတွေကြားမှာ
အာရုံတွေဟာ အကွပ်မဲ့လည်ပတ်နေပြီး
ခန္ဓာကိုယ်က အနှောင်မဲ့တွယ်ကပ်လို့။

ကျွန်တော့်အလွမ်းနဲ့ ဖွဲ့တဲ့နွေပါ...
ကျွန်တော့်မျက်ရည်နဲ့ ညှို့တဲ့မိုးပါ...
ချစ်ခြင်းတရားနဲ့ ကြိုးညှိထားတဲ့
ရနံ့ဖျားရာသီသံစဉ်
ကျွန်တော့်ရင်နဲ့ ပန်ဆင်ပေးဖို့ပါ။

ထုံးဖွဲ့မထားတဲ့ ဆံနွယ်ကလေးရေ...
အသုံးတည့်မယ့် အပင်မျိုးကို အရင်ပျိုးပြီးမှ
ဘယ်သူ တမင်ချိုးရက်ပါ့မလဲ
ချစ်လို့ပွင့်တဲ့ပိတောက်
တွေ့လား
နေရာမရရင်တောင် ကြွေပြရဲခဲ့တာ။ ။

၂၀၀၀

## ကလောကဗျာ

ရက်ကန်းစင်တွေလိုပါပဲ
မက်မန်းပင်တွေမှာ မဝတ်ရသေးတဲ့အဆင်နဲ့
တောင်စဥ်မှာတင်ထွန်းထားတဲ့မြို့ကလေး
လှတယ်။

ဒီတစ်နှစ်တွင်လည်း
နှင်းဦးကို ဘယ်သူဆွတ်ချင်လဲလို့
ထင်းရှူးပင်တွေကို ထွေးဖက်ထားပေမယ့်
အေးချက်က လေးနက်တယ်။

လေသန့်သန့်နဲ့ ထိလို့ထွက်လာတဲ့
ဆည်းလည်းသံလေးကို ငြိနေမိ
အနိမ့်အမြင့်ညှိမထားတဲ့ အိမ်တွေဆီငေး
တိမ်တွေလည်း သိပ်တော့ မဝေးပါဘူးလေ။

နီးဘုရားဆီက
ခရီးသွားကားတွေ များလာတာပဲ
လောကပါလတရားတွေ ကြီးထွားကြပါစေ...

ထောပတ်ပင်တွေ ပြောတတ်ရင်အကောင်းသား
မေးခွန်းများနဲ့ လေးလွန်းနေတဲ့ ဦးနှောက်
ကလောမြေအရောက်မှာ
အမောပြေပျောက်သွားချင်ပါတယ်ကွယ်။ ။

၂၀၀၁

# ပေါက္ခရဝသဃပိတောက် (၂)

မိုးထိထားတဲ့ ဥဩငှက်တွေ
ပိတောက်ပင်ပေါ်မှာမှ ရွေးပြီးတွန်နေကြ
မနှစ်ကလို။

သင်္ကြန်က ဆံမြကို အင်္ဂနဲ့ညှို့နေတဲ့ကြား
ငွေ့ရည်က တို့ကနန်းဆိတ်ကနန်းစပြန်တော့
စိတ်ကြမ်းကြီးပျော်ဖို့အရေး
ပန်းစော်မွှေးပေ့ါ။

ပန်ခွင့်ရှိသူသာ စိုစေမယ်လို့
တေဇောဓာတ်အပေါင်းနဲ့ အနတ်ဟာ
လောကကို စူးအောင်စမ်းဖို့ စူးစမ်းရင်း
ပလပ်တစ်ချက်ရိုက်လေးနဲ့ ထပွင့်လိုက်တယ်။

ချစ်လို့ပွင့်တဲ့ပိတောက်ကိုမှ
သူက ပန်းအနမ်းလောက်မြတ်နိုးပါသတဲ့။

...ဆိုတော့
အရင်နှစ်က မဆင်ဖြစ်တဲ့ဆံမြအတွက်
အပင်မသစ်ပေမယ့် အသွင်သစ်စေဖို့
ထိုင်သူမရှိတဲ့အုတ်ခုံလေး
ပွင့်ချပ်တွေနဲ့ နွေးလို့...

၂၀၀၁

## နန်းကြိုးနှစ်မျှင်၏ လျှပ်စီးနာရီ

ဝင်သက်ထွက်သက်ဟာ လူတွေတိုင်း မတူကြဘူးတဲ့
တို့... အသက်မရှူလို့ မရတာချင်းတော့တူတယ်။

ရေခရီးမကျွမ်းသူအတွက် လှေစီးကျွမ်းကျင်သူလိုမြပါ
သစ်ရွက်နှစ်ရွက်ဟာ သစ်ပင်နှစ်ပင်ကဖြစ်နိုင်ပေမယ့်
တစ်ခုတည်းသော နေရောင်ခြည်ကို စားသုံးတာတော့တူတယ်။

အဲဒီလို
ကျစ်လျစ်နက်နဲစွာဝဲပျံသော မျက်ဝန်းတွေဖြောင့်နေပါလျက်
အစဦအလာအရ ခေါင်းခါတာ ပုဆိုးတန်းတင်ခေတ်ဆန်လို့
မစဉ်းစားဘူးဆိုတာကို စဉ်းစားပြီးမှပြောပါ။

သတင်းမလုံတဲ့ ရင်အုံကို ကြယ်သီးဖြုတ်ပစ်လိုက်တာ
အစောင့်အရှောက်မဲ့ ဆက်သွယ်ရေးတံခါးကို တွန်းဖွင့်လိုက်တာ
ရိုင်းသလား။

လက်ဖဝါးပေါ်မှာ ထွင်းပေးလိုက်တဲ့စကားတစ်လုံး
ဆံနွယ်တောအုပ်ထဲ ဝင်ပုန်းနေတဲ့ အသံဖမ်းစက်ရဲ့မှတ်တမ်း
ကင်မရာတစ်ခုလုံးရဲ့ အရွှတ္တရှုခင်းနောက်ခံရိုက်ချက်ရုပ်ပုံ
ဟုတ်တယ်နော်... မင်းမယုံရဲတဲ့ မျဉ်းတန်းတွေ။

ခြေဖျားနဲ့ တို့မိတဲ့ကတ္တရာစေးကို မင်းဆွဲခွာနေတုန်း
အမှတ်တမဲ့ ပြုတ်ကျသံတွေနဲ့အတူ စိမ်းညို့ညို့သက်ပြင်းအထွက်
ရေခံမြေခံကောင်းရာအရပ်မှာ မွေးဖွားလာခဲ့သူ ဟန်ဆောင်ခြင်းရယ်
နှစ်ပိုင်းတစ်ပိုင်းလောက်တော့ အတူတူငိုရကျိုးနပ်ပါရဲ့။

အကြီးအသေးမညီတဲ့ လက်ဝါးပြင်နှစ်ချပ်ရဲ့အတွင်းမှာ
အရေးအကြောင်းဆင်တူတဲ့ လက္ခဏာလမ်းတို့ ရှိနိုင်တယ်။

မင်းမှတ်မိမှာပါ
တစ်နယ်စီကထွက်တဲ့ မျိုးကွဲ အရွက်နှစ်မျိုးကို
ဟင်းအိုးထဲ အတူတူထည့်ချက်ပြီး လက်ဆုံစားခဲ့တုန်းက
ထမသွားချင်အောင် ချိုမြိန်ခဲ့တာလေ။ ။

၂၀၀၁

## ဆာတေးစားသူများ

မောကြီးပန်းကြီးမေးခွန်းမျိုးမဟုတ်ဘူး မိတ်ဆွေ
တုတ်ထိုးမီးကင်ထားတဲ့ စိတ်ဖတ်တွေနဲ့ပဲ
အာသီသအငွေ့တလူလူပွဲတော်ခင်းပေမယ့်
"အာဟာရဆိုတာ အနက်ဖွင့်ခဲ့ဖူးပါသလား"
ခံတွင်းထဲမှာ ကြီးနိုင်ငယ်ညှဉ်းသရုပ်ပြနေတော့
စာနာမှုဟာ ပေါင်ကျိုးလမ်းလျှောက်နေသလို။

တစ်ဝိုင်းတည်းအတူထိုင်ရုံနဲ့ တော်လောက်ပါပြီ...
တစ်ယောက်ပါးစပ် တစ်ယောက်နှိုက်မကြည့်ကြပါနဲ့။

တွေးပြီးမခေါ်နိုင်သေးသမျှတော့
တို့ ခင်မင်မှုတွေ ဈေးမကြီးသေးပါဘူး
ဘဝဟာ... မီးမတူးတဲ့အာရုံတွေနဲ့
ထင်းချောင်းတွေကြား ရောပုံနေမှန်းသိသိလာလို့
ယမကာလုလင်တို့နဲ့အပြိုင်
ကကွက်အယိုင်နဲ့ အိမ်ပြန်ခဲ့ရပေါင်းလည်းများပါပြီ။

မောင်းချခားဝါဒီတွေက
အစားအသောက် မကောင်းတာကြာပြီတဲ့။

လူတစ်ကိုယ် အကြိုက်တစ်မျိုးမို့
မိတ်ဆွေတို့ လျှာအရိုးစူးလေတိုင်း
စားပွဲတစ်ဝိုင်းလုံး ရိုက်ချိုးပစ်သင့်ပါသလား...
ပေါ့ပါး... သက်သတ်လွတ်လေညင်းလေးကတောင်
အသားကင်ရနံ့တွေ သယ်ဆောင်ခဲ့ရတာပဲလေ။ ။

၂၀၀၁

# အကိုင်းအခက်

လက်ရှိလက်မဲ့ ဖြာထွက်ရောင်စဉ်တွေနဲ့
မျက်မြင်ထင်ရှားနဲ့ ရင်ကြားစေ့မရ
အခိုက်အတန့်ကာလရဲ့ ကိုင်းဖျားကိုင်းနားလေး
အယူအဆရေးရာမှာ
အချစ်က အရင်းပိုင်းအထိပါဝင်လို့။

ကျီးပေါင်းတက်ရာ အတက်ပေါက်တယ်ဆိုရမလား
အပွေးအခေါက်တွေကြား
တစ်ယောက်တည်းက ခြားနားနေတဲ့အသံ
ခံနိုင်ရည်ဆိုတာ စိုက်ပျိုးရခက်တဲ့ သစ်ပင်မို့
ကျားတစ်ကောင်လို စွဲလမ်းမိတယ်။

မြစ်မနဲ့ မြစ်လက်တက်မှာ
ဘယ်ဘက်က ရေစီးပိုသန်သလဲ

အခိုင်ကလေးရေ (အသင်နဲ့)
အကိုင်းချင်းတော့ မတူပါဘူး သို့သော်
အခက်ချင်းတော့ တူတယ်။ ။

၂၀၀၁

# နှင်း

ကုက္ကိုကိုင်းတွေက စိုစိုစိမ်းစိမ်းမရှိတော့ပါလား
မြက်ခြောက်ခင်းတွေနဲ့ အလိမ်းလိမ်းရောင်ခြည်တစ်တန်းက
စနိုးဝေးဆဲ မျက်နှာပေါ်တည့်တည့်ကြီး ထိုးစိုက်
ဟိုမှာ ရေငွေ့တစ်သိုက် ဝေ့ဝဲနေတာတွေ့တယ်။

ဒီ... မနက်ခင်းထဲမှာ
မနက်ခဲလေတဲ့ တိမ်းစောင်းမှုတွေကိုတွေးရင်း
ပြန်သံဟိန်းထွက်နေတဲ့ နံရံကပ်ဓာတ်ကြိုးလေးနဲ့
အာရုံတွေကို ပလပ်ထိုးလိုက်မိ
သတိရစရာတွေ လျှပ်စီးလျှပ်လာကောင်းရဲ့လေ။

အသစ်တေးအတွက်
အချစ်ရေးတွေနဲ့ နေမွန်းမတည့်ခဲ့ဘူးပေါ့
ခရီးတွင်နေဆဲ ဆောင်းနိမိတ်တို့ရေ
ကိုယ့်အကြောင်း ကိုယ်ပြောရတာ လျှာခလုတ်တိုက်ပါရဲ့
စားပွဲတင်ဦးနောက်ပေါ် ဘယ်သူ အမှိုက်ဖွခဲ့ပါသလဲ
လက်ဖျားတွေက အေးစက်လွန်းတယ်။

တစ်ခါတလေ ကိုယ့်မှတ်ပုံတင်ကိုယ်ကိုင်လို့
အသက်ကို ပြန်ပြန်ရေလိုက်ရင် ထိတ်ခနဲ
ဒေသအရိုင်းတွေထဲမှာ စိတ်က ပုံတင်ပိတ်ဆို့ပြီး
ဘဝကို အရင်းနှီးဆုံးဟာကွက်တွေထဲ အပ်နံလို့
ကိုယ့်ပဋိပက္ခနဲ့ကိုယ် ရန်ဖွဲ့နေမိသေး။

အဝေးရောက်အုတ်ခုံ၊ မိုးမလုံလေမလုံခန်းမ
ရင်သွယ်ကြိုးရဲ့ ပြင်ပဆက်သွယ်ရေး
အတွေးထဲထိ မျောပါလာတဲ့ သနပ်ခါးရနံ့
တောအဆုံး တောင်အနှံ့ပြန့်ဝဲ
လန့် ဖျပ် ကြဲ ချ
အဲဒီ... သင်္ကေတတွေ တဖွေးဖွေးနဲ့ရယ်။

ရင်ခွင်တစ်ဆောင်ရဲ့ခန်းဆီးနဲ့ ဘယ်တော့အလှမ်းနီးပါ့မလဲ
အပန်းတကြီး မရှာဖွေပါဘဲ တွေ့ရှိချက်တွေ
ခုတော့... ပေါ့တီးပေါ့ဆ ကျန်ရစ်ခဲ့ပါပြီ
အချစ်က...
ကျောနံ့ပါတ်သေးပေမယ့် အပြေးသန်တယ်။ ။

၂၀၀၁

## အမှတ်အသား

အသံကို နားကြပ်နဲ့ လှမ်းထောက်လိုက်တယ်။
တမြမြသောက်ခဲ့တဲ့ ဝေဒနာတွေဟာ
ပျော်စရာအဖြစ် တအုံနွေးနွေး
သွေးရှင်တို့ အဝင်အထွက်ပြုတဲ့အခန်း
သောမနဿတွေ ဝန်းရံလို့။

လူစဉ်မီတဲ့ ပါးပြည့်ပြည့်လေးကိုပဲ
အတွေးနဲ့ ခပ်ဖွဖွအပ်ထားလိုက်စဉ်ခဏ
ကုဏ္ဍိုကိုင်းတွေက
အချစ်ရေးမှာ အနူးအညွတ် ကိုင်းရှိုင်း။

တစ်ပိုင်းတစ်စ အလွတ်ရတဲ့ တေးထက်
ညနေခင်းက အော်ဆိုချင်စရာကောင်းတယ်။

သတ်မှတ်နေရာထက် ရှေ့နည်းနည်းတိုးရပ်နေတဲ့
မြတ်နိုးစေကြောင်းသွားနှစ်ချောင်းဆီ
သေတစ်ပန်သက်တစ်ဆုံး ပေါင်းဖက်နိုင်ဖို့
အသက်ရှူတာကအစ ရှုကွက်တွေချည်းပါပဲ။

'ပြန်တော့မယ်' ဆိုတဲ့ ရိုက်ချက်လှိုင်းကလည်း
အစိမ်းသက်သက်နားနဲ့ ဝေးချင်တယ်...
အပြောအဆိုတွေနဲ့ နှစ်ထောင်းအားရနေရာလေး
နှစ်ယောက်စာထိုင်ခုံ။ ။

၂၀၀၁

# သိက္ခာတာရိုး

မှတ်ပုံတင်ရှိပြီးသား မျက်ဝန်းနှစ်စုံပါ…
တစ်နေရာမှာ ဆုံစည်းမိတော့
ရှင်းရှင်းလေးနဲ့ မှုန်ရီဝေဝါးနေကြ
ငါ့ရဲ့ ကွေ့ကောက်လမ်းတွေက ရှည်လျားခဲ့သလို
နင့်ရဲ့ ဒေသန္တရကလည်း သက်ရင့်နေပြီပဲ။

ဦးနှောက်တစ်ခုစီမှာရှိနေတဲ့
ကတိမျက်မှန်တွေ ခွာချပစ်သင့်သလား
မှန်အလွှာနှစ်ချပ် အခြားမှာ
တို့အတွက်… ဒဏ်ရာအထပ်က များလှပေရဲ့
လေးလံစွာခုန်လာတဲ့ ရင်ခွင်မှာလည်း
ဆင်ခြင်စရာတွေက ပြည့်နှက်နေပြန်ရော။

လူတစ်ယောက်ရဲ့ အချိန်တစ်ခုမှာ နာရီနှစ်လုံးမလိုအပ်ဘူး
လမ်းတစ်ခုအတွက် ဖိနပ်နှစ်ရန် တစ်ပြိုင်နက်မလိုအပ်ဘူး
ရင်တစ်ခုတည်းက
အချစ်မှန်တယ်ဘယ်လောက်ပြောပြော
နှစ်ယောက်ရောထားလို့မှ မကောင်းတာ။

ခုမှ အမြင်စိုပြေရွှန်းလက်လာတယ်ဆိုပေမယ့်
အရင်လိုနေကြရုံဘဝတွေမှာ
ဆုံမှတ်ဟာ လွဲမှတ်နဲ့တစ်ထပ်တည်းကျ
အမြဲအမှတ်ရနေဖို့ ရင်ခုန်အလင်းခဏကို
ငါ့မှာ… အတောင့်လိုက်သိမ်းထားဖို့ကြံမိတယ်။ ။

၂၀၀၁

## အိမ်ထောင်စုနေ့

တသွင်သွင်
လက်ရုံးပေါ် သနပ်ခါးကပ်သံလွင်လွင်ဟာ
ဖေဖော်ဝါရီရဲ့ ပီယရာသီခွင်ထဲအရောက်။

စီးမယ်တကဲကဲ စုနေတဲ့ ရေတွေ ချောင်းဖြစ်
ပွင့်မယ်တကဲကဲ ဖူးနေတဲ့ အငုံတွေ ပွင့်ပြေ
ပန်းထိမ်ဆရာ့လက်ပေါ်က မြနဲ့ရွှေဟာ
ခုတော့ အသည်းပုံလည်ဆွဲလေးဖြစ်လို့နေပေ့ါ။

ဇနတ်မင်းရဲ့ အခြမ်းကလေးနှစ်ခြမ်းလို
အောက်ချင်းငှက်ဖိုငှက်မတို့ ဓာတ်ကူးခဲ့
လူတို့မှာ
ကျက်သရေမင်္ဂလာကို ဆောင်ကျဉ်းနိုင်ပေစွ
တင့်တင့်တယ်တယ်။

နေရာချင်းတူပါတယ်ဆိုရင်တောင်မှ
နေတာချင်းမတူတော့တဲ့အခါ...

မေတ္တာရဲ့အရိပ်အာဝါသရရှိသော အဆောက်အအုံက
အိမ်
အချစ်ရဲ့ အရိပ်အာဝါသခိုလှုံသော အသိုက်အဝန်းက
အိမ်ထောင်စု။ ။

၂၀၀၁

# ရင်ဖွဲ့ကဗျာ

နန်းကြိုးနစ်မျှင်ရဲ့ လျှပ်စီးနာရီများလို
ထမင်းပေါင်းအိုးလေး အလုပ်အကိုင်ရခဲ့ပေါ့
ဆောင်းငွေ့တသင်းသင်းနဲ့ ဒီကနေ့ဟာ
ကြယ်ပြာဝင်စားတဲ့ မျက်ဝန်းဖော်တို့အသံကြောင့်
အချစ်ကမ်းလွန်ပြင်တစ်ခုဖန်ဆင်း

ရေခံမြေခံမတူတဲ့ ဥယျာဉ်နှစ်ခင်းထဲက
ရနံ့တူတဲ့ ပန်းနှစ်ပွင့်ဟာ
ပန်းအိုးတစ်လုံးတည်းမှာ အတူတင့်တယ်လို့

လက်နဲ့မဖွဲ့ စိတ်နဲ့ဖွဲ့
ဆိုတော့...
ရင်ဖွဲ့

အချစ်ရဲ့ ရွှေဖော်စာထွက်ရှိရာဒေသဟာ
အိမ်ထောင်
မေတ္တာရဲ့ ငိုသံရယ်သံပွားများရာအရပ်က
မိသားစု။ ။

၂၀၀၂

# ဖေဖော်ဝါရီအလယ်က လွမ်း

အရင်တုန်းက အပျံသင်တောင်ပံတို့လေ့ကျင့်ရာ
ရေတမာပင်တွေလည်း အိပ်မောကျနေဆဲ
လူခြေတိတ်ဆိတ်တဲ့ ကွင်းပျက်ထဲကိုတော့
ငါ့အလွမ်းဟာ ကြော့ကြော့လေးဆင်းသက်လို့။

မြတ်နိုးမှုလက်ဆောင်တွေ တက်ကြွပျံသန်း
နှုတ်ခမ်းတွေ လမ်းပန်းဆက်သွယ်ရေးကောင်းနေကြ
ချစ်သူများဟာ နေ့တစ်နေ့မှာခြေချနေကြလည်း
ချစ်သူရှားတဲ့ ရပ်ဝန်းခြောက်ကပ်ကပ်မှာတော့
ငါ့အလွမ်းဟာ မော့မော့လေးဝေဆာလို့။

ညအိပ်ခွန်မဆောင်ဘဲ ငါ့ရင်အုံတည့်တည့်မှာ
အတည်နဲ့ထိုးရပ်ထားတဲ့ အလွမ်း
ဆတ်ခနဲ ဟွန်းထဟစ်လိုက်ချိန်
အားကိုးမရတဲ့ သမားရိုးကျအိပ်မက်တွေ
မျက်ရည်စက်လက်နဲ့ တူးဆွပွဲလှန့်ခဲ့။

ဆူပွက်လှုပ်ခတ်လွန်းတဲ့ ပင့်ကူအိမ်ဖွဲ့တွေထဲ
အကြိမ်ကြိမ်ချော်လဲခဲ့ရတဲ့လူပါ...
ချိန်နဲ့ပျော့ခွေ ခြေအစုံကိုအားကိုးပြီး
အားကောင်းမောင်းသန် အဖော်ခွဲနတ်ကိုတော့
(မတောင်းပန်ချင်တဲ့အဆုံး)
တတ်သလို နပန်းလုံးရပေဦးမယ်။

ဒီလိုအလွမ်းတွေနဲ့ အုံ့မှိုင်းဝေဆာနေတဲ့
ငါ့ရဲ့ အတွင်းပိုင်းကျကျစာသားတချို့
အကြင်နာအကြည့်တွေနဲ့ အဖြေရှာတတ်ဖို့လေ
"မြင်သာသည့်နေရာတွင်ကပ်ရန်" ဆိုပြီး
ရွှေဒင်္ဂါးရာကိုတော့ ပို့ပေးချင်မိခဲ့။

တကယ်တော့... တို့တွေဟာ
ရင်ခုန်သံရဲ့ အစောပိုင်းကာလများနှယ်
နဖတ်သောလက်ဖဝါးတွေနဲ့ ချည်လို့မနိုင်တော့ဘူး၊
ပိုင်ဆိုင်ရတဲ့ ဖေဖော်ဝါရီကိုပဲ
တစ်ယောက်တစ်ဝက် ခွဲလွမ်းကြတာပေါ့။

ဝေးကွာမှုထုထည်တွေက ပိတ်ဆို့နေလည်း
အတိတ်နဲ့အဖတ်တင် လေးလံနေရတဲ့
ရင်နင့်ခြင်း အဖုအထစ်တွေကတော့
အနေးနဲ့အမြန် ချောမွေ့သွားမှာပဲ
ပွင့်လင်းတဲ့ ဖေဖော်ဝါရီရောက်လာရင်...

၂၀၀၂

## အစွဲအလမ်း

တအားလွှဲရိုက်ပစ်လိုက်တော့ ဒီအလွမ်း
တစ်ချက်တည်း ကျင်းဝင်သွားတယ်
သေချာလိုက်တာ... စိတ်က
လူလက်နဲ့ ပြန်နှိုက်မရတော့ဘူး။

ကျွန်ုပ်ကိုယ်၌က
စက်ဘီးထဲ ထိုးသွင်းခံလိုက်ရတဲ့ လေထုလို
လူသုံးလို့မကုန်တဲ့ လူသုံးကုန်အချစ်မျိုးနဲ့
တစ်ကမ္ဘာတည်းနေရင်း ကမ္ဘာတွေခြား။

ဒုက္ခဆိုတာ လူတစ်ယောက်စီရဲ့
အရောင်မတူတဲ့ ကိုယ်ပိုင်အမှတ်အသားဖြစ်တယ်။

သဘာဝကို ကျော်ပြီးဖောက်တာတောင်
မဖြောင့်ချင်တဲ့ တောင်ပတ်လမ်းပေါ်မှာ
နံရံဆီ အကွေ့တိုင်း ဟွန်းတီးခဲ့
သံသရာပုံထွင်းချောက်နက်နက်ထဲ
အတွေးနဲ့ ထိုးကြည့်ခဲ့
လမ်းက စိတ်ထမ်းရာအတိုင်း မှန်ဝေလို့။

အဲဒီ ဆေးခိုင်တဲ့ ဥပါဒါန်တစ်ပွင့်စာနဲ့
တစ်ကိုယ်လုံးကွာအောင်မကျွတ်နိုင်တဲ့အဆုံး
အရှုံးဟာ အဆင်တန်ဆာပဲလို့ သိလိုက်ချိန်
နားအာရုံ ကောင်းကင်ဘုံဆီ လိမ့်တက်သွား
မြေချွန်းသံတွေ ကြားရပြန်တယ်။ ။

၂၀၀၂

# ပေါက္ခရဝဿပိတောက် (၃)

ဥသြကညှို့တော့ မိုးက ညှို့တယ်
မိုးကထပ်ညှို့ပြန်တော့ အလွမ်းက ညှို့တယ်
ဧပရယ်… စိတ်တစ်ဝက်လေတွေတိုက်ပေမယ့်
ပိတောက်သားစောင်းအိုးလေးဟာ
ပိုးကြိုးလေးတွေကတစ်ဆင့် ပွင့်ဖို့ကြံနေပေ့ါ။

မီးသတ်ပိုက်နဲ့ ထိုးငြိမ်းမှ
အငြိုးက ဇာတ်သိမ်းရမယ်ဆိုရင်
မရွာပါနဲ့တော့မိုးရယ်
ချစ်ခြင်းတရားနဲ့ စိမ်းဝါနေတဲ့
ကဗျာတစ်လက်ကိုပဲ ခူးတော့မယ်။

ထုံးဖွဲ့ရစ်ခွေ မတင်းလေတဲ့ဆံနွယ်မှာ
အဆုံးမဲ့အချစ်တွေ ဆိုတဲ့အရာကို
ဘယ်လိုဆံညှပ်မျိုးနဲ့ ပန်ကပ်ပေးလို့ရပ့ါမလဲ။

မြေသင်းရနံ့မှာလည်း သဲလွန်စတစ်မျှင်
ကန္တာရမှာလည်း ဒီအပင်မျိုးပေါက်တာပဲ
အဝင်အထွက်လေး လွဲနေတာကလွဲလို့

ဒီနှစ်ဒီနွေမှာလည်း
စိတ်တစ်ခုလုံးရဲ့အောက်မှာ ပိကပ်တောက်ပနေတဲ့
အရောင်ချွတ်ထားတဲ့ ဆံနွယ်ကို
ပိတောက်ပန်းနဲ့ နှစ်သိမ့်ရဦးမယ်။ ။

၂၀၀၂

# အရှူးတစ်ပိုင်းဆည်းလည်း

ပြင်းပြင်းထန်ထန်လိမ့်လာရင်း ရတ်တရက်
မိုးတိုးမတ်တတ်
မှင်မလိုက်တဲ့ ဘောပင်လေးကပဲ
အခါခါ အခါခံနေရတယ်။

ဂီတသံချင်းအတူတူ
အဲဒီရေတံခွန်မှာ... ဘာမို့လို့
ကမ်းမဲ့နေရတာလဲ။

ကျွန်တော်
ပင်ကိုယ်သံစစ်စစ်က စကားဝဲတယ်၊
ငိုကြွေးခြင်းနဲ့ ရယ်မောခြင်းမှာ
ရှိုက်သံလေးတောင်မှ မဝဲဘူး။

သဘာဝကို ခူးခပ်ကြည့်တော့
ကျွန်တော့်မှာ
အရူးဓာတ်တွေ အချိုးကျကျကိန်းအောင်း
ဦးနှောက်တစ်ခြမ်းလုံး ပဒိုင်းပင်တွေ ဝေလို့။

ကျွန်တော့်ကို ကျွန်တော်
အမျက်ခြောင်းခြောင်းနစ်သိမ့်
လေတိုက်မှ
ဆည်းလည်းသံက ချိုတယ်။ ။

၂၀၀၂

# မိုးကာလမှတ်တိုင်

ပုစွန်ဆီရောင်ရင့်ရင့်ရဲ့ ကျောခင်းရာအကျော့မှာ
စိတ်လှမ်းကို ဖော့ဖော့လေးချရင်း
ရထားတို့ ဝင်ထွက်ရာကမ်းရဲ့ နှစ်ယောက်စာ ထိုင်ခုံဆီ
ဖိနပ်နှစ်ရန်ဟာ အမောဖြေ အပန်းဖြေ
တစ်နေ့တစ်လံပေ့ါ ယုံကြည်လို့နေတယ်။

တို့တစ်တွေ... လက်ထဲက ထမင်းချိုင့် အလွတ်တွေကိုပဲ
အချစ်ရဲ့ လက်ကို ကိုင်သလို အချစ်ရဲ့ လက်နဲ့ ကိုင်ခဲ့ကြ
တို့တစ်တွေ... ဆွဲဆောင်မှုမရှိတဲ့ ကြော်ငြာဘုတ်အောက်
အစွဲအလမ်းရဲ့ သတ္တိရှိန်စော်နဲ့ မီးတောက်ပေ့ါ
တို့တစ်တွေ... နောက်တော့ တို့တစ်တွေ...။

'ရယ်ချင်တယ်' ဆိုတာလေးတစ်ခုအတွက်
ဖြေမဆည်အောင်ကောင်းတဲ့ ဟာသကားတွေ
ရုံမတင်ခင်ကတည်းက ကြည့်ပြီးသားပဲ
တို့ လက်မှတ်တွေကို အဆွဲအဖြဲမခံနိုင်ဘူး
ဦးရာစနှစ်ထိုင်ခုံလေးပေါ်မှာ။

အမျှော်အခေါ်လေးတွေက မိုးလိုမနေမနား
ငြိမ့်အေးမှုက ချောင်းကောလို ခေါင်းမာဆဲပဲလား
သက္ကရာဇ်မျဉ်းပေါ်က အမြိုက်တရားမသိတဲ့
ဒုတိယ အမှတ်အသား။ ။

၂၀၀၂

## ရွှေတောင်ကြား

သံရုံးဘေးက ဖြတ်လျှောက်မိတော့
ကိတ်နံ့ပြင်းတဲ့ ခွေးတစ်ကောင်က ထိုးဟောင်တယ်
ပိတောက်ပင်အောက်မှာလည်း
ရဲသားတစ်ယောက် မျက်လုံးဒေါက်ထောက်
ငါနဲ့အတူ... ကြောက်လို့ထင်ပါရဲ့
ပိုင်ရှင်မရှိတဲ့ ခွေးတစ်ကောင်က အမြီးလေးကုပ်လို့။

မြို့ကြီးမျက်မည်း
ဖိနပ်ရာမထင်တဲ့ တွန့်ကွေးလမ်းများ
မဟာပထဝီအနေအထားက
ခမ်းနားတယ် ဆိုရမလား။

ငှက်တွေမြန်သလို လူတွေမြန်ကြ
ငှက်တွေပျောက်သလို လူတွေပျောက်ကြ

ဒီလမ်းပေါ်ကနေ
ကမ္ဘာကြီးနဲ့ အကြိတ်အနယ်လည်ပတ်ရင်း
ကိုယ့်အကြောင်းကိုယ်အတင်းပြောမိခဲ့
ဘယ်သူမှတော့
မရှိ။

၂၀၀၂

## အပေါင်းအသင်းများ

တို့အချင်းချင်း
ပခုံးပေါ်ပစ်ခင်းထားတဲ့လက်တွေက
မြဲသလောက် မမြန်ကြဘူး။

ခေါင်းစဉ်ကြိုတပ်ထားတဲ့ အရေးအဖွဲ့
လက်ကောက်သူ ရိုက်လွှတ်လိုက်တဲ့ ဂေါက်သီးလို
တူမလိုလိုနဲ့ ကွဲလွဲကြပြီး
ကွဲမလိုလိုနဲ့ အံကိုက်ကျ။

ရှစ်ဆယ့်ကိုးကြိမ်တိတိ
ဗလာမရှိကံစမ်းမဲက
စီစီဖော့စ်လိပ်ပြာကိုပဲ မဲ ပေါက်တယ်။

ငယ်ငယ်တုန်းက
ခြေသုံးချောင်းထောက် အပြေးပြိုင်ခဲ့တာ
ပြေးပြေးအမှတ်ရ
ခုချိန်ထိ ငါတို့တွေ အဲဒီ
ငယ်ငယ်တုန်းကလို...

၂၀၀၂

## စုဆောင်းထားတဲ့ ဆောင်းရာသီ

အလွမ်းရက်တွေ အကြားအလပ်မရှိလေတော့
ပန်းဖလက်တွေ အနားမသတ်နိုင်ခဲ့ဘူး

ဆယ်လူလာဖုန်းဆီက ကတိစကားတွေ
ဘယ်ဘူတာရုံးမှာ သွားရွေးရမယ်မသိ
တစ်နွေလုံး ဖွေရှာနေမိသူ
တစ်မိုးလုံးလည်း ဖြေစရာမတွေ့နိုင်ခဲ့

တစ်ဆောင်းလင်းပြန်ပြီ
တချို့နေ့ရက်တွေက
အအေးဓာတ်ချည်းပဲရောက်လာတယ်
နှင်းပါမလာဘူး
တချို့နေ့ရက်တွေက
နှင်းချည်းပဲရောက်လာတယ်
အအေးဓာတ်ပါမလာဘူး
အဲဒီလို... အဆီအငေါ်မတည့်မှုတွေထဲ
အဖော်ကွဲလာတဲ့ဆောင်းခိုငှက်ဟာ
အသိုက်လာဖွဲ့ပေါ့ ရင်ထဲမှာ

မျှော်ဆဲခေါ်ဆဲ ပေါ်လည်းမလာတော့ပေမယ့်
ဆောင်းက ဆောင်းလိုအေးတဲ့နေ့မှာ
နှင်းက နှင်းလိုဖွေးနိုင်ဖို့
ဟေမန္တအကြောင်းချင်းရာတွေကိုပဲ
အထွေးလိုက် ထွေးပွေ့လိုက်တော့တယ်။ ။

၂၀၀၂


AYEMIN:16

## တံငါအို

မြစ်ကိုပစ်ပြီး ချောင်းကိုရှာမိတော့
ရေသာနည်းသွားတယ်
ပုလဲမတွေ့ဘူး။

မမြင်ရတဲ့ ရှေ့ရေးတွေကိုပဲ
ကွန်ပစ်နေချင်သူ
ပိုက်ဆွေးတာတောင် မိုက်ဆေး မပြယ်နိုင်ခဲ့
လှေနံကို ကျော်အောင် မခုန်ထွက်နိုင်တဲ့
ငါးတစ်ကောင်တလေကိုပဲ
မကျေမချမ်းနဲ့ ခေါင်းထုနေတော့တယ်။ ။

၂၀၀၂

# ပေါက္ခရဝဿပိတောက် (၄)

မှုန်ပြေဝါဝါ
သူ့ပါးမှာ အမျှော်ရောင်ဝါဝါနဲ့
သူ့ကေသာမှာ ပိတောက်ဝါဝါ

ရေဒီယိုဟောင်းလေးထဲက ရွာရနံ့ရာနှုန်း
ခု အိမ်ရှေ့မှာ ထစ်ချုန်းနေပေါ့

အချစ်ရယ်... အမုန်းရယ်
ဟိုရှေးရှေးက
ကချေသည်လေးလို ကခဲ့
ကချေသည်လေးလို ဆိုခဲ့

ကွန်ရက်ကလာတဲ့ ဥသြသံတွေဟာ
သူ့သစ်ပင်မှာ အသက်ရှင်ပဲ့မလား
ကိုင်းဖျားမှာနားတဲ့အလွမ်းက
ဓာတ်ကြိုးအကူနဲ့ အိမ်ထဲဗွေ

နွေ
ပိတောက်ပွင့်တုန်း တဆတ်ဆတ်လှုပ်ခါခဲ့သလို
ပိတောက်ကြွေတော့ တဖျပ်ဖျပ်လွန့်လူးခဲ့
(နံ့သာယပ်တောင်လေးမယ်)
အဆွေးတွေထဲ ဝဲဝဲလည်။ ။

၂၀၀၃

# ဇနတ်မင်းရဲ့ အခြမ်းကလေးနှစ်ခြမ်း

စွယ်တော်ရွက်လေးများလို ဆိုပါတော့
ကြိုးကြာငှက်လေးများလို ဆိုပါတော့
စန္ဒကိန္နရီလို ဆိုပါတော့
အချစ်မှာ သစ္စာရှိစတမ်းဆို
မလုံတဲ့အခြမ်းကို မကပ်မိဖို့လိုပါတယ်။

မင်္ဂလာရက်မြတ်တစ်ရက်ဟာ
တစ်သက်တာ အနှောင်အတည်း
မရှောင်မလွဲမိဖို့ လိုပါတယ်။

အချစ်ရယ်
အဝေးခရီးရောက်ဖို့
အနီးစည်းမဖောက်ဖို့ လိုပါတယ်လေ။ ။

၂၀၀၃

# အဓိပ္ပာယ် ပေ့ါ

ထုတ်မပစ်လိုက်ပါနဲ့
အဲဒါ... စာတစ်လုံးမှ နုတ်လို့မဖြစ်တဲ့ ဝါကျတစ်ကြောင်း
ဝက်အူတစ်ချောင်းမှ ဖြုတ်လို့မဖြစ်တဲ့ စက်တစ်လုံး
အချောကိုင်ပြီးသား လူသုံးကုန်တစ်ခုပါ
အတောင်အလက်စုံပြီးသား အရေပြားပေါ်မှာ
မွေးညှင်းတစ်ပင်မှ အကျပျောက်မခံဘူး
အချစ်ကို... ခုနစ်ပြည်ထောင်နဲ့ မလဲနိုင်ခဲ့။

အတ္တသမားလို့ လက်ညှိုးထိုးရက်သူကြီးရဲ့
လေထုထည့်မောင်းတဲ့ အကောင်းစားစက်ကြီးအဖြစ်
အဲဒီစနစ်က မကောင်းလို့လား
ငါတို့မှာ... ကိုယ်တွင်းကိုယ်ပ တွယ်တာဖို့က
လက်ချိုးရေလို့မှမကုန်ဘဲနဲ့။

တိမ်တိုက်တွေက အချိန်မစီးဘူး... ပေ့ါ
ပစ္စည်းစုံတပ်မှ လည်ပတ်မယ့်အဓိပ္ပာယ်
တစ်ဘဝကို ဘယ်လိုလေးနက်ကြမလဲ
နှစ်ဘဝကို ဘယ်လိုထွေးဖက်ကြမလဲ။

ဆန္ဒမရှိရင် ထုတ်ပစ်လိုက်ပါ
အဲဒီ ဂလက်ဇီတွေကြောင့် ကောင်းကင်ပြိုမယ်ဆိုရင်
အဲဒီသစ်ပင်ကြောင့် တစ်တောလုံး လောင်းရိပ်မိမယ်ဆိုရင်
သင်္ကေတ၊ ဆင်ခြင်ခြင်း၊ ပခုံးသားနဲ့
အချစ်တွေကို မြစ်ရေထဲမှာမျှောလိုက်။ ။

၂၀၀၃

## အဖုအပိန့်များ

ကြော်ငြာ အစုတ်အပြတ်လေးတွေ
တစ်ခုကိုတစ်ခု သပ်ရပ်စွာ ဖုံးဖိလို့
ညှို့ဓာတ်တွေ နာမ်သက်ကြွေချိန်အထိ
လက်ဖက်ရည် ပေါ့ပေါ့တစ်ခွက်နဲ့
စပါးကြီးမြွေလို မျှော်သက်ရှည်ရဦးမယ်။

ဖုန်းနံပါတ်တစ်ခု အာကာသတွင်းနက်ထဲ လွတ်ကျ
တာထွက်ကတည်းက
ခံနင်းမိတဲ့ စကားကြောဟာ
မြက်ရိုင်းတောလို ခုတ်လေရှည်လေ
မျှော်စင်ခြေလည်း ဗိုခနောက်ဆန်ခဲ့ပေါ့။

ပုစ္ဆာတစ်ပုဒ်ဟာ လူပြန်ဖြစ်ခဲ့ပါပြီ…
အမည်ဖော်မထားတဲ့ ပုံသေနည်းတစ်ခုမှာ
အနွေးထည်တစ်ထပ် ခွာချလိုက်တိုင်း
လှည်းဝင်ရိုးတွေ အဆန်ချောင်ကုန်တော့တာပဲ
မပိုင်းစက်တော့တဲ့ ဘီးတွေကြောင့်။

ဒီဖက်ရှင်မျိုး ဘယ်သူ ဝတ်ချင်မှာလဲ
ခေါင်းနှစ်လုံးကို လက်တစ်ဖက်က ထောက်မတ်ရင်း
ခြေဖနောင့်တည့်ရာ လမ်းလျှောက်တတ်သူရဲ့
ဒြပ်ထု၊ အလေးချိန်၊ ကိုယ်ခံအားနည်း ဘဝထဲ
အလွဲတွေ တဖွဲဖွဲကြွေနေပုံ ။ ။

၂၀၀၃

# တနင်္လာနေ့တုန်းက နွေရာသီ

စမ်းချောင်းလေးအတိုင်း အဖျားကိုလှမ်းတော့
တနင်္လာနေ့ဟာ ပန်းခင်းကြီးတစ်ခုဖြစ်နေတာတွေ့တယ်။

လှည်းဘီးနောက် တအူအူဖုန်ပျံ့တွေလည်း
သကြားဖြစ်မလား အရက်ဖြစ်မလားမသိတဲ့ကြံခင်းပေါ်
တောမီးခိုးတွေနဲ့အတူ ရစ်ခွေအုံ့မှိုင်းလို့
ကျွန်တော့်အာသီသတောက်ပမှုအတိုင်း
အင်ကြင်းကိုင်းတွေဘက်ကို တိုက်ခတ်ရွေ့လျော

ပိတောက်ပွင့်ရောင် သနပ်ခါးလေးလိမ်းလို့
သူကလေးလည်း ရွှေလည်မော့ရောမယ်
(လက်ပံပွင့်ကြက်တောင်ရိုက်တန်းကစားခဲ့တာတွေ
ပေါက်ပွင့်ပီပီမှုတ်ခဲ့တာတွေ ပြန်တွေးရင်းနဲ့)

အကွာအဝေးက ကိုးနှစ်ကို မိုင်ကိုးရာဆိုတော့လည်း
အီးမေးလ်ထဲဝင်လာတဲ့ ဥဩသံဟာ
တောအထပ်ထပ်က ပျံသန်းလာခဲ့ကြောင်းသက်သေအဖြစ်
ဆို့နစ်မှုတွေ ချီဆောင်လာခဲ့တာပေ့ါ။

ကျွန်တော့်ရဲ့ အိမ်ပြန်ချိန်ဟာ
ဆယ်ခါလည်တစ်ခါကြတ်တဲ့နေမင်းကြီးကိုမြင်မှ
မိုက်ခနဲထတောက်ရတဲ့နွေရာသီလို
နဖူးကအလွမ်းခြေမထိအောင်
လောင်မယ်ဆိုတဲ့ဘက်က မလျော့ဘူး။ ။

၂၀၀၄

# အသစ်ကျပ်ချွတ်ပိတောက်

တရေးရေးလွင့်ပါးသွားတဲ့ ရာသီအိုတွေအပေါ်
မနိုတွယ်လိုတော့ပါဘူး… ပိတောက်
မျက်ဝါးထင်ထင် သီဆိုမှုတွေနဲ့… ကွင်းလုံးပြည့်
ပွင့်တစ်နေ့ ကြွေတစ်နေ့လို့ မှတ်ချင်မှတ်
ဝီရရသတွေ ဖောင်းကြွလို့
အသစ်ကျပ်ချွတ်ပွင့်ကြွေတယ်။

မင်းမပနံရဲပေမယ့်
အနင်းခံရဲခဲ့တာပါ ချစ်သူ…

စေ့စေ့တွေးမှ ရေးရေးထင်တဲ့
သစ်ပင်တစ်ပင်ရဲ့ နာမပညတ်
မြတ်နိုးခြင်းဆိုတာ ပစ်ပယ်ခြင်းရဲ့ ရလဒ်ပေါ့
အရင်းကနေ ခုတ်ဖြတ်နိုင်ပါတယ်
နောင်တမဲ့
ငါကတော့ မပြတ်မချင်း ပွင့်နေဦးမှာပဲ။

ဘယ်နှမိုး ဘယ်နှနွေ
ငါ ဝေခဲ့ပြီဆိုတာ မင်းသိလား
ဒါတွေထားပါတော့
လမ်းဆိုတာ
နောက်ပြန်မလှည့်ရင်
တွေ့သမျှ မြင်သမျှ အသစ်တွေချည်းပဲ
ပွင့်သမျှ ကြွေသမျှ အသစ်တွေချည်းပါပဲလေ။ ။

၂၀၀၄

## အာသီသ

အထုပ်ကလေးတစ်ခုရောက်လာတယ်
ဖောက်ကြည့်လိုက်တော့
ဘာမှထွက်မလာဘူး။

အရေးအကြောင်းရှိရင်လှမ်းဆက်ဖို့
ဖုန်းနံပါတ်လေးတစ်လုံးတလေမျှမရှိ
တောအလုံးတောင်အနှံ့
အချစ်ရဲ့ အကိုင်းမှာမှ နားချင်တဲ့ ခိုကလေး
စိတ်ထဲကိုငေးတယ်။

အုန်းသီးတစ်လုံးရေထဲပစ်ချပြီး
မြုပ်သွားစေချင်တဲ့ဆန္ဒ
ဘယ်လိုလိုက်ကောက်ရမလဲ
မိုးအုံ့တော့မယ်။ ။

၂၀၀၄

## သဘော်

လှိုင်းကြီးလှေအောက်တဲ့
ခရီးရောက်သူတွေရဲ့ စကား

လေငြိမ်နေရင်လည်း
ပျင်းဖို့တော့အကောင်းသား။ ။

၂၀၀၅

# အပြာနုရောင်ကူးတို့

ကမ်းက ထွက်ခွာဖို့
ဟုတ္တိပတ္တိနဲ့
ပြင်လိုက်ရတဲ့ ခတ်ကွင်းတွေ...

ခရီးသွားတွေ
တစ်ယောက်ပြီးတစ်ယောက်
လာစီးကြတယ်
ပြီး ပြန်တက်သွားကြတယ်
ကူးတို့လှေကတော့
ဒီအတိုင်းက ဒီအတိုင်း။

မုန်တိုင်းမခံ လှိုင်းဒဏ်မသင့်
ဝဲဂယက်တွေ မကြုံလင့်ကစား...
လှော်တက်မပျောက်
လှေမမှောက်လင့်ကစား...

အထမမြောက်ခဲ့တဲ့ အလုပ်တွေ
အဟောသိကံ ခွန်အားတွေ
ဟိုတုန်းက ရည်ရွယ်ချက်များစွာနဲ့
လူငယ်တွေ
အခု အချိန်အရွယ်မှာ
မချိန် မရွယ်နိုင်တော့တဲ့
လူရွယ်တွေ...

၂၀၀၅

## မီးပုံးပျံ

အရွယ်ခပ်ငယ်ငယ်တုန်းက
မိုင်းကိုင်စက္ကူလေးကို အရုပ်ကလေးလုပ်
ရေနံချေးသုတ် မှိုင်းခံပြီး
မီးပုံးပျံလုပ်ခဲ့တယ်။

အသက်ကြီးလာလေ…
ဝါသနာကြီးလာလေ…

စိန်နားပန်၊ ညမီးကြီး
မီးပုံးပျံတစ်လုံးတက်ဖို့က
တစ်နှစ်ခရီးကို ဖြတ်သန်းကြရတယ်။

တစ်ခေတ်ပြီးတစ်ခေတ်
မီးပုံးပျံအသစ်တွေပေါ်လာလိုက်တာ
ခုတော့ မီးပုံးပျံဟာ မီးဘုံပျံလေလား…
သူ့စကားကိုက နိုင်ငံခြားအသံထွက်
ရက်ရက်စက်စက်ကို လှသွားတယ်။

ဒါပေမဲ့ မီးပုံးပျံဆိုတာမျိုးက
ဘယ်ခေတ်မဆို မှိုင်းခံမီးခိုးလိုတာပဲမဟုတ်လား။

တန်ဆောင်တိုင်ရောက်ရင်
ဦးကျော်ရင်ကို ပြေးမြင်သတိရ
သူများရှိရင်
ငါတို့မီးပုံးပျံ စီးရဲပါ့မလားပေါ့။ ။

၂၀၀၅

# ငှက်ငယ်လေးအတွက် နှုတ်ဆက်တေး

စိတ်ကူးယဉ်ခွင့် ပိတ်ထားပြီးမှ
စိတ်ကူးချင်စိတ်က ရောက်ချလာတယ်...
နောက်ကျခြင်းကို ပြက်ရယ်ပြုဖို့
နေးကန်ခြင်းကို အလဲထိုးပြီးမှ
လက်ကျိုးသွားလို့ ဆုမယူလိုက်ရတာလည်း
ကိုယ့်ထိုက်နဲ့ကိုယ့်ကံဆိုမလားကွယ်။

ကြံကြံဖန်ဖန် ဖန်တီးလိုက်တဲ့
ကံကြမ္မာရဲ့ အထူးပြုလုပ်ချက်မှာ
ငှက်ငယ်လေးနဲ့ ဆက်သွယ်မိခဲ့တော့တာပဲ။

ငှက်ငယ်လေးရေ...
နှလုံးသားမှာမနားဘဲ
ပခုံးသားမှာနားခဲ့မှတော့
"တာဝန်ယူရဲလို့လား"ဆိုတဲ့အမေး
ဘယ်လိုအဖြေပေးရမလဲ။

ပျံမယ်တကဲကဲနဲ့
လောကထဲမျက်စပစ်နေတာလည်း
အစကတည်းကသိပါတယ်...
မင်းရဲ့ပေါ့ပါးတဲ့ခန္ဓာကိုယ်ကိုမှ
ထမ်းထားဖို့အင်အားမရှိတဲ့ငါနဲ့
ငါ့ရဲ့လေးပင်တဲ့ခန္ဓာကိုယ်ကို
ချီသွားဖို့အင်အားမရှိတဲ့မင်းဟာ
ရင်ကြားစေ့လို့မှ မရနိုင်တာပဲလေ။

တကယ်တော့
ငွေကြေးနဲ့ကွယ်ဝှက်ထားတဲ့ တွဲလက်များဟာ...
ချွေးထွက်တာချင်းမတူတာ
ငါ ခံစားတတ်ခဲ့ပါတယ်။

စိတ်မပါဘဲ မင်းနမ်းလွှတ်လိုက်တဲ့
အဲဒီပါးပြင်အကြမ်းကြီးနဲ့
မီးတောက်အောင် အေးမြခဲ့တုန်း
ငှက်ငယ်လေးက...
ရုတ်တရက်ကမ္ဘာထဲပြိုစိမ့်တယ်ဆိုသလို
ငါက
တအိအိနဲ့ သဲထဲသွန်တဲ့ရေဖြစ်ခဲ့တာပေါ့။

နားခဲ့တဲ့ခြေအစုံကန်အထွက်မှာ
ရန်ဘက်လို့လည်း မမှတ်ချင်
သံယောဇဉ်ညာလက်အကမ်းကိုလည်း
ငါ တစ်သက်မလွမ်းချင်ဘူး
ငါဟာ အရှုး
ငါဟာ အမိုက်
သဲတရုပ်ရုပ်ကို ကြိုက်တတ်ခဲ့ပြီးမှ
အဆီတရွှဲရွှဲဟာ
ငါ့အတွက်ဝေစုမပါတာသိတယ်။

ငါ့ပခုံးသားမှာနားပြီး
တခြားနလုံးသားမှာ အိပ်တန်းတက်မယ့်
ငှက်ငယ်လေးရေ...
ဘယ်ပုံစံမှန်းမသိတဲ့ငါ့အချစ်
မင်း လွှင့်ပစ်လိုက်နိုင်ပါတယ်ကွယ်။

မင်းတန်ဖိုးမထားနိုင်ခဲ့တဲ့
ငါ့ရဲ့နာလိုခံခက်မှုတွေလည်း
လျစ်လျူရှုနိုင်ပါတယ်။

သုံးနှစ်တိတိဝေးကွာပြီးမှ
မုန်းပစ်ဖို့အထိတွေးလာခဲ့ရင်လည်း
မုန်းသာမုန်း... ငှက်ငယ်လေး
နှစ်နှစ် ဆယ်ရက်ကလေးကို
တစ်သက်အကြွေးမတင်ချင်
မင်းအတွက် အသုံးမှမဝင်တော့တာ။

အမုန်ဆက်မနားချင်တော့ရင်လည်း
အကြံခက်မလားငှက်ငယ်လေး...
ထွက်သွားဖို့ ခွင့်ပြုပါတယ်
ငါဟာ လှောင်အိမ်မဟုတ်တာလည်း မင်းသိပါတယ်။

ငှက်ငယ်လေးရေ...
မင်းရဲ့ အတောင်ပံခတ်မယ့်လေအဟုန်ဟာ
ကထရီနာမုန်တိုင်းထက်
ငါ့ရင်ကို လှိုင်းထစေမှာကတော့
အသေချာဆုံးပေါ့ကွယ်။ ။

၂၀၀၅

## လုံ့အိုး

ဖားပါးစပ်ဆီက လေတွေ
အပူရှိန်ကို ပင့်ပင့်ပေးတော့
တစ်နေ့ ရွှေဖြစ်လေမလား
တစ်နေ့ ငွေဖြစ်လေမလား
ကျွေးထားတဲ့အစာ
ဘယ်နေ့သေမယ်ဆိုတာလည်းမသိပါ။

တစ်ဆွေလုံး ဝစေချင်ပါတယ်
တစ်ပြည်လုံး ဝစေချင်ပါတယ်
သိဒ္ဓိနဲ့ သိပ်ထိစေချင်ပါတယ်။

ခုချိန်ထိတော့
ရန်းကန်လှုပ်ရှား ကစဥ့်ကလျား
အဲဒီ မီးသွေးပြာမှုန့်တွေကြား
ဖိတ်စဥ်သွားတဲ့ပြဒါးဆိုတာ
ရွှေနဲ့ပြန်များမှ ရနိုင်မယ့်အရာ။ ။

၂၀၀၆

## ဘာသိဘာသာ နေရာထိုင်ခင်း

အနီးကပ်ဆုံး မနီးစပ်နိုင်သူတွေအဖြစ်နဲ့
အနီးဆုံးဆန့်ကျင်ဘက်နှစ်ယောက်
ဒီထက်ပိုနီးရင်လည်း...
နီးနီးနေရရုံ။

ဓာတ်ပြုလို့မရတဲ့ မှန်အလွှာနှစ်ချပ်ကို
စိစိညက်ညက်ကြေအောင် အမှုန့်ကြိတ်ပြီး
ခိုင်အောင်ချည်လို့မရတဲ့ကြိုးနှစ်ပင်ကို
မှန်စာတိုက်ပစ်လိုက်တယ်။

ဝမ်းလျားမှောက်, လဲ ငြိမ် တိတ် ခြောက်နေတဲ့ လမ်းပေါ်မှာ
ရေတံခွန်လေးမစီးအောင် လေတံခွန်လေးရှိရာမျက်နှာပေးလို့
အချစ်တစ်စုံကိုလည်း
စွန်လွှတ်သလို စွန့်လွှတ်ခဲ့ကြ။
ကြိုးစဖြတ်သလို ကြိုးစားဖြတ်ခဲ့ကြ။

နင်းရေ...
အရောင်တွေပါမလာတဲ့ ညီမလေးရေ...
အောဘီ မရှိတဲ့ စီဒီတစ်ချပ်လို
တစ်ဖက်လှန်ကြည့်လို့မရတဲ့ မနက်ဖြန်လေးတွေမှာ
ဒီထက်ပိုနီးလာမယ်ဆိုရင်လည်း...
နီးနီးနေကြရုံ။ ။

၂၀၀၆

## လင်မယား

နောင်ပြင်နိုင်ခက်မှာစိုးလို့
ဘုရားမတည်ခဲ့ဘူး
ဆေးမင်ရည် စုတ်မထိုးခဲ့ဘူး
အိမ်ထောင်မှုကိုတော့
ပြုစုယုယခဲ့ကြတယ်။

လျှာနဲ့သွား
အရသာလည်းရှိရမယ်
အစာလည်းကြေရမယ်
တာဝန်ကိုယ်စီပေါ့။

စီးတဲ့ရေ ကန်ဆင်းမိုးရှိမယ်
ဆည်လေတဲ့ ကန်သင်းရိုးရှိမယ်
ဆက်သွားစရာလည်း
လက်စားတွေ ရှိပါသေးတယ်။

တကယ်ပဲ
ချည်တစ်ခင်တည်းကို
ရစ်ဘီးတစ်ယောက်တစ်လုံးနဲ့
တစ်ယောက်တစ်စ ရစ်ထည့်နေကြပေါ့။ ။

၂၀၀၇

## တစ်ဝက်တစ်ပျက်

အီးမေးလ်ထဲမှာ
လေးနှစ်စလုံး ရေးဖြစ်ခဲ့တဲ့
ခရီးအဝေးက စာတစ်စောင်ရောက်

စားပွဲပေါ်မှာ
ဖိန့်ဖိန့်ကြီး ကျက်သရေဆောင်နေတဲ့
အတွေးသမားရုပ်တုပုံကလည်း
တစ်ချက်တစ်ချက် ထထလျှောင်

ရေမရနယ်မြေအလယ်မှာ
ကုလားအုတ်ကို ထားခဲ့ရမယ်
အမှောင်မှာ ငြိမ်းရမယ့်မီးအိမ်
အချစ်က စိုးရိမ်ကြောင့်ကြမှုတွေနဲ့

နှုတ်ဆက်လိုက်ပါတယ် ဇန်သီပီ
မင်းခြေရင်းဆီမလှည့်နိုင်တဲ့ ငါ့ခြေဖျားဟာ
မချိန်ဘဲ ပစ်လိုက်တဲ့ လုံတစ်လက်
မဆဘဲ မော့ချလိုက်တဲ့ အမှန်တစ်ခွက်

၂၀၀၇

# နှင်းသတ်ထားတဲ့ ဒီဇင်ဘာ (၂)

ကောင်းကင်မှာမြစ် အနွေးထည်
သိုးမွေးဆွယ်တာနှင့်
ဗန္ဓုလဆိုတဲ့စောင်များ
နွေးမယ်ထင်သလား
ဝေးသားပဲလေ...

မောင်မောက်(ဥက္ကလာ)

ဆွေးခဲ့တဲ့ကဗျာဆရာ
မောင်မောက်(ဥက္ကလာ)က
ဆောင်းဟာအတော်အေးဆိုပဲ။

ကိုယ့်မှာ
မေးခိုက်ခိုက်တုန်ချင်လွန်းလို့
ရင်ခုန်သံအလုံးစုံ
နှင်းမှုန်မှုန်ကြား နှစ်ထားလိုက်မိတယ်။ ။

၂၀၀၇

## နတ္ထိရန့်

ထီးမဆောင်းတဲ့ ခေါင်းဟာ
ရာသီဒဏ်ကို ခံနိုင်ခဲ့...
ဖိနပ်မစီးတဲ့ ခြေထောက်ဟာလည်း
ခလုတ်တံသင်းရန်က လွတ်နိုင်တယ်။

လည့်တုန်ဘယက် သီဆွဲမထားတဲ့
ရွှေလည်တိုင်ဟာ
အသက်ရှုရတာ ချောင်လည်သလို...
ရေမွှေး ဆွတ်မထားတဲ့ခန္ဓာ
ပကတိ မွှေးပျံ့ကြိုင်လှိုင်စွာ။

ညီမလေးရေ
မလုံဘဲ ဝတ်နေတဲ့ ဖက်ရှင်ထက်
မဆင်ဘဲ လုံနေတဲ့ အဆင်တန်ဆာ
မယှဉ်သာအောင် လှပေရဲ့။ ။

၂၀၀၈

# မိုး

မိုးခေါင်လွန်းနေတော့လည်း
ခေါင်မိုးဘယ့်နှယ်နေလဲ မကြည့်မိဘူး
ငါတို့မှာ ဘယ်တလင်းမှာ စိုက်ရပျိုးရပ့်ါ
ငါတို့မှာ ဘယ်အတွင်းမှာ ခပ်ရချိုးရပ့်ါ။

ငါးရံ့မင်းပရိတ်တွေ ရွတ်ကြ
အဝီစိတွင်းတွေ တူးကြ
ယုံကြည်ရာ ကိုယ်စီဆိုဆို
အများညီရင် စိမ်းစိုမယ့် ဆာဟာရ။

လွန်ဆွဲတာလည်း
အဆွဲလွန်ရင် ပက်လက်လဲလေမှ
ငါတို့မှာ
မျှော်ပဲမျှော်ချင် ခေါ်ပဲခေါ်ချင်ကြ
လိုက်သွားဖို့က ဘယ်တော့မှ...

၂၀၀၉

# ညောင်ရွှေ

ရာဇဝင်ပေထုပ်ကိုင်ပြောကြမယ်ဆိုရင်လေ
မိုင်းယောင်ဝေ... ညောင်ရွှေ
ဘယ်မြို့တွေ သာပါလေစ။

မြောက်အရပ်
ဗောရိသဒ်၊ ရွှေရန်ပြေ...
တောင်အရပ်က
နန်းသဲဘုရားကြီး...
မြို့လယ်ခေါင်
ရတနာမာန်အောင်စေတီတော်
အော်... ဖူးမြော်ကြည်ညိုမိလေတိုင်း
သမိုင်းရဲ့ ခမ်းနားမှုကို ခံစားရတယ်။

မြို့အဝင်
ရွှေညောင်ပင်ကြီးက
ဟဲဟိုးသီခေါင်အင်းပြင်ခေတ်
ကောဇာသက္ကရာဇ် ၇၂၁ ကို သတိရစေပေ့။

နောက်ဆုံးစော်ဘွား ဆာစောမောင်
ဟော်နန်းဆောင်ထားခဲ့တဲ့နေရာ
ဦးဆုံးသမ္မတ စဝ်ရွှေသိုက်
ဘဝမှတ်တိုင်စိုက်ခဲ့တဲ့မြို့။

ရွှေကျင်သာသနာပိုင်
ကန်ကြီးကျောင်းဆရာတော်ဘုရား
ပရိယတ်စာပေသင်ကြားတော်မူရာ
နှစ်စဉ်မပြတ်… စာပြန်တော်ပွဲကျင်းပတော်မူရာ
သာသနာတော်ကလည်း နေလိုလလို ထွန်းပလေတဲ့မြို့။

ညောင်ရွှေသားလေးတွေ
အေးအေးနေတာ များပါတယ်။
ညောင်ရွှေစကားတဲ့
ဗမာနဲ့ အင်းကြား
ဆက်စပ်ထားတဲ့အသံ
နားဝင်ပီယံရှိပါရဲ့။

ညောင်ရွှေပဲပုပ်
အသည်းလှုပ်အောင်ကောင်းဆိုပဲ
ဘီးမုန့်၊ နှမ်းမုန့်ကြွပ်၊ မုန့်လုံးဖြူ၊
အကြိုက်ချင်းလည်း တူကြမယ်။

အခုချိန်ခါမှာတော့… ညောင်ရွှေဟာ
နိုင်ငံသူ နိုင်ငံသားတစ်ဝက်
ကမ္ဘာသူ ကမ္ဘာသားတစ်ဝက်
ဟိုတယ်တစ်ဝက် အိမ်တစ်ဝက်နဲ့
အင်းလေးဘက် ဧည့်သည်လာလေတိုင်း
တံခါးလေး ပြေးပြေးဖွင့်နေရဲ့။ ။

၂၀၁၀

## လင်မယား

အဖြောင့်အတိုင်းတိုင်းရင်
မှန်တစ်ထုစာ

ခရီးတာက
ကမ္ဘာတစ်ပတ်
အချစ်ရယ်...
နီးနီးကပ်နေလည်း ဝေးတတ်တယ်။ ။

၂၀၁၀

## ဆိတ်...ကန်း

မသိကြေးနိုင်အောင် ဆွံ့သွားတဲ့
နှုတ်ခမ်းများနဲ့

ပိန်းပိတ်အောင် မှောင်နေတဲ့ အခန်းထဲ
စက္ခုပသာဒက အနာတရနဲ့

မွေးထားတဲ့အသွေးအသားတွေ
အရိုင်းထဲမှာ အရိုင်းလိုက် ဆက်သွင်းရ
အယဉ်ထဲမှာ အယဉ်လိုက် တင်ဆက်ရ

ဘာမှ မသိလိုက်တဲ့
မောဟ။ ။

၂၀၁၁

## မရဏာနုဿတိ

ကိုယ့်လက်ကောက်ကိုယ် စမ်းကြည့်
ကိုယ့်နှလုံးကိုယ် နားထောင်ကြည့်
အသက်ရှိစဉ်
အသက်မဲ့တွေကို ဆင်ခြင်ကြည့်။

သူရဲကောင်းတွေ ထွက်သွားတဲ့ ဤကမ္ဘာ
အခြားသူတွေ ရောက်လာတဲ့ ဤကမ္ဘာ
မသိခြင်းငါးပါးနဲ့ ငါကလည်း
တစ်သက်သက် တစ်ဂါဂါ တစ်နေရာရာ

အစိရဝတီမြစ်ရေအလျဉ်ကို ယုံသလို
သံသရာကိုလည်း ယုံကြည်တယ်။

မရဏာ ဆိုသည့်မျိုးက
ယပ်တောင်မှာ ကိုယ့်နာမည်ထိုးလိုက်သလိုပဲ
ပျက်လွယ် --- ဖြစ်လွယ်။ ။

၂၀၁၁

## ငါမေ့နေတဲ့ ငါ

ဘုရားအစရှိတဲ့သူတော်ကောင်းက
သတိရစေဖို့လမ်းညွှန်တယ်
ငါ ဆိုတဲ့ကောင်က
သတိမရဖို့ကိုပဲ စိတ်ဆောင်တယ်။

လက်ဒ္ဓထားရေးသုံးပါးကို
လက္ခဏာဆရာစကားလောက်ပဲ သဘောပေါက်တော့
ယတြာတွေဟာ မပေါက်တဲ့သုံးလုံးထီလိုပဲ
ထွက်ပြီးမှတွေးရင်တော့ မလွဲချေဘူး။

သေခြင်းတရားတဲ့
သွားဖန်များတော့ ရောက်တယ်မထင်
ကြားဖန်များတော့ ကြောက်ဖွယ်မမြင်။ ။

၂၀၁၁

## အစ်မများ

မောင်ချမ်းသာတော့
မီးဖိုချောင်က မထွက်ရလည်း
ဝမ်းသာနေမယ့် အစ်မတွေ

မောင်ဆင်းရဲလည်း
ထမင်းပွဲနဲ့ စောင့်နေမှာပါလေ။

အစ်မကြီး အမိအရာ
အစ်မငယ်က ထို့အတူသာ
သတိမူစရာပေါ့...

အော်... ဆိုရိုးစကားဆိုတာ
ခေတ်အဆက်ဆက်
မပျက်မကွက်သယ်ဆောင်လာခဲ့ရတာမျိုး
ရိုကျိုးဦးညွှတ်ကြပါတော့။ ။

၂၀၁၁



## အမှားများ

မှာကတည်းကိုက
မှားခဲ့တာပါ
စားချင်တာဘယ်မှာရမလဲ
စာပွဲထိုးကို ဆွဲထိုးချင်မိတယ်
အော် ဒေါသစိတ်ဟာ ပိတ်ဆို့ညစ်ထေးလို့။

နိမ့်တယ်ထင်ရင်
အလိုလိုလှံစိုက်ချင်နေတာ
ဒါ ဘယ်လိုထိန်းရမလဲ။

ထန်းပင်ဖျားမှာ
ကြိုးတစ်ကောင်နားနေတယ်
ဘယ်သူဘယ်လောက်ခေါင်းမာသလဲ။

တကတဲ
ခုနကကျနော်ပြောခဲ့သလိုပဲ
အမှားဆိုတာ
မှန်ဖို့တဲတဲကလေးအလိုမှာပဲရှိပါတယ်။ ။

၂၀၁၂

# ခိုလေးတွေ ပြန်လာတဲ့နေ့

ပြန်တော့ ပြန်လာကြတယ်
တချို့ခိုလေးတွေက
အတောင်ပံမှာ ဒဏ်ရာနဲ့
တချို့က ခြေအစုံမှာ
တချို့က ရင်အုံမှာ။

ကိုယ်အနာ... ဆိုတာမျိုးကလည်း
စိတ်လိုရာလေးရောက်ရင်
အလိုလို ပျောက်သွားတတ်တာမျိုးပါပဲ။

စစ်က
အောင်မြင်မှ ပြန်လာနိုင်မယ်တဲ့
အချစ်က
ပြန်လာနိုင်မှ အောင်မြင်တယ်လို့
ခေတ်စနစ်ကို အတွန့်တက်ကြတယ်။

ဖေဖော်ဝါရီရေ...
တဝုန်းဝုန်း တဒိုင်းဒိုင်း တိုင်းကားပြည်ရွာမှာ
နလုံးသားတစ်ခုသာအကောင်းအတိုင်းကျန်တဲ့
ရင်မြန်တော်တပ်သားအတွက်
ခိုတွေနားနေတဲ့ ခိုနားရာလေးဆီ
တစ်ရက်တာ ချီတက်ခွင့်ပြုလေတော့။ ။

၂၀၁၂

# အရောင်များနှင့်အတူ

လင်နဲ့မယား
တစ်ယောက်က အသားဖြူ
တစ်ယောက်လူက ခပ်ညိုညို
ဘယ်လိုများ ဆုံစည်းကြပါလိမ့်။

လင်နဲ့မယား
တစ်ယောက်က တစ်ဘာသာ
တစ်ယောက်မှာ တစ်ဘုရား
ဘယ်လိုများ ယုံစားကြပါလိမ့်။

လင်နဲ့မယား
တစ်ယောက်က တစ်ပါတီ
တစ်ယောက်ဆီ တစ်မျိုးဖြစ်
ဘယ်လိုများ ချစ်နိုင်ကြပါလိမ့်။

အယူမမှန်တာတွေ သူတို့မငြင်း
မတူမတန်တာတွေ သူတို့မတွက်
မိသားစုဘဝကို ဖက်တွယ်ခဲ့ကြတယ်။

အတူနေဖို့ဆိုတာမှာ
တူနေဖို့လိုတာပါပဲ
အဲဒါ
အလုံးစုံအာမခံနိုင်တဲ့ သစ္စာ
နိုင်ငံတော်အတွက် စေတနာ။ ။

၂၀၁၂

## အထိအရှများတဲ့တံခါး

ဝင်လာတဲ့သူတွေကလည်း
တိုက်သွားတယ်
ထွက်သွားတဲ့သူတွေကလည်း
ဆောင့်ပိတ်ခဲ့တယ်

ခတ်ထားတဲ့သော့ခလောက်
ဘယ်ပျောက်သွားမှန်းတောင်မသိဘူး
မင်းတုပ်ပတ္တာ
ပြင်ရတာလည်း ထပ်တစ်ရာတေနေပြီ။

အိမ်ကတော့ အပျံစား
ခြံတံခါးကတော့ စုတ်နေပြီ ဆိုရင်...

ဝင်ထွက်သွားလာ ဧည့်သည်တွေကြောင့်လား
အစောင့်ပဲကို စောင့်ဆဲနေမလား
ဘာတွေပဲဖြစ်သွားသွား
နစ်နာစရာရှိရင် အိမ်ရှင်ကခံရတာပဲမို့

မျက်စိ နား နှာ လျှာ ကိုယ် စိတ်
အသွားအလာ သိုသိပ်ဆင်ခြင်
အရှေ့ အနောက် တောင် မြောက် တွင်း ပြင်
သူခိုး ဓားပြတွေ မဦးခင်မှာ
တံခါးတွေ ကောင်းအောင်ပြင်ကြစို့။ ။

၂၀၁၂

# ပုံတူကြောင်းကွဲအသစ်

တစ်ခါတလေ
ရယူလိုက်တယ်
ဘာမှ ပြန်မပေးမိဘူး။

တစ်ခါတလေတော့
ပေးလိုက်ရတာ
ဘာမှ ပြန်မရဘူး။

မဆန်းဘူး
လုံးဝ မဆန်းဘူး။

ဒါများ ဘာလို့ ပြောနေသေးလဲ
တစ်ခါတလေတွေဟာ
ဟိုတုန်းက မြန်မာ့အသံ
နှစ်ခါပြန်မလာတတ်ဘူး။ ။

၂၀၁၂

# ကြယ်သီးမတပ်ပါနဲ့ ကောင်လေး

မြစ်တစ်စင်းဟာ သူ့အရှိန်နဲ့သူ့သာစီးဆင်းသလို
တိမ်တွေဆိုတာကလည်း သူ့အထာနဲ့သူရွေ့လျား
အိပ်မက်များဟာ အိပ်မက်နဲ့ အထပ်ထပ်
အသွေးအသားကို
ကြယ်သီးမတပ်ပါနဲ့ ကောင်လေး။

ဖြူချင်ယောင်ဆောင်နေတဲ့ အဖြူရောင်တွေ
မယဉ်ကျေးလေတဲ့ ယဉ်ကျေးမှုတွေဖြစ်ပေါ့
မီးလျှံတိုးချင်တဲ့ ပိုးဖလံ
အသက်နဲ့ခန္ဓာ
ကြယ်သီးမတပ်ပါနဲ့ ကောင်လေး။

ရေချိုးရင်တောင် ချေးမတွန်းချင်တဲ့ကောင်က
လှံ့လအတုလေးနဲ့ ထုဆစ်လိုက်ရင်
ဝက်ခြံပါ ပြောင်ရှင်းသွားစေသတဲ့
နှလုံးသားနဲ့ ရင်ဘတ်
ကြယ်သီးမတပ်ပါနဲ့ ကောင်လေး။

လေတဲ့စိတ်တွေ လေထုဆီလွင့်ပါး
ငွေတွေ အငွေ့ပျံကုန်ပါပြီ
ကျောက်ရှာရင်း ကြောက်စရာဖြစ်သွားသူတို့လို
အနာဂတ်ကို
ကြယ်သီးမတပ်ပါနဲ့ ကောင်လေး။

၂၀၁၂

# အုန်းမောင်းသံ

အရက်ကျင်းပြီတဲ့လား
အလင်းရောင်မှိန်ပြပြ
ငါတို့ အိပ်ရေးမဝသေးဘူး။

ငှက်ကလေးတွေ
သူ့အဆင်အသွေးနဲ့သူ
အရင်ကလေးခဲ့တဲ့ ရင်လေးမှုတွေခါထုတ်
ဒီနေ့တော့
လင်းလက်ပေါ့ပါးနိုင်ကောင်းရဲ့။

စီးဆင်းသွားတဲ့ ရေလည်းရှိတယ်
အိလည်နေတဲ့ ဝဲကတော့လည်းရှိတယ်
ဟောဒီမှာ မြစ်ကျဉ်း
သူ့အခင်းအကျင်းနဲ့ သူပေါ့။

အခိုးအငွေ့တွေ လက်မဦးခင်
ထွက်လေဝင်လေကို ရှူပွားဖို့
အားလုံးအားလုံး
ထို့အတူဖြစ်ပါစေ
ထို့ထက်အလွန်ဖြစ်ပါစေ။ ။

၂၀၁၃

# ဓာတ်ပုံဆရာ လင်းအောင်ပြည့်ရဲ့
# မမေ့နိုင်စရာ ငယ်လက်ရာ

မျက်နှာချင်းဆိုင်
သူ့ပခုံးလေး ကိုယ်ကကိုင်လို့
ကိုယ်က အင်းသားဝတ်စုံနဲ့
သူက မြန်မာရင်ဖုံးအကျီနဲ့
ရွှန်းရွှန်းစားစားအကြည့်နဲ့
ပကာသန ရှာမရ
ဆယ်နှစ်တိတိပြည့်ခဲ့ပြီ
ခုထိ...
ကြည့်ကောင်းတုန်း။ ။

၂၀၁၃

# ကိုယ့်ဝန်ကိုယ့်တာ ၁၀

နန်းကြိုးနှစ်မျှင်ရဲ့ လျှပ်စီးနှစ်သက္ကရာဇ်များဟာ
ဆောင်းငွေ့ကို ပွေ့ပွေ့ပြီးရောက်လာတယ်
၁၀ နှစ်
မနေ့တစ်နေ့လို လတ်သင်းမွှေးရှင်ဆဲ
တွဲသီခဲ့တဲ့ လက်တစ်စုံဟာ
ခန္ဓာမှာ ခန္တီကပ်လို့
တည့်တည့်မတ်မတ်မောင်းနှင်
ရှေ့မှာ... ကောင်းသောခရီးစဉ်ပေါ့။

တို့တတွေ
ဒီမိုကရေစီခေတ်မရောက်ခင် ပေါင်းခဲ့ကြ
ရင်ကိုတော့ သမ္မာအာဇီဝနဲ့ငြိမ်းခဲ့ရင်း
ခေတ်အဆက်ဆက်မှာ
နှစ်သက်စွာပဲ အတူနေထိုင်ခဲ့ကြတယ်။
တို့တတွေ
ကျောင်းတော်မှာ မသင်ခဲ့ရတဲ့
မတောက်တခေါက် အတတ်နဲ့
အရေးသုံးပါးကို ထောက်မတ်
လောကီဘုံကို ဖြတ်သန်းရာမှာတော့
ရောင့်ရဲမှုကိုပဲ ဆင်မြန်းခဲ့ကြတယ်။
တို့တတွေ
ရှေ့ဆက်ရမယ့် ဆယ်စုနှစ်များ
ဓမ္မိယလဒ္ဓနဲ့ ထုဆစ်သွားစို့...

၂၀၁၃

## မျက်နှာမှာ အရေးအကြောင်းနဲ့နေ့

တော်တော်များများကိစ္စတွေ
ပြောစရာမလိုဘူး

တော်တော်များများကိစ္စတွေ
တွေးစရာတောင်မလိုဘူး

လက်ဖက်ရည်ဆိုင်အစ
အရက်ဆိုင်အဆုံး
မနက်ကနေ ညအထိ
ပြောသမျှတွေက ပြုပြီးသား
တွေးသမျှတွေက တွေ့ပြီးသား

ကျနော်... ခင်ဗျားတို့
ခရီးရှည်ဟာ တိုတောင်းလှပေါ့
ကုန်ကုန်ပြောမယ်
ထမင်းတောင် လိုအပ်မှစားတာကောင်းတယ်။

၂၀၁၄

# တို့မြေ

အရင်တုန်းက
အပင်တွေဖုံးလွှမ်းထားတဲ့မြေ…
အခုတော့
မကျူးကျော်ရဆိုတဲ့သံဆူးတွေထဲ
ယန္တရားတွေက မြေလှန်နေ။

တစ်ခွင်လုံး
အပင်တွေ သုဉ်းတော့မှပဲ
ဒီတဲနဲ့ ဒီသစ်ပင်
ဘာလို့ အသက်ရှင်နေဦးမှာလဲ။

နာကျင်ခြင်းကို မမြင်ချင်တော့ဘူး
သင်တို့
မခုတ်ချ မတူးဆွလိုက်တာကိုပဲ
ငါ့မှာ
အပိုင်းပိုင်း အမွှမွှ။

၂၀၁၄

# ည…နေ

ဝေ့ခနဲ ရုပ်ထိသွားတဲ့ အတွေးမျှင်က
စိတ်ရဲ့ ချိတ်ကလေးမှာ ငြိပြီးပြတ်သွားတယ်
မေ့လိုက်ပါတော့လား
သယ်ဆောင်မသွားနိုင်တော့တဲ့ အရင်းအနှီးတွေ
ကျိုးအုပ်အိပ်တန်းဝင်ချိန်လို ဆူညံလွန်းရဲ့
အဆင်မပြေဘူးဆိုရင်
ပုဆိုးလေးပြင်ဝတ်လိုက်ဖို့ပဲ စိတ်ကူးရှိတော့တယ်။

၂၀၁၄

## သနပ်ခါးမစွဲခဲ့သော တနင်္လာနေ့များ

စိတ်က ခိုင်ခိုင်မနေတော့
စိပ်နေတဲ့ စိပ်ပုတီးလေး
အစကပဲ ပြန်ပြန်ကျော့နေရတယ်။

အတီတေကာလ အစွဲလမ်းများနယ်
ရှောင်ရမယ့်နေ့ရက်တွေ ရှိနေဆဲပဲလား
အယူသီးအတွေးတွေ ဆုပ်ကိုင်မထားချင်တော့ပါ။

တောင်စဥ်ခုနစ်ထပ်က ပန်းပွင့်လေးတွေ
သင်တို့ဆီ တို့မလာနိုင်သလို
တို့ဆီ သင်တို့မလာနိုင်ပါလား
သင်တို့ရပ်ရွာ
အစက ဘယ်လိုပြန်စနိုင်ပါ့မလဲနော်။

အပူပိုင်းဒေသမှာပေါက်တဲ့ သနပ်ခါးဟာ
အအေးဓာတ်တွေပေးစွမ်းနိုင်ပါတယ်
ဒီချိန်မှာ
ပါးပြင်ကိုလောင်နေတဲ့ ချော်ရည်တွေ
တစ်ချိန်မှာတော့
အစကပဲ ပြန်လည် အေးမြပါစေတော့။ ။

၂၀၁၄

## နှစ်ဆယ်နှစ် နှစ်နှစ်ဆယ်မိုး

လာရာလမ်းက
တိမ်တွေနဲ့ဆက်နေတဲ့ တောင်တွေကိုကျော်လို့
နှင်းတွေနဲ့ ဆက်နေတဲ့ ပင်လယ်ဘက်ဆီ။

မျက်ဝန်းအတွင်းဘက်ကို လိမ့်ကျနေတဲ့
အမေ့ရဲ့ မျက်ရည်ကိုမျက်နှာလွှဲ
အံခဲပြီး ပြန်ဆွဲထားတဲ့
ရောင်းရင်းတို့ရဲ့လက်တွေကို ဖြည်ချ
ဘာမှမပါတဲ့ အိတ်က လေးလံလွန်းရဲ့
စွမ်းနိုင်သမျှ ဝေးရာဒေသဟာ
ရေကြည်ရာ မြက်နုရာ။

ငါဟာ
လိပ်ပြာလုံလုံနဲ့ မှားခဲ့တာပါ
ရမ္မက်ကင်းကင်း အခါးထိခဲ့တာပါ
အတ္တမဲ့ဖြောင့်ချက်နဲ့
လူငယ်တစ်ယောက်ရဲ့ လန်းဆန်းတက်ကြွမှုဟာ
နေရာဟောင်းအတွက် ပေးဆပ်မှုပေါ့။

ငါ အဆင်ပြေပါ့မလားမတွေးဘူး
မနင်လည်းသွားရမယ့်ခရီး
ဘဝကို တွယ်တာစိတ်လေးရှိနေလို့
အစုန်ဆိုလည်း
ညင်သာစွာလက်ခံလိုက်ပါတယ်။

မိုးသည်းညလည်း ဖြတ်သန်းရဦးမယ်
နှင်းခဲလလည်း ကျော်လွှန်ရဦးမယ်
မုန်းသူရဲ့ မျက်လုံးထဲက ထွက်သွားတဲ့အမှိုက်ဟာ
မနေ့ကရွာတဲ့ မိုးထဲမှာ။

မနေ့ကလိုပဲ
ဒီနေ့လည်းမိုးရွာတယ်
နှစ်နှစ်ဆယ်ဟာ မနေ့ကလိုပဲ
ဒီနေ့လည်းမိုးရွာတယ်။

၂၀၁၄

## ဟင်းလျာများ

တို့ခံတွင်း
ကြာညိုနဲ့သင်းနေဖို့ပဲ လိုသလား။

အသားစားလည်း စိတ်မချ
အသီးစားလည်း တထိတ်ထိတ်
အော်... လောဘစိတ်တွေဟာ
ဘယ်နေရာမှာ ထိုးရပ်နိုင်မလဲ။

အချစ်ရယ်
ကိုယ်ကအင်းသား
ပဲပုပ်လေးစားတာ ဂုဏ်ယူတယ်၊
မင်းကဗမာ
မြေသြဇာမပါတဲ့
ငါးပိနဲ့သာ လွေးလေတော့။

၂၀၁၄

## မရေးဖြစ်သေးတဲ့ကဗျာ

မံသစက္ကူအပိုင်းအဝန်းထဲက
မခူးဆွတ်ရသေးတဲ့ကြယ်တွေရေ
တို့အချင်းချင်း
တိုးတိုးညင်သာဆိုခဲ့တဲ့စကားတွေကို
ခုချိန်ထိ ပွေ့ပိုက်ရေးခြယ်လို့မရခဲ့ဘူး။

ကမ်းစပ်ကိုရောက်လာတဲ့သင်္ဘောလို
လမ်းနဲ့စပ်အောင်မကပ်နိုင်တော့
ဒီခရီးကို ရောက်ပြီလို့ ဆိုနိုင်ရဲ့လား။

ပြုံးနေတဲ့ ရုပ်တုတွေက
ပြောတတ်တဲ့ ရုပ်အစစ်တွေဖြစ်မှ
သူတို့ရွှတ်ဖို့ကဗျာ
ရေးမယ်။

၂၀၁၅

# ပို့ဆောင်ခြင်း

ဇာတ်လမ်းအရဆိုရင် နဲကြီးမှတ်မှာပေါ့လေ
နွမ်းခွေသူကို ပန်းခွေလေးကငေးလို့
သွားနှင့်သူရဲ့ အေးစက်တဲ့ ငြိမ်သက်မှုဟာ
ပူပန်တဲ့ လူအသံတွေကို
ပီဘိ သူစိမ်းပြင်ပြင်...

လူတိုင်း ပေါက်တဲ့ထီလို
လူတိုင်း ရောက်မယ့်ဆီကို
ဝမ်းနည်းပက်လက်
ကျန်ရစ်တာကိုပဲ ကျန်ရစ်သူက ပို့ခဲ့ရတယ်။

အမွေးတိုင်ငွေ့တွေဝေ့ဝဲနေတဲ့ ဓာတ်ပုံဟာ
ဘဝ ဆိုတဲ့အနာကို ပုံပြသလောက်
ဘာဝနာကို ဘယ်လိုအောက်မေ့မိသလဲ
ကိုင်လာတဲ့ ပန်းတစ်ပွင့်ကို
စကားမပြောရဲပါဘူးလေ။

ဝေ့ဝေ့ဆွေးဆွေး ကြေးစည်သံလေးနဲ့အတူ
အသားလွတ်အခွဲခံရတဲ့ ရေအိုးတစ်လုံးဟာ
တစ်ဘဝစာ တာဝန်ကျေခဲ့ပါပြီ
တလိပ်လိပ်တက်နေတဲ့မီးခိုးများ
တရိပ်ရိပ်လွင့်ပြယ်မသွားမီ
ကိုယ့်အတွက်ရလာတဲ့အထုပ်ကလေးတော့
ဖြေ ကြည့် နေ မိ တုန်း ပဲ။ ။

၂၀၁၅

# တောခိုမယ့်နေ့

နိုပ်ကွပ်နေတာကို
သည်းခံနိုင်တဲ့နေ့မှာ
တောခိုမယ်။

အခက်အခဲတွေနဲ့ တောင်ကုန်းလေးဆယ်
ယုံကြည်ချက်ကို အသက်လိုဆုပ်ကိုင်ရင်း
ချီတက်မယ်။

သေနတ်က ငါ့ကိုတွေ့သွားမလား
ငါက သေနတ်ကိုအရင်တွေ့မလား...

သေခြင်းတရားကိုရင်ဆိုင်မယ်ဆို
လက်နက်ကိုင်တတ်ဖို့လိုတယ်
လက်နက်ချတတ်ဖို့လည်းလိုတယ်။

တောမခိုဖူးတဲ့လူက
ဘယ်လိုလုပ်
အလင်းဝင်လို့ရမှာတဲ့လဲ
မိုးချုပ်တော့မယ်။ ။

၂၀၁၅

## ငပလီ

ဦးသန်းနိုင်လို လေယာဉ်ပျံကြီး ဖိုးအိုသရီးနဲ့မဟုတ်ဘူး
ဒေါ်ဖြူသီလို လင့်ရိဗာကားကြီးနဲ့ မိုးထိတောင်မတက်ဘူး
အီတလီက နေဗယ်ကမ်းခြေလို လှပါတယ်ဆိုတဲ့
ဒွါရဝတီ အပျိုစင်လေး ငပလီရေ
မျက်ကွယ်ကွေ့တွေပေါတဲ့ တောင်ကတုံးတွေပေါ်က
ရရာကားနဲ့ ဟွန်းသံပေးလို့ လာခဲ့ပြီ။

ခွကျကျ အတွေးတွေကို ငွမြို့အထွက်က ပင်လယ်ဆီပစ်ချလို့
ရှေ့နားက သံတွဲမြို့မှာ ငါ့စိတ်နဲ့ ငါ့ကိုယ် သံနဲ့တွဲခဲ့မယ်
ပလီပလာတွေပေါတဲ့ တို့တိုင်းတို့ပြည်မှာ
ရေသူမက အရင်လို မလှတော့ပေမယ့်
အရင်ကလို ချစ်ဖို့ကောင်းနေဆဲ ငပလီ။

တစ်မျှော်တစ်ခေါ် အနောက်ကိုတဲ့ မျှော်လိုက်ရင်
ဒီနေ ဘယ်လိုဝင်မလဲ ထိုင်စောင့်နေရတာ
ဒီရေ ဘယ်လိုကျမလဲ ရပ်စောင့်နေရတာ
ဝီစကီ ဆားငံရေရောသောက်ရသလိုပဲ ငပလီ။

မနက်က ဝင်ကစွပ်တွေရေးတဲ့ ဒေါင်းရုပ်ပုံ သဲပန်းချီဟာ
ညနေအထိ လှိုင်းပုတ်ဒဏ်ကို ခံနိုင်ရည် ရှိနေဆဲပါလား။

ငပလီရေ... အပန်းပြေချင်လို့ သင့်ဆီရောက်ခဲ့
ရှူသွင်းလိုက်တဲ့ လေထုထဲမှာတော့
ပင်လယ်ရဲ့ အော်သံက လှိုက်လှိုက်ဖိုဖို
ကမ်းစပ်ပေါ်တင်ထားတဲ့ လှေပေါ်မှာပဲ
တစ်ရေးတစ်မော တွေးတောလိုက်မိတယ်။ ။

၂၀၁၅

## မေ့နေတဲ့နေ့တွေ

အပူကို အပူလို့ မမှတ်ရဘူးဆိုတော့
ဘယ်လိုမှ မမှတ်တတ်တော့ဘူး။

ဆူးစူးခံရတဲ့ ခြေဖဝါးက
ဓားနဲ့ခွဲထုတ်ရမယ့်အနေအထားဖြစ်တယ်။

မိုးကလည်း ကောင်းချင်တဲ့နေရာကောင်းနေတာပဲ
ငါသွားမယ့်လမ်းမှ ရေကျော်ရတယ်လို့။

မနက်စောစော ကြွေးတောင်းခံရတယ်
ဘယ်တုန်းကတည်းက
ဘာယူထားမှန်းကို မသိတော့တာ
ဒီတော့... ဘာပြန်ပေးရမလဲမသိဘူး။ ။

၂၀၁၅

# မိတ္တူ

ကျနော့်စက်က
၂၀၁၆ မော်ဒယ်။ ။

မူရင်းကောင်းမှ မိတ္တူကောင်းမယ်ဆိုတဲ့
ရက်လွန်သွားတဲ့ စကားလုံးတွေ ထားခဲ့
ကြည်လင်သွားမယ် ပြတ်သားသွားမယ်
ထင်ရှားသွားမယ်
အရင်ကထက် ကောင်းသွားမယ်။

အကြိမ်ကြိမ်ပြတ်တောက်သွားတဲ့ စာအုပ်တွေ
အောက်ခံက ညစ်ပတ်နေပြီလား
အသစ်ထပ်ဖြစ်သွားစေရမယ်။
တေးပြီးကုတ်မှတ်ထားတာတွေ
ဆွေးပြီးစုတ်ပြတ်နေပြီလား
လုပ်တတ်ရင်လွယ်လွယ်လေး...
ဆေးရောင်မွဲခြောက်ခြောက်လည်း
အသစ်နီးပါး
အဲသလောက်ကို ပိုကောင်းသွားမယ်။

တစ်ခုတော့ရှိတယ် မိတ်ဆွေ
မကောင်းတဲ့မူရင်းကိုပေးပြီး
မကောင်းတဲ့မိတ္တူလိုချင်တယ်ဆိုရင်တော့
မော်ဒယ်နိမ့်တဲ့ စက်နဲ့မှဖြစ်မယ်
ဈေးလည်း ပိုကြီးသွားမယ်။

၂၀၁၆

# ခရီး

ယာဉ်စွန်းတန်း တစ်ဖက်ဆီမှ
အခြားယာဉ်စွန်းတန်း တစ်ဖက်ဆီသို့
နေ့စဉ် အသွားအပြန်လုပ်နေရသူ
အပူကနေ အအေး
အအေးကနေ အပူ

ဒုက္ခဆိုတာမျိုးကလည်း
ငရဲကပို့ပို့ နတ်ပြည်ကလာလာ
အရသာက အတူတူ

ရပ်နိုင်ပေ့ဆိုကတည်းက ပြေးလိုက်ရတာ
ရပ်ကို မရပ်နိုင်တော့ဘူး

လမ်းတွေတော့ အများသား
တချို့က အစမှာပိတ်ပြီး အဆုံးမှာ ပွင့်နေတယ်။
တချို့က အစမှာပွင့်ပြီး အဆုံးမှာ ပိတ်နေတယ်။

ခင်သယောင်နဲ့ တင်ဆောင်လာခဲ့တာတွေ
ပစ်ချလို့အပြီးမှာ
ကိုယ့်လေ့ကိုယ်စီး
ကိုယ့်ခရီးကိုယ်သွားကြတာပေါ့။

၂၀၁၆

## ချည်ခင်ထဲက အစများ

မေတ္တာတရားဆိုတာ
ကွေ့နေတဲ့ လမ်းပေါ်မှာ
တန်းတန်းမတ်မတ်ရောက်နိုင်ဖို့
ရိုးသားကြတာမျိုးပါတဲ့။

နယ်ပယ်တိုင်းမှာ ဆရာတွေ ရှိကြတယ်
တပည့်လုပ်တတ်အောင်တော့
မြတ်စွာဘုရားရှင်က မှာတယ်။

အမေက သားကိုချစ်သလိုပဲ
ကျန်နေတဲ့ မျက်ဝန်းတစ်ဖက်ကိုချစ်သလိုပဲ
အကန့်အသတ်မဲ့မေတ္တာ
အခါခါ ပွားများကြ။

နိုင်ငံသူ နိုင်ငံသားများခင်ဗျား...
စိတ်ပူနေရင် အိပ်ပစ်လိုက်
စိတ်အေးနေရင် နိုးကြား
မေတ္တာတရားတွေ တိုးပွားမှ
အချစ်စစ်ရဲ့ အကျိုးတရားကိုခံစားကြပါကုန်။ ။

၂၀၁၆

# ငြိမ်းချမ်းရေး

အဖေ့ခေတ်ကတည်းက နံရံပေါ်မှာ ချိတ်ထားတဲ့
အဘိုး သခင်ကိုယ်တော်မှိုင်းရဲ့ ဓာတ်ပုံ
ဖုန်သုတ်သန့်ရှင်းရေးလုပ်ခဲ့ပါတယ်။

သံလွင်ခက်နဲ့ ချိုးဖြူငှက်ဟာ
ကောင်းကင်ပြာပြာအောက်မှာ
တေးသံသာနဲ့ ပျံဝဲလို့။

ငြိမ်းချမ်းရေး...
အရာအားလုံးအတွက် အားဆေး
လူသားတိုင်းညီတူသုံးဆောင်နိုင်ဖို့ကတော့
ဝေ့ ... ဝေ ... ဝေး။

ခြင်တစ်ကောင်အကိုက်ခံရတာတောင်
ပက်ခနဲရိုက်လိုက်ရမှဆိုတဲ့စိတ်မျိုး
ဒေါသနဲ့ အနာတရတွေ များလွန်းတဲ့နေ့တွေထဲမှာ။

လောကပါလတရားအရ
ငြိမ်းချမ်းရေး ဆိုတာ
ကိုယ်ပေးမှ ကိုယ်ရတယ်
သူပေးမှ သူရတယ်။

၂၀၁၆

## တစ်နေ့တစ်နေ့

မိုးရွာခဲ့ရင်လည်း တစ်နေ့
မိုးတိတ်သွားရင်လည်း တစ်နေ့
လူဆိုတာကွယ်
တစ်နေ့ဟာ အရေးပါရဲ့။

ပြည့်နေတဲ့လမ်းမထဲ
ဟာနေတဲ့ဝမ်းကို ဘယ့်နယ်ချော့ရမလဲ
စိတ်ဟာ တဖွဲဖွဲ မြေသက်လို့။

အရာအားလုံးနဲ့ဝေးလေသည့်မှ
စကားပြောဖော်တောင်မရှိတော့ပါဘူး
လွမ်းတတ်ရင် ငိုလို့ရတယ်ဆိုတဲ့ အချိုးမျိုး
ငါတို့ကတော့ကျောက်စိုင်ကျောက်သား
မာပြီးသားပေါ့ သို့သော်။

ဟော... ထွေရာလေးပါးတွေးရင်းနဲ့
မေ့နေလိုက်တာ
ငါဆင်းမယ့်မှတ်တိုင် ဘာပါလိမ့်။ ။

၂၀၁၆

# ကိုယ်ဖော့ခြင်း

သွေ့ရော်နေတဲ့ ရွက်အိုပေါ်
ကိုယ့်လက်မှတ် ဝင်မထိုးချင်ဘူး
ပန်းတိုင်နားရောက်လာတဲ့ ခြေထောက်ဟာ
အမှတ်မထင် ခေါက်တတ်ပါတယ်။

သေနတ်သံများ။ ခေါင်းလောင်းသံများ
ဂီတသံများ။ စမ်းရေစီးသံ
အသံတိုင်းဟာ
တိတ်ဆိတ်ခြင်းကို တိုက်ခိုက်တိုးထွက်ခဲ့ကြ။

မဟာရံတံတိုင်းတွေ ပေါက်ထွက်သွားတဲ့နေ့က
စံကားပန်းလေးတစ်ပွင့် ကြွေသွားတယ်
အရိပ်ရသစ်ပင်ဟာ
ယမ်းစများကိုလည်း ကာကွယ်နိုင်ပါရဲ့

ထိုသို့ ရန်းရင်းဆန်ခတ်ပြဇာတ်
ကိုယ်တိုင်ဆင်ဆာဖြတ်ခဲ့ပါတယ်
ကမ္ဘာကြီးရယ်... ခနေခါများ
သင့်အပေါ်မှာ အခင်းသွားရမှာကိုတောင်
(အားနာလွန်းလို့)
အများကြီး စဉ်းစားနေရပြီပဲ။ ။

၂၀၁၆

# ငယ်ချစ် ဆယ်နှစ်ပြည့်ပြီ

ဇိရက္ကာတေဇောရဲ့ အရှိန်နဲ့
တစ်ခြမ်းပဲ့နေတဲ့ အံသွားတစ်ငုတ်
ဒန္တသုခဆေးခန်းမှာ သွားနုတ်ပစ်လိုက်တယ်။
အို... အညိုရောင်တွေကြား
ပြောင်ပြောင်ကြီး ဝင်ပုန်းနေတဲ့ ဆံပင်ဖြူတစ်ချောင်း
အိမ်သူ့လက်ဖောင်းကြောင့် ပြုတ်ထွက်ပေါ့။

အနီးကြည့်မျက်မှန်လေးကို တပ်လိုက်ရင်း
အဝေးကြီးက နေ့ရက်တွေကို ပြန်ကြည့်မိတယ်
ငယ်ငယ့်မွေးနေ့
အော်... ငါတို့မယ် မိဘစခန်း
ဆယ်စုနှစ်ကျော်ဖြတ်သန်း
ဝမ်းမြောက်ဖွယ်တွေနဲ့ လန်းဆန်းပူးခဲ့တယ်။

မိသားစုအနုပညာ
အသာယာဆုံး ဆည်းလည်းသံလည်းဖြစ်မယ်
အညာတာဆုံး လောကဓံလည်းဖြစ်မယ်
ဒီဃာယုမှာ အရှည်ကြာဆုံး နစ်မြုပ်နိုင်သလို
အတိုထွာဆုံး ထွက်မြောက်ရာဖြစ်နိုင်ပါတယ်။

သားရေ
ဇီဝကဆရာကြီးက ဆေးဖက်မဝင်တဲ့အပင်ကိုရှာသတဲ့
လောကကြီးထဲ ရှိတာတွေ အသုံးဝင်ချင်ရင်
မရှိတာကို ရှာလေတော့။

၂၀၁၆

## ဒီနေ့လိုနေ့မျိုးဒီနေ့

ငှင်းနေ့က စိုက်ခဲ့တဲ့ ပိတောက်ပင်လေး
ပွင့်ရာကြွေရာ အကြိမ်ကြိမ်ဝင်းဝါခဲ့
ဓာတ်ကြိုးနဲ့ မလွတ်တဲ့ အကိုင်းတချို့
ဒီနေ့မှာ အချိုင်ခံလိုက်ရပါပေါ့။

ဒီနေ့လို နေ့တစ်နေ့ကို
မနေ့ကလား ဒီနေ့လားလို့ ထင်ရတယ်။

ရှိတာလေးနဲ့ ဝအောင်စားဖို့
ရတာလေးနဲ့ လှအောင်ဝတ်ဖို့
တင်းတိမ်ရောင့်ရဲမှုဟာ တို့လက်နက်ပဲ
ခရီးထွက်ခဲ့ကြတယ်။

အချစ်ဟာ
၁၀၀% ဆူဝေနေတဲ့ ရေပူတွေပါပဲလား
မေတ္တာတရားလက်ဖက်ခြောက်နဲ့ ခတ်လိုက်
ဒီလိုပဲ
ခေတ်အဆက်ဆက် သောက်သုံးလာခဲ့တာပါပဲ။

အိမ်တစ်ဆောင်ဆောက်ဖို့ အဆင်မသင့်သေးခင်မှာ
အိမ်ရာတည်ထောင်ခဲ့ကြတာ အများပါပဲ ထို့အတူ
အိမ်သူဟာ ဇိမ်ယူစာရာ အခြေအနေမပေးခဲ့ပေမယ့်
မထမ်းသော်လည်း ရွက်ခဲ့တယ်
မရွက်သော်လည်း ထမ်းခဲ့တယ်။ ။

၂၀၁၆

## လှုပ်သွားတဲ့အသံ

လျှောင်ဖြို့တော့
အရင်လို ပြန်ဖြစ်နိုင်ပါဦးမလား ပုဂံ

လမ်းကြိုလမ်းကြား
အိမ်ကြိုအိမ်ကြား
ဟိုတယ်ကြိုဟိုတယ်ကြား
လက်ကျန်လေးနဲ့ ခန့်ညားခဲ့ပါတယ်ဆိုမှ

လေဒဏ်
မီးဒဏ်
ရေဒဏ်လည်းခံ
မြေဒဏ်လည်းခံလိုက်ရပြန်ပြီ။

ရွှေထီးမိုးခဲ့တဲ့ နေ့ရက်တွေကို
စတီးရိုးနဲ့ ဆက်ကြရတော့မယ်
မိခင်မြန်မာ
အမြန်ကျန်းမာပါစေတော့။ ။

၂၀၁၆

# ဗိုလ်စိန်မှန်

အရောင်တွေစုံတဲ့ခေတ်တုန်းက သိပ်မထင်ရှားခဲ့ဘူး။
ခြေဆယ်လှမ်းစာလောက်မြေကွက်လပ်လေးရှိရင်
ခြောက်ထပ်တိုက်ဆောက်ဖို့ချောင်းနေတဲ့ဗဟန်းမှာ
အခြေအနေအရ...
မည်သူမဆို လွတ်လပ်စွာ ကစားနိုင်သည့် စာတန်းနဲ့
ခဲတစ်ပစ်စာအကျယ်အဝန်းဟာ ခမ်းနားလာခဲ့ပြီ။

သီတဂူဆရာတော်ဘုရား ဓမ္မသဘင် ကျင်းပရာ
အမျိုးသားစာပေဆုရ စာရေးဆရာများ စာပေဟောပြောရာ
ထောက်ခံခြင်းနဲ့ လက်မခံခြင်းတွေ လူထုကိုသိမ်းသွင်းရာ
အပူတစ်ခုခုနဲ့ ဆန္ဒဖော်ထုတ်ဖို့ လူစုရာနေရာ
ညညဆို ကားမောင်းလေ့ကျင့်ဖို့ တအားကောင်းတဲ့နေရာ
ခေါင်းဆောင်တွေအများကြီး ရောက်ဖူးတဲ့နေရာပေါ့။

ရွှေဂုံတိုင်လမ်းပေါ် ဘီအမ်ကားတွေ တန်းစီနေပြီဆိုရင်
ကျန်းမာရေးတွေ ရပ်ကွက်ထဲဝင်ပြေးရတာပဲ
တစ်ခါတလေ ယူဖိုတီးတွေ ဖလားလုပွဲရှိရင်လည်း
ပုစခရတွေ ကုက္ကိုပြင်ပေါ်ရောက်ကုန်တယ်။

အာရှမှာ မြန်မာကသာ အနိုင်ယူဗိုလ်စွဲရမည် တဲ့လား
မီးတားကွင်းလေး မီးမလောင်ပါစေနဲ့
ဗိုလ်စိန်မှန်ရေ... လူကြီးတွေ လေကန်နေတာနဲ့
ကလေးတွေ ဘောလုံးကန်ရတယ်မရှိဘူး။ ။

၂၀၁၆

## မှာသံအရှေ့

မူကြို
သားရေ... ဆရာမဆီမှာ ကောင်းကောင်းနေရစ်နော် မငိုနဲ့
ရှူးပေါက်ချင်ရင် ဆရာမကိုပြောနော်
မေမေ ဟိုတံခါးဝမှာ ထိုင်စောင့်နေမယ်သိလား။

သူငယ်တန်း
သားရေ... အတန်းထဲမှာ လိမ်လိမ်မာမာနေနော်
မေမေ ဟိုကျောင်းတံခါးဝမှာ စောင့်နေမယ်နော်
ဝလုံးလေးတွေ ဝိုင်းဝိုင်းရေးခဲ့ သိလား။

ပထမတန်း
သားရေ... သူများခဲတံ ပေတံတွေ ယူမလာရဘူးနော်
လိုချင်ရင် မေမေဝယ်ပေးမယ်နော်။

ဒုတိယတန်း
သားရေ... တုတ်ထိုးအကင်တွေ သိပ်မစားနဲ့နော်
ကင်ဆာဖြစ်တတ်တယ်တဲ့... ကင်ဆာဆိုတာ သားရယ်
အသားတွေ မီးကင်ခံရသလိုဖြစ်သွားတာပေါ့
သူများအသားကို မီးနဲ့ကင်စားလို့
သိကြားမင်းက ဒဏ်ခတ်တာပေါ့သားရယ်။

တတိယတန်း
သားရေ... အတန်းထဲမှာ ရန်မဖြစ်ရဘူးနော်
သူငယ်ချင်းတွေကို အနိုင်မကျင့်ရဘူးနော်
သူများချစ်စေချင်ရင် သူများကိုလည်း ချစ်ရတယ်သား။

စတုတ္ထတန်း
သားရေ… ဒီနှစ်က အစိုးရစစ်တဲ့
အောအောနဲ့ အောင်ဖို့ စာသေချာကျက်ရမယ်နော်။

ပဉ္စမတန်း
သားရေ… ဘောင်းဘီတွေ မဝတ်ရတော့ဘူး
ဒီနှစ်ကစပြီး ပုဆိုးဝတ်ရတော့မယ်
လှလှဝတ်ဖို့ထက် မြဲမြဲဝတ်ဖို့က အဓိကကျတယ် သား။

ဆဋ္ဌမတန်း
သားရေ… မုန့်ဖိုးတွေ ထည့်ပေးလိုက်တယ်နော်
သူများတွေ မစားတဲ့အချိန်မှာ
ကိုယ်တစ်ယောက်တည်းဝယ်မစားရဘူးနော်။

သတ္တမတန်း
သားရေ… အတန်းထဲမှာ ဖုန်းခိုးမဆော့ရဘူးနော်
ကောင်မလေးတွေကို ရည်းစားစာလိုက်မပေးနဲ့နော်
ဆရာမ သိရင် ကျောင်းအုပ်ကြီးဆီ ရောက်လိမ့်မယ်။

အဋ္ဌမတန်း
သားရေ… မျက်နှာပေါ်က ဝက်ခြံလေးတွေ မညှစ်ပစ်ရဘူး
အမာရွတ်ဖြစ်သွားရင် ကြီးတဲ့အထိ ပါသွားမှာ
ဒီနှစ်ဆို သားရဲ့ အလယ်တန်း နောက်ဆုံးနှစ်ပဲ
ဒီကစပြီး ဘဝရဲ့ လမ်းစတချို့ကို လျှောက်ရတော့မယ်
ရည်မှန်းချက်ကို ပိုင်ပိုင်နိုင်နိုင်ချရတော့မယ်သား။

ဒါတွေဟာ… မနက်မနက် ကျောင်းမတက်ခင်
သူ့အမေရဲ့ ပြဋ္ဌာန်းစာတွေပေါ့လေ။ ။

၂၀၁၇

## ဆေး

'ခန္ဓာရှိရင် ဝေဒနာရှိတယ်'
'အနာသိရင် ဆေးရှိတယ်'
အားလုံး နားလည်လွယ်တဲ့ စကား။

ဘုရားရှင်လက်ထက်တော်မှာ
ဆရာကြီးဇီဝက
ဆေးဘက်မဝင်တဲ့ အပင်ရှာမရခဲ့ဘူးတဲ့။

'ကတိသစ္စာ တည်သောခါ၌
နွယ်မြက်သစ်ပင် ဆေးဘက်ဝင်'

တိုင်းရင်းဆေးသမားတော်ကြီးတစ်ဦးဟာ
ဗောဇ္ဈင်္ဂသုတ်တော်ကို တဖွဖွရွတ်ရင်းဆေးထောင်းသတဲ့
အနာမျိုး ၉၆ ပါး
သူ့ဆေးနဲ့ မပျောက်တာ ခပ်ရှားရှားပါပဲ။

အော်... ခုခေတ်အခါနဲ့ ခုအနာ
ရောဂါတွေ အမျိုးမျိုးပေါ်လာသလို
ကုသမှုအဖြာဖြာလည်း ပြောင်းလဲနေမှာပဲ

မသေသောဆေးသမားဆိုတာ
အာရောဂျံ ပရမံ လာဘံကို
အနာခံပေးဆပ်သွားသူတွေ ဖြစ်ပါတယ်။

သမားတော်ကြီး လေးလေးဦးချစ်ငွေသို့...

၂၀၁၇

## အရေးပေါ်

စိတ်လှုပ်ရှားစရာ မြည်တွန်သံတွေနဲ့
လူနာတင်ကားတွေ ဆင့်ကဲဆင့်ကဲ
လမ်းမတော်လမ်းမထက်က
ဆင်ဝင်အောက်ထဲ ထိုးဝင်သွားကြတယ်။

ခေါင်းခါးခြေလက်
အဖြစ်အပျက်အစုံအလင်နဲ့
မကြုံချင်လည်း ကြုံလေသည့်ကိစ္စ
လူ့အဖြစ်ဟာ… စိတ်ချရတယ်မရှိပါလား။

ဆရာဝန်မျက်နှာကိုကြည့်
ဆရာမမျက်နှာကိုကြည့်
ပါမပါမသိတဲ့
ကိုယ့်ပိုက်ဆံအိတ်ကိုလည်း ကိုယ်ဖွင့်ကြည့်။

တောင့်ထား တောင့်ထား
ဘုရားစာရွတ်နေတဲ့ကြားက
တောင့်မသွားအောင်ဆုတောင်းရ။

ဒီနေရာမှာ ဘယ်သူ့ပိုအရေးကြီးသလဲ
ဒီနေရာမှာ ဘယ်သူ့ပိုအရာရောက်သလဲ
အရေးပေါ်ဌာန
အပျော်လေးတွေ
အလျော်ပေးလိုက်ကြ။

၂၀၁၇

# ညနေချိုချိုတစ်ခွက်

လေညင်းက ဆည်းလည်းသံချို ကြားရတယ်ဆိုရုံလေး
မိုးပေါက်က မဆိုသလောက် စိုလောက်ရုံလေး
နေခြည်ကလည်း ရွှေသားအတိကိုထိတော့
မသိတသိလေး ဆွတ်ပေးလိုက်တဲ့ ပုစွန်ဆီရောင်အလင်း

ပရိယေသနရုံးဆင်းချိန်လေးရောက်ရင်
တူပြိုင်လေ ကူးဖို့ရည်ရွယ်သူနှစ်ဦး
ဆူးလေရင်ပြင်တော်မှာ
ရေချမ်းထပ်တူ ပန်းကပ်လှူ
မီးလိုပူတာတွေကို မီးနဲ့ပူဇော်ခဲ့လေတယ်။

တောင်ဘက်မုခ်ကအထွက်
လူကူးတံတားလေးပေါ်လှမ်းတက်ရင်း
လမ်းတစ်ဖက်က မဟာဗန္ဓုလပန်းခြံ
ချစ်သူများကို ဝန်းရံဖို့
နန်းဆန်သူတို့ လာခဲ့ပြီ။

အဝိုင်းပတ်မောင်းနေတဲ့ ကားတွေကဆူညံ
ဟို… တေးသံသွင်းဆိုင်က လွင့်ထွက်လာတဲ့ဂီတ
ဓာတ်ပုံဆိုင်က နှစ်ဦးသားပုံရိပ်နဲ့ကြော်ငြာ
တွေ့ဆုံချိန်ခဏ ပျော်စရာကို ဘာနဲ့ပိတ်ဖုံးနိုင်မလဲ
အချစ်တွေ မဆိတ်သုဉ်းအောင် တံဆိပ်တုံးလေးအပ်
နှလုံးသားမှာ အမှတ်တရ ခတ်နှိပ်ကြတယ်။

အချစ်ရေ…
ချိုသာအေးမြဖို့
ခိုစာကျွေးကြပါစို့လား…
တစ်သက်အဆွေးလွတ်ဖို့
ငှက်ကလေးလွှတ်ကြစို့လား… တဲ့။
မေတ္တာတရားနဲ့ သနားတဲ့စိတ်ကြောင့်
ပါးတဲ့အိတ်က အလိုလို ထူလာခဲ့။

အချစ်ရေ…
သူ့လိုကိုယ့်လို အလွှာတစ်ထပ်ထဲကမို့
အနာဂတ်ဟာ မိုးသားတိမ်လိပ်မကင်းပေမယ့်
လက်ရှိညနေခင်းက လင်းပါတယ်။

အချစ်ရဲ့ လက်ဟာ
မြစ်တစ်ဖက်က အိမ်ကိုပြန်မယ့်သူအတွက်
နှစ်သက်ဖွယ်အားအင်ကိုဖြစ်စေသမို့

လာ… အချစ်
မိုးမချုပ်ခင်
မိုးမသည်းခင်
အကြင်နာရင်ခွင်ထဲအရောက်
တွဲ လျှောက် ကြ စို့။

၂၀၁၇

## အရှူးများ

လမ်းတစ်လျှောက် အတန်းလိုက်ဓာတ်ကြိုးတွေ
အိမ်ထဲဝင်ခါနီးမှ ရှုပ်ကုန်တယ်...
အဲဒီမိုင်လေးတပ်မြို့တော်မှာ
သေးလိုက်တာ ဓာတ်ကြိုးလေးပါးဆေးနဲ့
အယူဝါဒ သည်းခြေပျက်တွေကို ထိပ်ဆုံးကသခဲ့။

ဆိုကရေးတီးက မေးတော့
ကောင်းမြတ်ခြင်းဟာ အသိပညာအနားမှာနေပါတယ်
အသိပညာက တွေးဆင်ခြင်ခြင်းအနားမှာနေပါတယ်လို့
အဖြေထွက်လာတယ်။

မစဉ်းစားနဲ့ ရူးသွားမယ်
မတွေးခေါ်နဲ့ ရူးသွားမယ်
မတီထွင်နဲ့ ရူးသွားမယ်
တရားမထိုင်နဲ့ ရူးသွားမယ်
ရူးသွားမယ် ... ရူးသွားမယ်နဲ့
ရူးမှာကြောက်ရင်း
ပဒိုင်းသီးမစားဘဲနဲ့ တကယ်ရူးသွားတာတွေ
မြန်မာပြည်မှာ အများကြီးရယ်။ ။

၂၀၁၇

## ကစဥ့်ကလျား

ဆည့်ကဆောက်လို့မပြီးသေးဘူး
ရေကဖောက်ချင်နေပြီ။

တစ်ကိုယ်လုံး ရောင်ကိုင်းနေတော့လည်း
ဘယ်နေရာကိုပဲ ဆီလူးလူး
ထူးလှတယ်မထင်ဘူး။

မိုးတော့ ပုံမှန်ရွာနေတာပဲ
မလိုအပ်တဲ့နေရာမှာ။

မျှော်လိုက်ရတာဆိုတာလေ
ရောက်လာတော့လည်း
မတော်တဲ့ဖိနပ်ကြီး စီးလို့။

၂၀၁၇

## မောင်းမရရင် ရပ်ထားလိုက်

ဖန်တစ်ရာတေနေမြင်ကွက်တွေနဲ့
လမ်းပေါ်တက်ပြီး ကားမောင်းနေတယ်

တရားစာရွတ်ပြီးမောင်းသူ အနားမှာပွတ်ပြီးမောင်းသူ
သီချင်းနားထောင်မောင်းသူ အတင်းဝါးယောင်မောင်းသူ
စည်းကမ်းတရှိမောင်းသူ နည်းလမ်းမသိမောင်းသူ
တန်ဖိုးကြီးကားမောင်းသူ ရန်ငြိုးကြီးထွားမောင်းသူ
အဝင်ရဲပြီးမောင်းသူ တမင်ဆဲပြီးမောင်းသူ
မီးပြမောင်းသူ စည်းခွမောင်းသူ
မီးသတ်ကားမောင်းသူ စည်းမှတ်သားမောင်းသူ
ဆီကားမောင်းသူ ကျီစားမောင်းသူ
ရေကားမောင်းသူ ထွေပြားမောင်းသူ
အသားတင်မောင်းသူ အငှားယာဉ်မောင်းသူ
အတော်အလှမောင်းသူ အကျော်အခွမောင်းသူ
လက်ထုတ်တောင်းမောင်းသူ တက်သုတ်လောင်းမောင်းသူ
စတိုင်ထွားမောင်းသူ ပြိုင်ကားမောင်းသူ
ကွမ်းစားပြီးမောင်းသူ ဟွန်းတအားတီးမောင်းသူ
ကြောင်းကျိုးဆင်ခြင်မောင်းသူ ခေါင်းထိုးဝင်ဝင်မောင်းသူ
အကောင်းအမှန်မောင်းသူ တပြောင်းတပြန်မောင်းသူ
လိုင်စင်ချိတ်မောင်းသူ ပြိုင်ချင်စိတ်နဲ့မောင်းသူ
အရေးပေါ်ယာဉ်မောင်းသူ အတွေးခေါ်ဝင်မောင်းသူ
ကျောက်လေးကားမောင်းသူ နောက်ဖေးကားမောင်းသူ

သာမန်မောင်းသူတွေကြား
ထူးခြားစွာ မောင်းသူတွေ ရှိတတ်ပါရဲ့
စည်းကမ်းကောင်းသလောက်
ကျီးကန်းတောင်းမှောက် ကြည့်နေရတဲ့မျက်လုံးတွေ

ပုံမှန်သွားလာ ပြဿနာမရှိပေမဲ့
စကိတ်,စက်ဘီး ဆိုင်ကယ်စီးသူတွေ
အရမ်းစပ်စလူး လမ်းဖြတ်ကူးသူတွေ
ခွင်အသစ်ဆင် ငွေညှစ်ချင်သူတွေ
ပိုင်ရှင်မဲ့ တိရစ္ဆာန်တွေ...
သတိထားရမယ်... သတိထားရမယ်...

အမှန်တကယ်တွေးကြည့်တော့
လူ နတ် ဗြဟ္မာ သတ္တဝါဆိုတာတွေက
ဟောဒီလမ်းမထက် တက်လာပြီဆိုရင်
အန္တရာယ်ပေးတတ်တာတွေချည့်ပါပဲ။

ဘယ်သူမှားမှား နင်ခံ ဆိုတဲ့ လောကမှာ
တရားတာ မတရားတာ သိပ်ပြောမနေနဲ့တော့
ကိုနောင်ရေ...
မောင်းမရရင် ရပ်ထားလိုက်။ ။

၂၀၁၇

# တအားလွမ်းတဲ့ ဘားလမ်းနေ့တွေ

ဘားလမ်းတဲ့
နာမည်ကြားတာနဲ့ ဖျားသွားနိုင်တဲ့
ရန်ကုန်မြို့ထဲတစ်နေရာ... ဒီလမ်းမှာ
နိုင်ငံကျော်ပုဂ္ဂိုလ်တွေ, နိုင်ငံမကျော်တဲ့ပုဂ္ဂိုလ်တွေ
အနုပညာများစွာ ရှာဖွေစီးဆင်းခဲ့ကြတဲ့နေရာ။

ဒဂုံတေးသံသွင်း
စော်ဘွားတို့ရဲ့ နောက်ဆုံးစာရင်းဝင်အဖိုးဟာ
မြန်မာ့ရိုးရာကို ချစ်မြတ်နိုးတာနဲ့ တည်ထောင်ခဲ့ပြီး
ဦးလေးရဲ့ ရိုးမာစတာဆိုတာ တစ်ပြည်လုံးသိခဲ့တယ်။

ဦးဝင်းဦးရဲ့ နှစ်ဖက်သံကြား စုံတွဲသီချင်း
ဦးသောင်းတင်ဌေးနဲ့ တွံတေးသိန်းတန်ခေတ်အဆက်
ကိုသန်းလှိုင် နှစ်သက်သူတွေအတွက် ဝေဒနာပြပွဲ
စတီရီယိုခေတ်ဦးက ဦးသိန်းတန်၊ ဦးသန်းနိုင်အဖွဲ့ရဲ့
အသက်ကလေးစပယ်ခိုင် ဟာ လူတကာရင်ထဲရောက်ခဲ့။
ရောခ့်ဂီတ အဦးအစက စောဘွဲ့မှူးနဲ့ လက်တွဲ
ရှမ်းပြည်နယ်ထွက် အဆိုတော်တွေလည်း အမြဲရှိ
ကိုတိုးကြီးနဲ့ မေဆွိရဲ့ အခါတိုင်မယ့်မိုးဟာ ခုထိရွှာတုန်း
ဂျေမောင်မောင်က သီချင်းဘဏ်တိုက်ကြီးလို့မှတ်ချက်ချ
မြန်မာပြည်မှာ ထွက်တဲ့သီချင်းခွေအကုန်ရတဲ့နေရာ
အဲဒီတုန်းက လက်ရွေးစင်ကူးတဲ့သီချင်းထဲမှာ
ကက်ဆက်ခွေကာဗာဆိုတာ တစ်စခန်းထ
ကျနော်နဲ့ အစ်မက လက်ရေးအစွမ်းပြခဲ့ရတာပေါ့။

ကဗျာဆရာ ရွှေညာခိုင်စိုးရဲ့ ရောင်နီခြေသံနဲ့အတူ
သျှိသူ၊ ငွေးအောင်၊ လင်းမွှေး၊ ဆူးခက်၊
လင်းအောင်ပြည့်၊ ညီဇေ၊ ဇေမိုး၊ ကေသွယ်မြင့်
ကဗျာဆရာတော်တော်များများနဲ့ ခင်မင်
လေထန်ကုန်းကပြန်လာရင် တစ်ခါစခန်းချကြတယ်။

လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ
ကိုရှမ်းတစ်ခွက် စီးကရက်တစ်ပွဲနဲ့
မနက်ကတည်းကနေ ညနေအထိထိုင်ခဲ့တဲ့နေ့တွေ...
အဖွားကျွေးတဲ့ ထမင်းသုပ်တစ်ပန်းကန်နဲ့
တစ်ညလုံး လေထန်ခဲ့ကြတဲ့အချိန်တွေ...
ဝါသနာကို အရင်းခံလို့ ကွန်ပျူတာဆိုင်လေးဖွင့်တော့
ပန်းဖလက်တွေ တဖွေးဖွေး ပွင့်ခဲ့တယ်...

ဒီလိုနဲ့... ကတ္တရာလမ်းပေါ်ကျသွားတဲ့ ဖန်လုံးလေးတွေလို
တစ်ယောက်တစ်နေရာစီ လိမ့်ထွက်သွားလိုက်ကြတာ
ခုဆို ဆယ့်ငါးနှစ်သာသာရှိလောက်ပြီ။
တစ်ခါတစ်ရံ လမ်းထဲပြန်ရောက်ရင်တောင်
အားလုံးအသစ် သူစိမ်းပြင်ပြင်ဖြစ်သွားရဲ့။

ထိုသို့ပင်... သမိုင်းတစ်စိပ် ဒီပျော်စရာတွေ ဝေးသွားခဲ့ပေမဲ့
အကိုင်းတံဆိပ် တိပ်ရီကော်တာနဲ့
ဟီတာချီ ကက်ဆက်ခွေအဖြူရောင်လေးမှာ
ဟိုတုန်းက ရွတ်ဆိုအသံသွင်းကြတဲ့ကဗျာရွတ်သံလေးတွေ
ဟက်ပေါက်နေပေမဲ့ အသက်လောက်ချစ်ဆဲ
မော်တာကြိုးလျော့ ကက်ဆက်အသံထုံအီအီကြီးနဲ့သာ
တသက်သက် အမှန်ယုံကြည်စွာ ပြန်ဖွင့်နေမိတယ်။ ။

၂၀၁၇

## အတု

ငါတော့ငါပဲ
ငါမဟုတ်တဲ့ငါ

အဆင်းပြင်ဟာ
အရင်က ငါမဟုတ်
အတွင်းခွင်ကလည်း
တစ်ခုမှ ငါမပိုင်

ဒါနဲ့
ငါ့ဓာတ်ပုံမဟုတ်ဘဲနဲ့
ဘာကြောင့်များ
ငါ့အယ်လ်ဘမ်ထဲရောက်နေပါလိမ့်။ ။

၂၀၁၇

## အကြောင်းပြချက်များ

အကြောင်းရှာတာ
အကြောက်ရှာတာထက်လွယ်တယ်
အကြောင်ရှာတာထက်မြန်တယ်

အကြောင်းအရာတွေက
အက်ကြောင်းရှိရာစိန်နဲ့ဖြတ်လို့
စိန်နဲ့ဖြတ်ခဲ့တဲ့ အကြောင်းတွေ

အကြောင်းကြောင့်ဖြစ်တဲ့အကျိုးက
အကျိုးကြောင့်ဖြစ်တဲ့အကြောင်းဖြစ်ကြောင်း
ကျောင်းဘုန်းကြီးက လမ်းကြောင်းပြတယ်

ရေကြောင်းလေကြောင်းရေကြောင်းတွေ
ထိန်းကျောင်းရခက်တဲ့ စီးကြောင်းတွေ
ရေးသားရခက်တဲ့ အရေးအကြောင်းတွေ
ကဗျာဆရာရဲ့ အပ်ကြောင်းတွေ
ဖြောင့်ဖို့ခက်တဲ့ မျဉ်းကြောင်းတွေ

နှစ်ဟောင်းဆိုတာ ဒီလိုနှုတ်ဆက်ရတာတဲ့
ကျနော်လည်း မဆီမဆိုင်ခွက်မြှောက်လိုက်မိ
တကယ်ပဲ
ကိုယ့်လစ်မစ်လည်းကိုယ်မသိ
ကိုယ်အကြောင်းလည်းကိုယ်မပိုင်။ ။

၂၀၁၇

## တည်ရာနေရာ

၂၅ နှစ်လောက်
အရေးကြီးတိုင်းရောက်ခဲ့ရာ
နှစ် ၂၆၀၀ ကျော်တဲ့ စေတီတော်မှာ။

တဖုသဿညီနောင်၊ ရှင်စောပု
ရွှေအတိကို တည်ထောင်ခဲ့ကြသူများ
ယူသွားကြတာမရှိ ထားခဲ့ကြတာချည့်။

ငြိမ်းချမ်းအေးမြခြင်းရဲ့တည်ရာ
မြင့်မြတ်သူတို့နားခိုရာနေရာ
အစောဆုံး ဉကမ္ဘာ
မွေ့သရီလေးဆူထွန်းပလာခဲ့ရာ။

အရှေ့ဘက်မုခ်
ပတ္တမြားမျက်ရှင်ဘုရားအနီးအနား
အရံစေတီတို့ရဲ့ အကြားမှာ
တရားရှာသူတွေ မရှားပါ။

သစ္စာရှာသူတို့ တည်ရာ
ဖူးရောက်သူတိုင်း ကြည်လင်စွာ
မေတ္တာရဲ့ အရသာကို ခံစားရရှိတဲ့ နေရာ။ ။

၂၀၁၈

# ရလပ်များ

လိုတာမရတာတွေနဲ့ အသားကျနေရင်း
လိုတာရသွားပြီဆိုတဲ့အခါကျတော့
လိုတာရတာကို မလိုချင်ပြန်ဘူး။

ငါးမရ ရေချိုးပြန်မယ်ဆိုတဲ့လူက
ငါးရပြန်တော့လည်း
အကြီးလားအသေးလား သွားဖြဲကြည့်နေသေးရဲ့။

တောလိုက်တုန်းက မောဟိုက်တာချင်းအတူတူ
သားကောင်ရမှ ရင်သားကျောသားခွဲချင်
ငါပစ်တာ နင်ပစ်တာ ငြင်းခုန်ကြပြန်ရော။

ငယ်တုန်းက ဆရာတစ်ဦးပြောဖူးပါတယ်
တချို့ကွက်လပ်တွေက မဖြည့်ဘဲထားရင်
အမှန်တရားနဲ့ ပိုပြီး ဆက်စပ်နီးနွယ်သတဲ့။

ခင်ဗျား၊ ကျွန်တော်
ဖလားလေး တစ်လုံးအတွက်နဲ့
ပြေးလိုက် လွှားလိုက်ရတာဆိုတာ
ရလည်း ရရော
ရတာက အလွတ်ကြီးပါပဲလားဟရို့။ ။

၂၀၁၈

# သံသရာထဲက နှစ်

နှစ်ရှည်ပင်ကြီးတွေကို အသက်ငယ်ငယ်နဲ့ခုတ်နေမှတော့
နှစ်တိုပင်တွေ ဆေးဖျန်းခံရတာ မဆန်းလှဘူး
ငါတို့မှာလည်း ကျက်တဲ့နေရာက စစားနေရ။

လက်သိပ်ထိုးလိုက်လို့ ပြီးသွားမယ့်ကိစ္စမျိုးတွေ
လိုင်းပေါ်တက်သွားတဲ့အခါများမှာ
တို့တိုင်းပြည်မှာ ကူးစက်ရောဂါက မြန်လွန်းလှတယ်။

မှုန်မှိုင်းနေတဲ့ မီးပွိုင့်တွေနောက်မှာ
တောက်ပနေတဲ့ မီးပွိုင့်တွေ ထပ်ပြီး တပ်ထားတယ်
လမ်းကြောင်းက မရှင်းသေးဘူး
လမ်းတစ်ဖက်ကနေ ကြက်ဥနဲ့ လှမ်းမပေါက်ပါနဲ့။

"သံသရာ ဆွဲဆန့်လို့ ဘယ်လောက်ပင်ရှည်ရှည်"
အမေဒေါ်မာမာအေးရဲ့ သီချင်း
ဘယ်ခေတ်အထိ ပြန်ဆိုနေကြဦးမလဲမသိဘူး...
"ချစ်သူ့နယ်မြေသည်သာ ငြိမ်းချမ်းနယ်မြေ" တဲ့။

ဒီလိုနဲ့... ၂၀၁၈ ဟာ
ဟိုးလေးတကျော်ကျော်နဲ့ ပျော်ပျော်ကြီးရောက်လာတယ်
လူတွေကလည်း ဂဏန်းကို နောက်ပြန်ကြီးရေလို့
မီးပန်းတွေလွှတ်လို့ ပြောက်အိုးတွေခွဲလို့...
ငါတို့မှာလည်း မျှော်လင့်ချက်တွေ အသစ်ဝေလို့။ ။

၂၀၁၈

# ၁၉ ၉၄

တကယ်ပျော်တဲ့ရက်တွေနဲ့
ဆယ်ကျော်သက်ဟာ
ဒီတစ်နှစ်တည်းကျန်တော့တယ်။

ရင်မှာအရေးလုပ်ခဲ့တာတွေ
ရေမှာအရုပ်ရေးခဲ့တာတွေ
ထားခဲ့တော့မယ်...

ကုလားအုတ်တစ်ကောင်အတွက်
ဆာဟာရဟာ စမ်းကြည့်ချင်စရာပဲ
မေမေခွင့်လွှတ်ပါ။ ။

၁၉၉၄

# ပြာသိုသား

တစ်အင်းလုံး
နှင်းဖုံးနေလေပြီထင်။

အကြောင်းဆို
ဆောင်းကိုထွေးပွေ့လာသူ
မွေးနေ့ရက်ပါကွဲ့
နှင်းထုဖွဲ့ဆင်။

ပြာသိုရဲ့ချမ်းခိုက်တွင်
မေမေ့ဝမ်းတိုက်အပြင်ကမ္ဘာလောက

ဖွားသန့်စင် လကွယ်သမယမှာပဲ
ဘဝက စ
ထာဝရ သတိတရ။ ။

၁၉၉၅

# လမရှိသောနေ့တစ်ည

ဒီချိန်ဆို… ပြာသိုလကိုနှုတ်ဆက်ရင်း
အင်းလေးမှာ နှင်းတွေဝေရောမယ်
လွမ်းတယ်မေမေရယ်…
မေးခိုက်ခိုက်တုန်တဲ့ရာသီဖွဲ့တွေထဲ
အအေးနဲ့လောင်မြိုက်နေတဲ့ကြာပွင့်လို
ညိုတာတောင်မှ မတောက်မပနဲ့ပါ။

ဘာပဲပြောပြော ဆောင်းမှာမွေးတာဆိုတော့
အအေးကြိုက်တယ်မေမေ
ရောက်ရာအရပ်ကတော့
ဆောင်းကလည်း ကျားကျားလျားလျားမရှိဘူး
နှင်းဆိုလည်း ကွက်တိကွက်ကျား
တစ်နယ်တစ်ကျေးမှာ ချွေးထွက်ပေ့ါ။

ညညဆို
တံတားမှာချည်ထားတဲ့ အမေ့လှေကလေး
မျောသွားမှာစိုးလို့ ထထကြည့်ခဲ့ရ
အခုတော့ မြို့ပြရဲ့ လမ်းဘေးထိုးရပ်ထားတဲ့ကားတွေကိုငေး
ချည်တိုင်မရှိတော့တဲ့ ညလေးတွေပေ့ါမေမေ။

နှင်းတွေက ပေ့ါလို့လွင့်ရတာဆို
သားက လေးလံပြီးလွင့်ခဲ့ရတာပါ
ဒါပေမဲ့
ကမ္ဘာမြေပေါ် ဒီလိုနေ့မျိုးမှာ ဆောင်ကျဉ်းပေးခဲ့တာတော့
ကျေးဇူးတင်မဆုံးပါဘူးမေမေရယ်…။

၁၉၉၆

## ၂၂

ကျောင်းဖွင့်နေတုန်းက ကျောင်းလစ်ချင်တဲ့ကောင်
သက်သက်မဲ့ ကျောင်းတွေပိတ်ပြန်တော့
ကျောင်းတက်ချင်လာတယ်။

စာမသင်ဘဲနဲ့
ပညာတတ်ဖြစ်ချင်တယ်... ရမလား။

လတ်လျားလတ်လျားနဲ့
အသက်တစ်နှစ်ကြီးသွားပြန်ပြီ
ဇာတာထဲကလို အသက် ၁၂၀ ရှည်မလား။

ဘယ်ချိန်တက်တက်
ပေါင်ချိန်စက်က ၁၂၀။ ။

၁၉၉၇

အယ်ကျော်မြတ်ခိုင် [အင်းလေး]

# ပိန်းကောလှေ

ကဗျာများ







# သီချင်းများနဲ့ဘဝ

ဂီတနဲ့တေးသွား
လူတိုင်းလေးစားကြရဲ့မဟုတ်လား
ငါ့ကျ ရှားရှားပါးပါး
တေးသံသွင်းဆိုင်က အလုပ်သမား
တိပ်ရီကော်တာလို လည်လိုက်ရပ်လိုက်
ကက်ဆက်ခွေတွေကြားမှာ
၂၃ နှစ်ဟာ ပြားချပ်ချပ်။

သူများကြိုက်တဲ့သီချင်းကိုပဲနားထောင်နေရတာ
ကိုယ့်နားကိုယ်မပိုင်တော့ဘူး။

ရှေ့ရောက်နောက်ရောက်အသံတွေ
ကြာနီကန်နဲ့ ဂျွန်လင်နွန်
ခင်မောင်ရင်နဲ့ မိုက်ကယ်ဂျက်ဆင်
တစ်ခါတလေတော့
မေမေကြိုက်တဲ့ မာမာအေး
ငါကြိုက်တဲ့ ပလေးဘွိုင်သန်းနိုင်
ကဲ... ဦးတွံတေးဆို သံပြိုင်ဆိုကြ။

လေးဖြူရဲ့ မျှော်လင့်ခြင်းလေးနဲ့
ထူးထူးခြားခြား အကူးများတဲ့သီချင်း
မေဆွိရဲ့ ပျော်စရာမွေးနေ့ အချစ်အတွက်
အိပ်မက်မက်မိပေါ့။ ။

၁၉၉၈

## အသံမအောင်တဲ့နေ့

ဒဿနိကဗေဒစာသင်ခန်းထဲက
ယန်းပေါ်ဆတ်ရဲ့
ဖြစ်တည်မှုအဓိကဝါဒ
ငါကစာမေးပွဲအောင်ဖို့လိုတယ်
စာကျက်ရမယ်။

ဓမ္မာရုံမှာဖွင့်နေတဲ့
တေဘုမ္မာသီချင်း
ပဋိစ္စသမုပ္ပါဒ်ကိုနှလုံးသွင်း
စက်ဝိုင်းနည်းနဲ့လည်း မရှင်းခဲ့။

ဖယောင်းသုတ်ထားတဲ့စက္ကူဟာ
မှင်မစွဲသလိုပဲ
အရာမထင်တဲ့ရက်တွေများခဲ့ပေါ့။

သာဓုပါခင်ဗျား
ဤသည့်ပုည ကုသလကြောင့်
မွေးနေ့ရှင်..........
.................
...............
ခေါင်းလောင်းမထိုးဘဲပြန်ခဲ့တယ်။ ။

၁၉၉၉

## ငွေရတု

ဒုက္ခတစ်ကျပ်သားကိုတော့
အနိစ္စတစ်မတ်စားသွားပြီ
မပိုင်ဆိုင်တဲ့ လောကလူ့ရွာ။

လူကအပြေးမသန်တဲ့ကြားထဲ
ခေတ်က အကန့်အသတ်မရှိကျောင်းပိတ်ပြန်တော့
ငါဆွဲဖွင့်ရမယ့်တံခါးဟာ
ငါသင်ယူစရာ လူ့ဘုံခန်းဝါ။

ပုခက်ချိတ်ကနေ
အသက်အစိတ်ပြည့်ခဲ့ပြီ
ငါ့စိတ်တွေ
အစိတ်စိတ်အမွှာမွှာ။

ခုချိန်မှာ
လူပြောများနေတဲ့ ဝိုင်တူးကေလို
ငါ့ကိုယ်ငါလည်း တထိတ်ထိတ်တပြာပြာ။ ။

၂၀၀၀

## ငွေရဲ့အလွန်

စီးကရက်မကြိုက်တဲ့ကောင်က
စီးကရက်ရောင်းနေရတာ...
စီးကရက်အခိုးအငွေ့တွေလို
ဝေ့လွင့်ခွေမျောလို့။

ဥပဒေမှာ
မကြော်ငြာနဲ့ လုပ်ချင်တာလုပ် တဲ့...

ကြိုက်ချင်တာတွေ စိတ်ကြိုက်ကြိုက်ဖို့
အသက် ၁၈ နှစ်ပြည့်ရဲ့လား
အာဇီဝကို ခွန်းတုံ့မပြောရဲလို့
ရတုသစ်မှာ
ဘယ်သူ့အပြစ်မဆိုချင်လေဘူး။

လေထုညစ်ညမ်းမှုကိုဖာထေးဖို့
ကိုယ်ပိုင်မြေလေးတစ်ကွက်မှာ
အောက်စီဂျင်ဘူးလေး စိုက်နေချင်တော့တယ်။

၂၀၀၁

# ကိုးနဝင်းအတွေး

မွေးနေ့တစ်ခါရောက်တော့
အစတစ်ခုကို ဆွဲရပြန်တာပေါ့။

တစ်နေရာဆီချဉ်းကပ်သွားတဲ့
ချည်မျှင်လေးဟာ
မေ့မေ့ရက်ကန်းစင်က
လွန်းအိမ်လေးရဲ့ တောက်ခေါက်သံနဲ့အတူ
သွားတယ်… ပြန်တယ်

သက်စေ့ပုတီး
ဂုဏ်တော်ကိုးပါး သုံးခါပြန်စိပ်ဖို့တွေးခဲ့
မဖြစ်မြောက်ခဲ့ဘူး
ဒီ ဖွာလန်ကြဲစိတ်တွေနဲ့

တနင်္လာထောင့်မှာ နှင်းပန်းလှူမယ်
အပန်းတွေပြေအောင်လို့။ ။

၂၀၀၂

## လူ့ပြည်ရောက်တဲ့နေ့ ၂၈

ဘယ်အထိခေါ်ဆောင်သွားကြမှာလဲ
(မသိဘူး)
ယုံချင်လွန်းလို့
ကိုယ့်ဒူးကိုယ် ဆေးလိမ်းရအခါခါ
၂၈ နှစ်ဟာ
ကျိုက္ကစံကွင်းမှာ လမ်းလျှောက်တာလောက်တော့
စောစောနီးထသင့်တာပေါ့။

နှင်းနဲ့လူးတဲ့ တနင်္လာနေ့ဟာ
အမိပ္ပာယ်ရှိရှိ ခေါ်ဆောင်လာခဲ့ပြီး
အမိပ္ပာယ်မဲ့ ရှေ့မှာကျန်ရစ်။ ။

၂၀၀၃

# ခရီးသည်

အလောင်းတော်
တောထွက်တဲ့အရွယ်မှာ
ဟောဒီကောင် အမိုက်အမဲလေးက
တောဝင်တော့မယ်။

ဘဝတစ်ခုကို ရယူမယ်အမှတ်နဲ့
ဘဝတစ်ခုကို ပေးအပ်လိုက်ပါရဲ့။

အိမ်တစ်လုံးတည်ထောင်ဖို့
အိမ်နှစ်ဆောင်ကဆင်းခဲ့ပြီ။

မကြောက်လို့အဖော်ရှာပါတယ်ဆိုနေမှ
သတ္တိရှိတယ်ထင်မိသေး။ ။

၂၀၀၄

# ငါနေထိုင်လာနှစ်သုံးဆယ်

ဂျစ်ပစီမိုးတိမ်သီချင်းထဲကလို
ငါနေထိုင်လာနှစ်သုံးဆယ်...

ခုတော့ဘယ့်နှယ်လဲ
မိန်းမတစ်ယောက်
သားတစ်ယောက်
လက်လှမ်းမီရာအိမ်တစ်လုံးဆောက်လို့
လောကဓံကို
ရရာလက်နက်နဲ့ ခုခံလို့
ပြောင်းလဲခြင်းတွေ အာဏာလွှဲပေးမှာမဟုတ်တော့
ဘာဖြစ်လာမလဲတွေးမိတယ်
ဘာမှဖြစ်မလာမှာမဟုတ်ဘူးလို့လည်း တွေးမိတယ်။

လူရွယ်ရောက်လာတော့လည်း
မလိမ်မိုးမလိမ်မာ အဆန်လမ်းတွေထဲ
ကံစမ်းချင်စိတ်ကုန်သွားပြီ။ ။

၂၀၀၅

## စကြဝဠာထဲကနေ့ရက်များ

မိုးသောက်တာနဲ့
ပိုးတုံးလုံးကြီး တုံးလုံးဖြစ်နေတာမျိုးမဟုတ်
ဒီရုပ်နဲ့ ဒီခန္ဓာ
သုံးဆယ့်တစ်ဘုံထဲက တစ်နေရာမှာ
သုံးဆယ့်တစ်နှစ် ကြာခဲ့ပေါ့။

တစ်နေ့တစ်နေ့
၃၁ လမ်းက ဗလာစာရွက်တွေ
ဈေးတက်တက်လာခဲ့
တစ်နေ့တစ်နေ့
၃၁ လမ်းက တိုက်ပြန်မဂ္ဂဇင်းတွေ
ဈေးကျကျသွားခဲ့ (ငါ့လို)
သူများတွေ အသက်ကြီးကြီးလာကြပေမယ့်
ငါက အသက်ငယ်သထက် ငယ်သွားတယ်။

ဆယ်ပြားစေ့တွေ သုံးဖူးတယ်။
တစ်ရာတန်လည်း သုံးဖူးတယ်။
တစ်ထောင်တန်လည်း ကိုင်ဖူးတယ်။
ငါ့ရဲ့ ကာလအလျဥ်များ။

အရင်တုန်းက ငါ့ညီမလေးက
ခုတော့
ငါ့အစ်မကြီးလုံးလုံးဖြစ်လို့။ ။

၂၀၀၆

## ဖေဖော်ဝါရီ (၁၀)

ဘဝမှာ ကျေနပ်စရာလေးကို
လက်တစ်ဆုံးနှိုက်ကြည့်တော့
ပျဉ်းမငုတ်တိုကို စမ်းမိတယ်။

ဖေဖော်ဝါရီ (၁၀) ရက်။

(၁၂) ရက်နဲ့ လွဲခဲ့တယ်
(၁၃) ရက်နဲ့ လွဲခဲ့တယ်
(၁၄) ရက်နဲ့ လွဲခဲ့တယ်
အမှတ်တရ နေ့ရက်များရယ်။

ဖြဟ္မာ့ပြည်က ပစ်လိုက်တဲ့ အပ်တစ်ချောင်း
ကောဋ္ဌာသကိန်းဂဏန်းနဲ့ ပေါင်းဆုံတော့
ဖြစ်ပျက်တရားမှာ စူးမိပေ့ါ။

မိသားစုအပေါ် မိုးထားတဲ့ ထီးသေးသေးလေးဟာ
နိုင်ငံတကာအဆင့်မမီခဲ့ပါဘူး...
ဒါပေမဲ့
ငြိမ်တယ် ငြိမ့်တယ် ငြိမ်းတယ်။ ။

၂၀၀၇

# ထွန်းညှိထားဆဲဖယောင်းတိုင်

သုံးပူးရင်
နှလုံးအထူးဂရုစိုက်ဖို့လိုတယ်ဆိုလို့
ကိုယ့်ကိုကိုယ် ဆင်ခြင်နေရတယ်။

သုံးဆယ်ကျော်ပြီ
ပြုံးရယ်ဖော်လေးရေ…
ကိုယ့်ကိုဆေးမှန်မှန်တိုက်ပါကွဲ့။

ခွက်ကပ်ကလေးသာကျန်တော့တဲ့
ပထမအရွယ်
ပညာမစုံခဲ့လေလည်း
ထင်သာမြင်သာရုံ ရှိတဲ့တစ်နေ့ပေါ့။

ပျော်စရာမွေးနေ့လေးပါ
ကျယ်လောင်တဲ့ လက်ခုပ်သံတွေ
မလိုအပ်ပါဘူး
ဟုတ်ခနဲ မှုတ်ငြိမ်းလိုက်တဲ့ဖယောင်းတိုင်လို
ဖြုတ်ခနဲမငြိမ်းခင်
ကိုယ်ပိုင်အလင်းတော့ပေးခဲ့ချင်သား။ ။

၂၀၀၈

## တနင်္လာနေ့ရဲ့ မေတ္တာသံဝေ

တနင်္လာနေ့မှာ
တနင်္လာထောင့်က ဝတ်ပြုဖို့
တနင်္လာသားလာခဲ့ပြီ။

တနင်္လာဟာ သနပ်ခါးမစွဲဘူး
တနင်္လာနှစ်ခါပြန်လုပ်ရတတ်တယ်ဆိုလို့
တနင်္လာကျားကို
တနင်္လာကြံ့ရည်နှစ်ခွက်တိုက်လိုက်တယ်။

တနင်္လာမွေးနေ့မှာ
တနင်္လာနာမ် ငါးတွေငှက်တွေဘေးမဲ့လွှတ်ရင်း
တနင်္လာသံနဲ့ ဆုတောင်းခဲ့တယ်
တနင်္လာကျဉ်းတာကျပ်တာတွေကျွတ်ပါစေ
တနင်္လာကောင်းတာတွေကြီးပါစေ။

တနင်္လာရေ
တနင်္လာ ချိုးကူသံလေးကြားပြီလား
တနင်္လာ ငြိမ်းချမ်းပါစေ ကမ္ဘာမြေ...။

၂၀၀၉

# လူ့ပြည်ရောက်တဲ့နေ့

လက်မှတ်ဖြတ်ကတည်းကိုက
သုဒ္ဓါဝါသငါးဘုံမှအပ ဆိုတဲ့ တံဆိပ်တုံးထုလို့။

ထန်းသီးမကြွေခင်ကတည်းက
ကမ္ဘာကြီးမှာ ဆွဲငင်အားရှိကြောင်း
နားမယ့်ကျီးတွေ တွေးခေါ်ထားသင့်တယ်... ခုတော့
ယုန်တစ်ကောင်ရဲ့ အသည်းငယ်ပုံမျိုးနဲ့
နယူတန်ကိုတောင် ရဲရဲမယုံချင်တော့ဘူး။

ဒုလ္လဘတစ်ခုဟာ ခက်ခဲတယ်ဆိုပေမယ့်
ဖြစ်ဖို့ပျက်ဖို့ လွယ်ကူပါတယ်ဆိုတဲ့ လောကထဲကိုမှ
တစ်သောင်းဗိုလ်ခြေ ညက်ညက်ကြေစေတဲ့ဗီဇနဲ့
သူရဲကောင်းဆန်ဆန် ဆိုက်ရောက်လာခဲ့တယ်။

သံလုံးပစ်သလို ဘယ်သူပစ်ချမှာမို့လဲ
ဆတ်အရေးကို ထပ်မတွေးချင်တော့ဘူး
သေချာတာက နေရာတစ်ခုရောက်ခဲ့ပြီ
မသေချာတာက နေရာမရှိဘူးပေါ့။

လူ့ပြည်က ကစားကွင်းဆန်ဆန်
လူတွေက အလုံးတွေကို ကန်တယ်
ဖယောင်းတိုင်မမှုတ်ခင်
ကိုယ့်ချိုင်းထောက်ကိုယ် ဆေးထိုင်သုတ်နေမိတယ်။

၂၀၁၀

၃၆

တစ်နှစ်ပြီးတစ်နှစ်
တစ်ခေတ်ပြီးတစ်ခေတ်
စာသင်ခဲ့ရတုန်းကတောင်
တစ်စနစ်ပြီးတစ်စနစ်
ဖြစ်ပျက်ယန္တရား သုံးဆယ့်ခြောက်က
ဒီမိုကရေစီတည့်တည့်အရောက်

နာတာရှည်ရောဂါမျိုးဟာ
ဘယ်ဆေးနဲ့ပျောက်မှန်းမသိပါဘူး။

ဆရာတော်ကဟောပါတယ်
ဘာမှမလိုချင်ရင်
ဘာမှမသိမ်းထားနဲ့တဲ့
တစ်သက်လုံးစုဆောင်းထားတဲ့စာအုပ်တွေ
ငှားလိုက်ပါတော့မယ်။

ငြိမ်းချမ်းရေးကိုစောင့်နေရင်
ငြိမ်းချမ်းတော့မှာမဟုတ်ဘူး
လူဆိုတာ
ကိုယ့်မီးကိုယ် ငြှိမ်းရတယ်ဆိုတာ
သေသေချာချာ
ခုမှသိတော့တယ်။

၂၀၁၁

၃၇

ဖောမိပက္ခိယအသင်းဝင်ကတ်နဲ့
၃၇ မင်းနတ်မှာ ပွဲထိုး
အုတ်ရောရော အဘိုးကြီးပေါက်စပေ့ါ။

သားတွေကပြောတယ်
ဖေဖေ့ကိတ်မုန့်က အချိုပေ့ါတယ်
ဖယောင်းတိုင်တွေက များလွန်းတယ်
လက္ကယ်ညဆိုတော့ဓာတ်ပုံက မကြည်ဘူး
နောက်နှစ်တွေမှာလည်း ကဗျာရေးဦးမှာလား
Happy Birthday ဖေဖေ။

အပေါင်းအသင်း ၃၇ ယောက်မပြည့်ပေမယ့်
ဒီမွေးနေ့ဟာ ပြည့်ခဲ့ပါတယ်
ပျော်ရွှင်ဖွယ်
ငါတို့မိသားစုအနည်းအကျဉ်း
အသင်းလိုက်ညီညွှတ်နေလို့။ ။

၂၀၁၂

## ဟယ်လို… ၃၈

ငယ်ငယ်ကတည်းက ကျက်မှတ်ခဲ့တဲ့
မင်္ဂလာကဗျာ
ဒီအသက် ဒီအရွယ်အထိ
မင်္ဂလာပါ။

မင်္ဂလာ ၃၈ ပါး တစ်လုံးတစ်ဝကြီး မရှိခဲ့ဖူးပေမယ့်
နေထိုင်လာခဲ့ ၃၈ နှစ်။

အနတ္တလင်းရာမှာ နေခဲ့ရပြီ
ဒီထက်ပိုပြီး ဘာမှမမြင်ချင်တော့။

ဝိမုတ္တိဆိုတာ
လက်ခုပ်ထဲမှာလည်း ရှိနေနိုင်တာပ
အစမရှိကျဉ်းမြောင်းမှုတွေ အစရှိသဖြင့်
အဆုံးမရှိကျယ်ပြောမှုတွေ အဆုံးရှိလိမ့်မယ်။

၈၃ ဘယ်ဆီမသိဘူး
၃၈ ဟာ ထူးပါဘိ။

၂၀၁၃

## ငြိမ်းချမ်းရေး ၃၉

မိမိကြောင့်လား
သူတစ်ပါးကြောင့်လား
ငြိမ်းချမ်းရေးနဲ့
အဝေးရောက်နေကြသူများထဲမှာ... ငါ

ပါးစပ်တွေကြောင့်လား
သေနတ်တွေကြောင့်လား
ငြိမ်းချမ်းရေးနဲ့ အလှမ်းဝေး
ကြမ်းတစ်ပြေးမထိုင်ကြသူများထဲမှာ... ငါ

စစ်တွေကြားမှာ
အညစ်တွေများခဲ့ကြသလို
တိုက်ပွဲတွေကြားထဲမှာ
အမိုက်အမဲတွေများခဲ့ကြသူများထဲမှာ... ငါ

စစ်ခင်းခင်း မခင်းခင်း... မွေးခဲ့ရင်
သေခြင်းနဲ့တော့ ရင်ဆိုင်ရမှာမလွဲ
ကျားခံတွင်းထဲက အလင်းရောင်ဟာ
သက်တမ်းအလယ်သို့ ဦးတည်ခေါ်ဆောင်ပေါ့။

ကိုယ်တိုင်မှုတ်မယ့် မီး ကိုယ်ညှိခဲ့ပြီ
ကိုယ်တိုင်ငြိမ်းမှငြိမ်းမယ့် မီးတွေ ကိုယ်မွေးခဲ့ပြီ
တဝက်နီးနီး အသက်ကြီးမှ
သတိလည်းမရ... သန္တိလည်းမရ
ငြိမ်း ငြိမ်း ချမ်း ချမ်း နေ သွား ဖို့။ ။

၂၀၁၄

## လှမ်းမြင်နေရတဲ့ ၄၀

အရင်လူရယ်လို့
အထင်အမြင်တွေတူခဲ့ပေမယ့်
ဆံပင်ဖြူတစ်ပင်နှစ်ပင်ပေါက်လေပြီ...

ဗလဒသကရဲ့
အဖုအထစ်နဲ့ နမျစ်မှုတွေက
သူ့တစ်ခေတ်ကုန်တော့မှာ
ရှေ့မှာက ပညာဒသက။

မဃဒေဝမင်းက တောထွက်ဖို့ပြင်နေပြီ
ငါက ဘဝကို စမလို့ပြင်တုန်း...

၂၀၁၅

## မွေးနေ့လက်ဆောင်

အိတ်ကြီးအိတ်ငယ်တွေနဲ့
မေတ္တာတရားတစ်လှေကြီးရောက်လာတယ်

ပုဆိုးပေးတယ်ဆိုတော့လည်း
ငါးပါးသီလကို ခါးဝတ်လိုဆင်ခြင်ပါ့မယ်

အများကြီးရောက်လာတဲ့အတွက်
ပေးပို့သူအား
အများကြီးတုံ့တင်လျက်

ကေသွယ်မြင့် ရေ…
တွဲလျလာတဲ့အရေပြားမှာ
ဒီအကြောင်းတက်တူးထိုးပါ့မယ်။

၂၀၁၅

## ၂၀၁၅ ရဲ့ ဖေဖော်ဝါရီဟာ...

စာပေမှာ အမြဲရှင်သန်နေမယ့်
ဆရာကြီးမင်းသုဝဏ်က ၁၀၆ နှစ်
နိုင်ငံမှာ အမြဲရှင်သန်နေမယ့်
ဗိုလ်ချုပ်က နှစ် ၁၀၀...
၂၀၁၅ ရဲ့ ဖေဖော်ဝါရီဟာ
ကမ္ဘာတည်မယ့်အကွရာနဲ့
လှိုက်လှိုက်လှဲလှဲရောက်ရှိလို့လာခဲ့ပြီ။

စစ်ကြီးမကြုံခဲ့ရပေမယ့်လည်း
စစ်ငယ်ပေါင်းများစွာနဲ့ တွေ့ဆုံခဲ့
"ယက်သဲ့အကြား၊ တင်သည့်ငါးသို့
ကံအားလျော်စွာ..."
အသက် ၄၀ ပြည့်ခဲ့ပြီ။

လူတွေပြောတဲ့
ဘဝကစပြီဆိုတာ... ဒါလား။
လမ်းဟောင်းလေးတွေကိုပဲ
ချိုင့်ခွက်တွေဖြည့်ပေးနေရတာနဲ့တင်
နေထိုင်ရာအရပ်ဒေသမှာ
ရှင်သန်ခြင်းကို အရသာခံတတ်ပြီ။ ။

၂၀၁၅

## မွေးနေ့

သီထားတဲ့ ပန်းကလေးက အပွင့် ၄၀
ချီထားတဲ့ လက်အုပ်ကလေးက အနန္တ
သက်ရှိကမ္ဘာမှာ သက်စေ့ကဗျာရေးရင်း
ဥပပါတ်ရဲ့ အမှတ်အသားတစ်ခုက
ပတ္တမြားရတုတိုင်ခဲ့ပေါ့
နှလုံးသားကိုတော့ နွံမနစ်အောင် အလွန်ချစ်ရပေဦးမယ်။

မွေးနေ့ဟာ သေနေ့ပဲဆိုတဲ့အဆို… ငါမလိုချင်ဘူး
သေခြင်းဆိုတာ မွေးနေ့မှာ အဆုံးသတ်ရတာ
သဘာဝကျပေရဲ့… ဝဲလည် ဝဲလည်။

ဦးဦးဖျားဖျားလေး ပေါက်လာတာမို့
မနုတ်ရက်တဲ့ ဆံဖြူဖြူ လေးပင်ဟာ
လေးပင်ခဲ့တဲ့နေ့ရက်များရဲ့ ပန်းတိုင်
ထိုသို့ ဆေးသားမခိုင်တဲ့ ဖြစ်ခြင်းတရားလည်း
ပွင့်လင်းမြင်သာတဲ့အရွယ်ရောက်လာခဲ့တယ်။

အမေ့နို့ရည်ဟာ
နှစ်ပေါင်း ၄၀ ကြာရင်…
အာနိသင်ကုန်သွားပြီတဲ့လား။
မဖြစ်နိုင်ဘူး လုံးဝမဖြစ်နိုင်ဘူး…
ကမ္ဘာနဲ့ချီအောင် မပျက်နိုင်တဲ့ အားအင်
အမေ့ရင်ခွင်မှာ ရှိခဲ့တာပဲလေ။ ။

၂၀၁၅

## မွေးတဲ့အဖြစ် လေးဆယ့်တစ်

ရှမ်းမျက်စိလည်တော့ ဆေးရောင်းကောင်းခဲ့သလို
ဝေ့လည်လည် ဒုက္ခသုက္ခမြို့အလယ်။

ဒီအသက်ဒီအရွယ်အရောက်
တစ်ယောက်တည်း မွေးနေ့ပွဲလေးကျင်းပခွင့်ရခဲ့တာ
ရှင်ခြင်းတရားရေ... ကျေးဇူးပါ။

ဘဝကိုပေးခဲ့တဲ့မိခင်ဟာ
တစ်ဘဝမှာ ဝေးသွားခဲ့ပါပြီ။

ဒီရင်ပြင်မှာ ကွက်လပ်များစွာနဲ့
ဒီရင်ပြင်မှာ ဖြည့်ဆည်းမှုများစွာနဲ့
ဒီတရားမှာ ပျော်မွေ့ဖွယ်ရာရှာဖွေရင်း
ဒီတရားနဲ့သာ ငြိုးငွေ့မှုများကို ပတ်သက်မိခဲ့ပေ့ါ။

၂၀၁၆

## ၂၀၁၇ မှာ ဖတ်တဲ့စာအုပ်

နှင်းတွေ ရှင်းနေတော့လည်း
တောင်တွေ ပြောင်နေတာ မြင်ရတာပေါ့လေ။

ကျွန်းစေ့လေးတွေဟာ
မီးဖုတ်ပြီးပျိုးမှ အပင်မြန်မြန်ပေါက်တာတဲ့။

ဆံပင်ဖြူတွေကတော့
နတ်လေပေါက်လေ။

ဘဝရဲ့ မြစ်ရေသတိပေးမှတ်ကလည်း
ရေလျော့လာလေလေ
ဂဏန်းကြီးလာလေလေ။

အပြင်ထွက်ပြီး တစ်ခုခုသွားစားရအောင်ဆိုလို့
ကမ္ဘာ့အပြင်ဘက်မှာ ဘာရမလဲ တွေးကြည့်တယ်။

အဝေးက မိတ်ဆွေကို လှမ်းလှမ်းလွမ်းတတ်ပြီဆိုရင်
သေချာပြီ မင်းအသက် လေးဆယ်ကျော်ပြီ။

အဖေကပြောတယ်
ငါ့သားလေး ငယ်ပါသေးတယ်ကွယ် ဆိုပဲ
သားကပြောတယ်
တို့အဖေ အသက်ကြီးသွားပြီတဲ့။ ။

၂၀၁၇

# ပြာသိုလဆုတ် တစ်ဆယ့်ငါး

သီလတရားအဆုံးမှာတော့
ဂီတက ဖွားခနဲ ပေါက်လာပေါ့
အဝတ်အစားမှာ ဆွတ်ထားတဲ့ အမွှေးနံ့သာ
အပြင်ကအရာတွေ အတွင်းကို အတင်းခိုဝင်တွယ်။

လင်းလွန်းရင်လည်းမမြင် မှောင်လွန်းရင်လည်းမတွေ့
စောင့်ရင်းဆိုင်းထားရတဲ့ အရိုင်းစေတသိက်တစ်ပွေ့ကြီး
အော်... ကာမဘုံသားပီပီ ပျော်မွေ့ရာများလှပေမယ့်
အဆီအဆိမ့်ဆိုလည်း စားဖန်များရင် ငြီးငွေ့ဖွယ်။

လမင်းကြီး ခရီးထွက်သွားတဲ့ညမှာ
ကြယ်လေးတွေကိုယ်ရောင်ကိုယ်ဝါတောက်ပနေမှာပဲ
မျှော်လင့်သည့်နှင့် ချိန်သားမကိုက်ရင်ဖြင့်
လွဲတတ်ကြတဲ့ အစွဲအတ္တကို ရှုပွားလိုက်ပါ့မယ်။

ဖုသျှနက္ခတ်စန်းယှဉ်တဲ့ မကာရရာသီဟာ
ကံဆီပြောင်းလှပေမဲ့ ဆောင်းက အမျှင်မပြတ်သေး
မွေးနေ့ဟာ ခပ်အေးအေးဖဝါးချလာတော့
ရှင်သန်ခြင်းကို တရားကျမိတယ်။

သားတွေက ဖေဖေအသက်ရှည်ပါစေ...တဲ့
တိုးတိုးဖော်က ထာဝရပျော်ပါစေ...တဲ့
မိတ်ဆွေတွေက ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ...တဲ့
ကိုယ်က ကမ္ဘာကြီးနေကောင်းကျန်းမာပါစေ...လို့

၂၀၁၈

အယ်ကျော်မြတ်ခိုင် [အင်းလေး]

# ပိန်းကောလော

ကဗျာများ





# ပိန်းကောလေ့

ရွှေပြည်သိင်္ဂါ၊ တောင်လက်ျာဝယ်၊
ထက်စွာမြင့်ခေါင်၊ ပြာရီမှောင်သည့်၊
သန်းတောင်ဂီရိ၊ မိုးတရိုက၊
မြည့်ဗိုစိုစို၊ မြေတခိုတွင်၊
ရေညှိုပျံ့သင်း၊ ညောင်ရွှေအင်း...

**ဦးပုည**

မင်းပဒေသရာဇ်၊ စော်ဘွားခေတ်က
ပေါ်ဖျားတောင်ထွတ်၊ သက်လွတ်မွှေရှင်
ပတ်ဝန်းကျင်တွင်၊ စတင်ပေါက်ထွန်း
ရွှေပင်ကျွန်းမျိုး၊ အနှစ်တိုးကာ
တို့ဘိုးဖအို၊ ပေါင်မွှေ့အိုဆီ
ကိုလိုနီခေတ်၊ သူ့ကျွန်ဖြစ်၍
စနစ်ကောင်းမြတ်၊ အဆုံးသတ်ဝယ်
လုံးပတ်လက်ပွေ့၊ အသက်ပြည့်၏။

သစ်တောနက်နက်၊ ရောယှက်တစ်ပင်
ပေါက်ရောက်ရှင်၍၊ အသွင်တူရာ
မရှိပါသည့်၊ မဟူရာသွေး
နတ်သစ်စေးမျိုး၊ သူ့ကောင်းကျိုးက
သရိုးကိုင်ရန်၊ ဖြစ်နိုင်ပြန်၏။

လေ့လက်သမား၊ ရေထက်ဖွားသူ
ကျွန်းသားသရီး၊ တို့ဘိုးအဖေ
သူ့အမွေတဲ့၊ လှေငယ်တစ်စင်း
သူဖန်ဆင်းခဲ့...
အင်းလေးရဲ့လှေ ပိန်းကောလှေ။

ပိန္ဓ ကရောတိ ပိန်းကော။
လုံးထွင်းသဘောကြောင့် ပိန်းကောခေါ်၏။
**ရွှေဘုံနိဒါန်း**
ဘောက်တူ လောင်းကိုယ်၊ တပါနှင့်ပိန်း(ပိန်းကောမ)၊
လုံးထွင်း ပေါက်လွတ်မနှင့် ရှိမ်း၊
**ဝေါဟာရတ္ထဒီပနီ-မြန်မာ့လှေများ**
သုံးဆယ်တောင်လျား၊ ဧရာငါးသာ၊
သုံးတောင့်ထွာနက်၊ ဦးမှာကြက်ရင်၊
အလယ်တွင်ဝက်ကြော၊ ပဲ့စကောဟု၊
ပိန်းကောပုံစံ၊ ရှိခဲ့ပြန်၏။
**လင်းယုန်သစ်လွင်၊ လှေ**
မိုးဦးကာလ၊ ချောင်းကျပြီဆိုလျှင်၊
ပန်းလောင်ကြောမှာ၊ ပိန်းကောလှေငယ်ရင်၊
**ဝန်ကြီးပဒေသရာဇာ-တျာချင်း**

မြစ်ပြင်လှုပ်ရှား၊ ပိန်းကောများနှင့်
အင်းပြင်လှော်သွား၊ ပိန်းကောများမှာ
သညာမှတ်သား၊ တူသော်ငြားလည်း
ကွဲပြားသဏ္ဌာန်၊ လှော်ဟန်မတူ
တော်တန်လူတွေ မိန်းမောစေ...
အင်းသားတို့ရဲ့ ပိန်းကောလှေ။

ဆယ်တောင်တစ်မိုက်၊ အလျားလိုက်တည်း
မိုက်နှစ်တောင့်ထွာ၊ ရေပြင်လွှာဖြင့်
ပန်သင့်သည့် ပိန်းကောလှေ...

တို့ဘိုးနှင့်ပေါင်၊ မင်္ဂလာဆောင်တော့
ထောင်သောင်းရှိမှတ်၊ ပရိသတ်ကို
စိတ်ဓာတ်မှန်ထား၊ ဖိတ်မန်ကြားလို့
ဆွေသားမျိုးလယ်၊ တင့်တယ်သတ်မှတ်
လက်ဖွဲ့အပ်နှင်း၊ လှေတစ်စင်း။

ဘိုးဘွားမှလေ၊ ဖေအမေသို့
လှေကိုတစ်ဆင့်၊ ချီးမြှင့်လက်ဖွဲ့
ရက်နဲ့နှစ်ပြောင်း၊ လှေကကောင်းတုန်း
မဟောင်းအောင်စီး၊ မပျက်အောင်ကိုင်
တတ်နိုင်သမျှ၊ မြတ်နိုးကြတယ်။

အသက်နှင့်ထမ်း၊ လက်ဆင့်ကမ်းခဲ့
တတ်စွမ်းသမျှ၊ မိဘမှသည်
တို့တွေဆီသို့၊ ဒီလှေကလေး
လက်ဖွဲ့ပေးပြန်၊ အချိန်တန်ခဲ့။

တို့တွေဆီမှ၊ သားတွေရအောင်
စွမ်းဆောင်ရန်မှာ၊ တို့ဝန်တာပေါ့
ကြာရင်ပျက်ရ၊ သဘာဝကို
အယိုအဆွေး၊ မဖာထေးဘဲ
လက်ဖွဲ့မပေးလိုပါလေ။ ။

၂၀၁၇

## ပိန်းကောလှေ (၁)

အင်းရေမြင့်စေ ကြာတင့်စေ
ပန်းလည်းလှစေ ပျားဝစေ
ဘာသာတည်စေ ရွာညီစေ
ရေခြံ ကျွန်းမျော ငါးဖိန်းပေါ်စေ
အင်းဆားတို့ရဲ့
ပိန်းကောလှေ။

၂၀၁၇

## ပိန်းကောလေ့ (၂)

တစ်စင်းတည်း ပိန်းကောလေ့ပျို
အင်းရေချို အကုန်ခပ်ပေးဖို့
ဘယ်လို တတ်နိုင်ပါ့မလဲ...

ခပ်နိုင်သမျှ... တတ်နိုင်သမျှဟာ
လိုအပ်သူတွေအတွက်
ရေကြည်ချမ်းမြတစ်ခွက်ဖြစ်စေမယ်။

တစ်စင်းတည်း ပိန်းကောလေ့အို
ချောင်းကိုပိတ်လို့ အမှိုက်ဆို့ရင်
ဘယ်လောက် ထွင်ပေးနိုင်ပါ့မလဲ...

ထွင်နိုင်သမျှ... တွင်နိုင်သမျှဟာ
သွားလာသူတွေကောင်းဖို့
လမ်းတစ်ကြောင်းတော့ဖြစ်စေမယ်။

၂၀၁၇

## ပိန်းကောလှေ (၃)

သိကြားမင်းသားတွေရဲ့နာမည်က
ဣန္ဒတွေချည်းခေါ်သတဲ့။

ဘိုးလက်မားတွေရဲ့ လက်ထွက်
ကက်လှေတွေအကုန်လုံး
ပိန်းကောလှေ လို့ နာမည်ပေးကြတာပေါ့။

ဧည့်သည်တစ်ယောက်ကမေးတယ်
နင်တို့အင်းလေးက လှေကလေးတွေ
ပုံစံတူလိုက်တာ
ကိုယ့်ဟာသူ့ဟာ ဘယ်လိုများမှတ်ကြတာလဲတဲ့။

တို့အင်းသားတွေလည်း
သိကြားမင်း သားမှတ်သလို
ကိုယ့်လှေကိုယ် မှတ်
ဘယ်တုန်းကမှ
နံပါတ်ပြား မတပ်ခဲ့ဘူးလေ။

၂၀၁၇



# ပိန်းကောလှေ (၄)

၁၉၈၅
ပိန်းကောလှေနဲ့ မိသားစု
အဖေက ခြေပယ်ခတ်
အမေက လက်နဲ့လှော်
သူတို့ မောင်နှမလေးယောက်
ပျော်ပျော်စီး။

၂၀၁၅
ပိန်းကောလှေလေးပေါ်
အဖေက လက်နဲ့လှော်
အမေက ဆွမ်းတော်အုပ်ကိုထိန်း...

အစ်ကိုကြီးက ကားကိုစီး
ဟိုး အဝေးကြီးမှာ
အစ်မကြီးက လေယာဉ်စီး
မနီးလှတဲ့နေရာ
သူက သင်္ဘောသား
ကမ်းဝေးလေတဲ့ နေ့ရက်များ
ညီငယ်လေးလည်း အပြိုင်ကွယ်
ဆိုင်ကယ်တစ်စီးနဲ့ လျှောက်လို့လည်...

လူမစုံတက်မစုံ အဆန်တွေး
ဝန်တွေ မလေးတော့ပေမယ့်
နေးတိနေးကန်
အော်... ပိန်းကောလှေရဲ့ အိမ်အပြန်။ ။
၂၀၁၇

## ပိန်းကောလှေ (၅)

ပိန်းတွေ
ကောမှ
လှေလှော်ကြ။

၂၀၁၇

# ပိန်းကောလေ့ (၆)

ဂျွန်ဆင်နဲ့ပဲမောင်းမောင်း
ဂျင်တောင်းနဲ့ပဲလာလာ
ကူဘိုတာနဲ့ပဲတွေ့တွေ့
တစ်ကွေ့ကွေ့မှာ
ပိန်းကောလေ့ခများ
ရေပန်းခံလိုက်ရတာချည်းပါပဲ။

၂၀၁၇

# ပိန်းကောလှေ (၇)

ကျောင်းသားဘဝအစ
အဖေက ကျောင်းဆရာဆိုတော့
အဖေ့ကျောင်းလေးဆီသားအဖနှစ်ယောက်
ပိန်းကောလှေလေးနဲ့ ကျောင်းသွားကြတယ်။

ဝါဆို ဝါခေါင်… ရေဖောင်ဖောင်
မြောက်ကနေ တောင်ကိုမျှောချလိုက်တဲ့အမှိုက်တွေ
ချောင်းကျဉ်းလေးတစ်နေရာမှာ ဆို့နေခဲ့။

မနေတတ် မထိုင်တတ်တဲ့အဖေ
ကျောင်းဆင်းပြီ ဆိုတာနဲ့
ရောင်းရင်းမခေါ် တစ်ကိုယ်တော်
ပျော်ပျော်ကြီး အမှိုက်ရှင်း
"လှေတစ်စင်းရှိလို့ တော်သေးတယ်သား" တဲ့။

အဖေ ကျောင်းပြောင်းလိုက်ရကတည်းက
အဲဒီ ချောင်းကလေးနဲ့ ဝေးကွာ
နှစ်ပေါင်း သုံးဆယ်ကျော် ကြာမှ
မနှစ်က တစ်ခါပြန်ရောက်တော့…
ဗေဒါအမှိုက် ပိတ်ဆဲဆို့ဆဲ ချောင်းကလေးမှာ
ဘယ်ရွာကမှန်းမသိတဲ့ သားအဖနှစ်ယောက်
နိုင်သလောက်လေး ရှင်းနေတာတွေ့တယ်။

သူ့အဖေက သူ့သားလေးကို ပြောနေမှာပဲ
"သားရယ် လှေလေးတစ်စင်းရှိလို့ တော်သေးတယ်" လို့။

၂၀၁၇

## ပိန်းကောလှေ (၈)

လေနီကြမ်းတွေ ငှေ့ရမ်းလို့အပြီး
လှိုင်းလုံးကြီးတွေ အပြေ
လှေခွက်ချည်းလည်းမကျန်ခဲ့
အောင်လံလည်း မလဲ့ခဲ့
ဒဏ်ရာတွေ တင်းကျမ်းနဲ့ပဲ
အဆင်းလမ်းကို ကျော်ဖြတ်ခဲ့တယ်။

ပိန်းကောလှေ
ရေဆန်လမ်း
ပန်မယ့်ပန်းဆီ ရောက်လုပြီ။

တလောက
ဦးမင်းကိုနိုင်ပေးထားတဲ့ တက်တစ်ချောင်း
အင်းလေးမှာ လှော်ကြည့်တော့လည်း
ကောင်းနေတာပါပဲ။

ကဲ... လိုက်ခဲ့
လက်ကောင်းသူအတွက်
ဒီမှာ
တက်တစ်ချောင်းအဆင်သင့်ရှိပါတယ်။

၂၀၁၇

# ပိန်းကောလှေ (၉)

အိုးသေးသေးလေးထဲက ပန်းပင်များ
အမြစ်ကလေးတွေကို သနားတာနဲ့
အိုးကြီးတစ်လုံးထဲ ပြောင်းထည့်ပေးလိုက်တယ်
အဲ... အရွက်ကလေးတွေ ကြွေကုန်ရော။

ဖန်ပုလင်းသေးသေးလေးထဲက ရွှေငါး
ကျပ်ညပ်နေမှာပဲ... သနားတာနဲ့
မှန်ကန်ကြီးတစ်ကန်ထဲ ပြောင်းထည့်ပေးလိုက်တယ်
အဲ... ငါးကလေးတွေ ထောင့်လေးမှာ ခွေလို့။

လှောင်အိမ်ထဲက သနားစရာ့ငှက်ကလေးတွေ
ကရုဏာသက်လွန်းလို့ လွှတ်ပေးလိုက်တယ်လေ
ကောင်းကင်ပေါ်မှာ ပျံသန်းပါစေပေါ့
အဲ... ဘယ်လောက်စာမိမလဲ တွေးပူနေရပြီ။

အင်းလေးရေ ခန်းခြောက်လို့
လမ်းပျောက်နေတဲ့ ပိန်းကောလှေ...

စေတနာနဲ့
သမုဒ္ဒရာ အတ္တလန္တိတ်သို့
ဉာဏ်ပထျာဖြန့်လို့ မပို့လိုက်ကြပါနဲ့လေ...။

၂၀၁၇

# ပိန်းကောလှေ (၁၀)

တစ်ညနေခင်း
သားနဲ့ ကျနော်
ဖွတ်ချက်ကလေးစီးဖူးသလားဟေသီချင်းလေးဆို
ပိန်းကောလှေလေးလှော်ရင်း
လေညင်းခံနေတုန်း
မော်တော်ဘုတ်တစ်စင်း ဖြတ်မောင်းသွားတယ်။

သားကမေးတယ်
ဖေဖေရယ်
ဟို လှေဦးက ဘာလို့ရေတွေပန်းထွက်နေတာလဲတဲ့။

အော် အဲဒါသားရယ်
စက်နဲ့တပ်ထားတဲ့လှေမို့ မြန်မြန်သွားနိုင်တယ်
မြန်မြန်သွားတဲ့လှေဟာ ဒီလိုရေပန်းထွက်တယ်သား
အဲဒါ နှုတ်ခမ်းမွေးထွက်တယ်ခေါ်တယ်။

သားတို့လှေရော
မြန်ရင်နှုတ်ခမ်းမွေးထွက်မှာလားဖေဖေ။

ဟွန်ဒါအတုတပ်ထားတဲ့ နှုတ်ခမ်းမွေးအတုတွေ
သားမမြင်သေးခင်
နေ ဝင် သွား တော့ တယ်။

၂၀၁၇

# ပိန်းကောလေ့ (၁၁)

အယ်အောင်ရေ…
ပိန်းကောလေ့တစ်စင်းတော့
မင်းမှာလည်းရှိ၊ ငါလည်းရှိ။

ဒီပိန်းကောလေ့
ရေလွှာဖွေးဖွေး လော်လို့ပြေးအောင်
ဘယ်သူစွမ်းဆောင်ခဲ့လေသလဲ
ငါလည်းမသိ၊ မင်းမသိ။

အခြေအနေအရ
အင်းလေးမှ ရန်ကုန်
တက္ကသိုလ်တက်ရင်း ပြန်ဆုံတော့
မင်းကအီကို၊ ငါဗီလို။

သီတင်းကျွတ်မှ
မိဘကို ကန်တော့ရင်း
အင်းလေးကိုပြန်ကြတာဆိုတော့…

အိမ်ပေါ်မှာ
အမေက သားကို ပြေးဖက်လိုက်တဲ့အခါ
အိမ်အောက်က
ပိန်းကောလေ့လေးဟာ လှုပ်လီလှုပ်လဲ့နဲ့
ငါတို့ကို အသုံးတော်ခံဖို့ စောင့်နေမယ်ဆိုတာ…

၂၀၁၇



## ပိန်းကောလှေ (၁၂)

တဖြည်းဖြည်းနဲ့
နှလုံးသွေးကြောကျဉ်းသလို
သွေးကြော ရေကြောတွေ ကျဉ်းသွားတဲ့ အင်းရေ...

အရိပ်ရိပ်နဲ့
အသားအရေ ခန်းခြောက်သလို
အများရေလမ်းတစ်လျှောက်
ပတ်ကြားအက်မလောက်ဖြစ်နေတဲ့ အင်းအခြေ...

မလူးသာ မလွန့်သာ
တိမိငါးကြီးရဲ့ ဝန်ခန္ဓာ

ပိန်းကောလှေခမျာ
ရေတိမ်မှာ မကျက်စားချင်ပေမဲ့
နွေရေအိုင်လေးထဲက
ငါးရံ့လေးတစ်ကောင်ပမာ။

၂၀၁၇

## ပိန်းကောလေှ (၁၃)

အဘိုးအမွေ
ပိန်းကောလှေဟာ
တစ်စီးတည်းရှိပါတယ်။

အဖေတို့ ညီအစ်ကိုနှစ်ယောက်
အစ်ကိုက လှေအရင်စီးထွက်သွားတော့
ညီက ဘယ်ကိုမှ သွားမရလာမရ။

အစ်ကိုကပြောတယ်
မောင်လေးရယ်
လှေလှော်ရတာ မောလိုက်တာ ဒုက္ခ။

ညီကပြောတယ်
နောင်ကူးကလည်း
နောင်ကူးဒုက္ခနဲ့ နောင်ကူး
နောင်ကူးမောင်ကလည်း
နောင်ကူးမောင်ဒုက္ခနဲ့ နောင်ကူးမောင်။

၂၀၁၇

## ပိန်းကောလေ့ (၁၄)

ရေနက်လျှင်အေး
လေ့နက်လျှင်ပြေး... တဲ့
သစ်စေးကိုင်ပြီးစ ပိန်းကောလေ့။

လေ့ာ်ချင်ရာခတ်လို့
ကပ်ချင်ရာရောက်ပါလေ့စေ။

ရေနောက်လျှင် ငါးရှာခက်
လေ့ပေါက်လျှင် သွားလာခက်သတဲ့

ရေမြေဒေသ ပတ်ဝန်းကျင်
အမြန်နိုးကြားလို့ ချစ်စေချင်
လေ့တွေရွှေချ တတ်စွမ်းရင်
တန်ဖိုးထားလို့ ချစ်စေချင်။

လေ့ပျောက်ပြီးမှ
လေ့ကြိုးနောက်က မရှာနဲ့
လေ့ပျက်ယိုမှ
ပက်ခတ်အို မတချင်နဲ့ဟော။

၂၀၁၇

## ပိန်းကောလှေ (၁၅)

ရှမ်းရိုးမတောင်တန်းတွေကြားကနေ
ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအထိ
ပိန်းကောလှေတစ်စီးနဲ့
ခရီးသွားခဲ့ဖူးပါတယ်...။

မြို့ကိုခြားထားတဲ့ ဒါးကမြစ်နဲ့
မိုလ်ချုပ်တံတားတို့ရှိရာ
ကျောင်းကုန်းမြို့လေးဆီ
ပိန်းကောလှေလေး
ရောက်ရှိသွားခဲ့ပေါ့။

အပြင်းစားကဗျာတွေနဲ့ထိတွေ့တော့
ပိန်းကောလှေလေး လူးသွားတယ်။

ကြယ်တံခွန်မှာ ကြယ်တံခွန်ကိုတွေ့မိလား
စကားတစ်ခွန်းပြောခဲ့ပါတယ်
လှော်တက်ဆိုတာ
လူထက်ရှည်နေမှကောင်းပါတယ်လို့။

၂၀၁၇



# ပိန်းကောလှေ (၁၆)

ကျောင်းသားဘဝက တို့ခရီး
အဝေးကြီးက ကျောင်းတော်
ပိန်းကောလှေနဲ့ လှော်ပြီးတက်ခဲ့ရ...

ကျောင်းပျင်းတဲ့ရက်
လှေနံ့တစ်ဖက်နင်း
လှေမှောက်ရင်းရေကူးကြ
ကျောင်းမတက်ရလို့ ပျော်လိုက်တာ။

ဝင်းမြင့်ဦးရေ...
ငါတို့တွေ အသက်ကြီး
အကွေ့အကောက်များတဲ့ ဘဝခရီးမှာ
ခုချိန်ထိ
ခဏခဏ လှေမှောက်နေတုန်းပဲ့ကွာ။ ။

၂၀၁၇

## ပိန်းကောလှေ (၁၇)

တန်ခိုးတော်အနန္တကြီးမား
ဖောင်တော်ဦးမြတ်စွာဘုရားနန်းဦးဆီ
မော်တော်လှေလေး ဦးတည်ဆိုက်ရောက်ပြီဆိုရင်
ပိန်းကောလှေကလေးနဲ့
ဈေးသည်တွေ အများကြီးတွေ့လိမ့်မယ်။

ဘုရားမှာ ကိုယ်တိုင်ကပ်လှူခွင့်မရတဲ့ ရွှေဆိုင်းတွေပါတယ်
ဆွမ်းတော် ရေချမ်း ကြာပန်းလေးတွေပါတယ်
ပူပူနွေးနွေး ပြုလုပ်ပြီးစ ရှေးဟောင်းပစ္စည်းတွေပါတယ်
ဝက်သားချဉ် ဟင်းထုပ် ဒေသလုပ်အစားအစာတွေပါတယ်
ကြွင်ဖော်အသာထွေး ဇင်ယော်စာလေးတွေပါတယ်။

ဝမ်းတစ်ထွာအတွက် ဘယ်သို့ဆိုစေ...
လိုနေတဲ့ ပြည့်စီးပွားရေးအတွက် ဘယ်သို့ပြောပြော
လောလောဆယ်ဆယ်
ဈေးသည်တွေ အနှောက်အယှက်မဖြစ်ဖို့
စည်းလေးတွေ မဖောက်ဖျက်ဖို့လိုပါတယ်။

"နောင်အင်းလေးကိုလာဖို့ဖိတ်ခေါ်တယ်"
သီချင်းထဲမှာတော့ ဟုတ်နေတာပဲဆိုတာမျိုး
တို့တစ်မျိုးသားလုံးရဲ့လူမှုရေးအသိ
ပိန်းကောလှေထဲမှာ ရှိတယ်ကွယ်။

ကဲ ဟိုမှာ ဓာတ်ပုံရိုက်နေတယ်
အားလုံးအလှ ပြင်ထားကြ။

၂၀၁၇

# ပိန်းကောလေ့ (၁၈)

တိမ်ကောသွားတဲ့ ဓလေ့တစ်ခုရဲ့
အစွန်းပိုင်းလေးကို သိမီလိုက်ပါရဲ့…
လူပျိုပေါက်စအရွယ်က
ညမှောင်မှောင် လမှောင်မှောင်တွင်း
တွံတေးသိန်းတန်သီချင်းလေးဆို
အပျိုလှည့်ခဲ့တာပေါ့။

မွေ့တွေ ဖတွေ ထူးနေမလား
မောင်နဲ့ နောင်ကူး မူးနေမလား
အီးမဆနယ်ငှဲ့ပေးတဲ့ ရေနွေးကြမ်းကို
ရွှေရေးဆမ်းသလို ထင်မှားမိပါရဲ့။

ချစ်မိုးလေးမဝေခင်မှာပဲ
လေ့ကြိုးလေးဖြေ
ပြန်တော့မောင်ရေ ပြန်တော့လေ…တဲ့။

သူ့အိမ်ကအပြန်…
တက်ချက်အနေးနဲ့ လေးတိလေးကန်
သန်းခေါင်ယံ လူခြေတိတ်ချိန်မို့
ဘာသံမှမကြား
အအေးဟပ်နေတဲ့နှလုံးသားက
အဝေးရပ်ကို မသွားချင်သလိုလို။

လှော်ရင်း လှော်ရင်း တဖြည်းဖြည်း
နေးရာက မြန် မြန် လာတော့
လှေနောက်မှာ တရှုရှု
ဘာသံဘာလိမ့် လှည့်မကြည့်ရဲ
တစ္ဆေသရဲ ဆိုတာမျိုးက
ရေထဲမှာလည်း ရှိနိုင်တာပဲလေ။

ရတက်မအေးတော့တဲ့စိတ်နဲ့
တက်ရေးစိတ် ထပ်သလောက်လှော်သွားမှ
နောက်တော်ပါးက အသံတစ္ဆေ
ကိုယ့်ထက်ပင် မြန်လေသလား…
ကိုယ်က ပိုလှော်လေ
သူက အသံပိုကျယ်လေ
သူက အသံပိုကျယ်လေ
ကိုယ်က ပိုလှော်လေ
ဝိညာဉ်ဖျော်ဖြေပွဲမှာ
အသေအလဲ အသုံးတော်ခံလိုက်ရတယ်။

ဒီလောက်ဖြစ်လှ
မကြောက်ဘူး… ငါကွ ဆိုပြီး
လှော်တက်နဲ့ တစ်ချက်တည်း လှည့်အခုတ်
ဒုတ်ခနဲတစ်ချက်သာကြား
ငနဲ အသက်ထွက်သွားပြီ။

တစ္ဆေ ဘဝပြောင်းသွားလို့
အခြေအနေကောင်းပြီတွေး
အေးအေးဆေးဆေးလှော်ပြန်လာခဲ့တယ်။

အိမ်အရောက်
လေ့ကြိုးလေး ကောက်ကိုင်လိုက်တော့မှ
ဟိုက်… ငါခံလိုက်ရပြီ…
အကျီစားသန်တဲ့ သူငယ်ချင်းက
မည်းမည်းတူးတူး ထင်းပေါ်လောတစ်တုံး
ချည်ထူးကြိုးနဲ့ထုံးချည်
ပိန်းကောလေ့မှာသီတွဲ
ကြည့်စမ်း အယုတ်တမာ
ရေထဲပစ်ချထားတာကို။

ငါခံလိုက်ရပြီ
ထမင်းလုံးတစ္ဆေမဟုတ်တဲ့
ထင်းတုံးတစ္ဆေခြောက်တာ ခံလိုက်ရပြီ
သိသိသိပ်သိပ် ခံလိုက်ရပါပြီ။

သူငယ်ချင်းရေ…
ချောင်းအမျိုးမျိုး မြစ်အထွေထွေ
ခေတ်တွေ စနစ်တွေ အထိုက်အလျောက်မှာ
ဘဝလေ့ကလေး မြန်နှုန်းမြှင့်လိုက်တိုင်း
မင်းရဲ့ ထင်းတုံးတစ္ဆေ
ငါ့ကို
လိုက် ခြောက် လှန့် နေ ဆဲ ပါ လေ။ ။

၂၀၁၇

## ပိန်းကောလေ့ (၁၉)

ရှုလိုင်မိုးရေ
ညှိုးချုံးခွေပြီ
ဒီရေပေါ်မှ
လှော်ခတ်ရမယ်ဆိုရင်
ပိန်းကောလေ့
လွှန်းတင်ထားလိုက်ချင်။

၂၀၁၇

## ပိန်းကောလှေ (၂၀)

တို့တိုင်းပြည်
ရေမြုပ်ဧရိယာကျယ်ပြန့်လာတော့မှ
ပိန်းကောလှေကို
တ။

၂၀၁၇

# ပိန်းကောလေ့ (၂၁)

ပိုင်ရှင်အစစ်က မစီးချင်မှတော့
မိတ်ဆွေအသစ်နဲ့ ခရီးဆက်ရတာပေါ့လေ။

ဘုရားသွားကျောင်းတက်
ကောင်းသည့်ထက်ကောင်းတဲ့ မော်တော်
ပျော်ပျော်ကြီးပဲ စီးကြပြီ။

ဈေးသွားဈေးပြန်
မနေးကန်အောင်
အပြေးမြန်တဲ့ စက်လည်းရှိနေပြီ။

အစုန်အဆန်
ဂုဏ်ခံသွားမယ့်နေရာဆို
အင်ဂျင်ပါဝါလေး လိုကုန်ပြီ။

သက်ကယ်ရိတ် ပုတ်ဆီးနုတ်
ပလိန်းခုတ် မြက်ဖုတ်ထွင်
သူတို့ မလုပ်ချင်တဲ့နေရာ
အို… ပိန်းကောလေ့လေး သွားရရှာပေါ့။

ဘယ်အခြေအနေပဲဖြစ်ဖြစ်
ချစ်မေတ္တာကို အဆစ်မတောင်းခဲ့ဘူး
ခရီးစစ်စစ်ကို ကောင်းကောင်းပို့ချင်တာ
ပိန်းကောလေ့ရဲ့ စေတနာ။

၂၀၁၇

# ပိန်းကောလှေ (၂၂)

ဗင်းနစ်ရဲ့ လှေကလေးတွေ ဘယ်လောက်လှလှ
ပိန်းကောလှေစီးရတာလောက်
အရသာမတွေ့ဘူးတဲ့
အီတလီကလာတဲ့ မဒီကညာတစ်ယောက်ပြောဖူးတယ်။

သူတို့လိုချင်တာက သဘာဝရဲ့ အနှစ်အဆန်
တို့ရှာချင်တာက ပကာသနနဲ့ ခေတ်သစ္စာန်
လူ့စိတ်ဆိုတာမျိုးကလည်း
ဝေးတာကို လှမ်းလှမ်းဆွဲတတ်တာအမှန်။

လှေလက်သမားဆရာတစ်ယောက်က
သစ်စေးနဲ့ ကျွန်းတွေရှားသွားပြီကွာ
ဖိုင်ဘာလှေတွေဝင်လာလို့
ငါတို့ ပိန်းကောလှေက ဈေးလည်းမရတော့ဘူး... တဲ့။

ယဉ်ကျေးမှုနဲ့ ဓလေ့ထုံးတမ်း
တစ်ခါတလေတော့ ထမ်းရတာ လေးပါတယ်
ဒါပေမဲ့
အခုအချိန်အထိ ပိန်းကောလှေလေးတွေ
အင်းရေပြင်မှာ လှော်ခတ်သွားလာနေကြတာကိုပဲ
ဝမ်းပန်းတသာ ဂုဏ်ယူလိုက်ပေရဲ့။ ။

၂၀၁၇

# ပိန်းကောလှေ (၂၃)

နတ်စည်ငယ်လေ.... ပုစွန့်လက်ရိုး အရမ္မရာ
ကျော်ဝုန်းသံဝှာ ဆော်ယွန်းညံ့စာစာ

**(သခွပ်ပန်းသီချင်းမှ)**

အဲဒီ မုရိုးစည်ကြီးဟာ
နတ်သက်တွေ အရှည်ကြီးရှည်ကြာလာတော့
အက်တဲ့နေရာကအက် ဆွေးတဲ့နေရာကဆွေး
အဖာအထေးတွေ များလွန်းလာလို့
အရင်အသားတောင်မှ မထင်ရှားတော့ဘူးတဲ့။

အဘိုးအမွေပေးခဲ့တဲ့
ပိန်းကောလှေလေး
အဖေ မမွေးခင်က စပ်ထားတာဆိုတော့
ရှိလောက်ပြီပေါ့ တစ်ရာကျော်
ဩော်... ဇရာပေါ်လောက်ပြီလေ။

ဝမ်းယိုဒေါက်ဆွေး မေးစိတ်တုံးပဲ့
စိမ့်တဲ့လှေနံ ခရုခွံတွဲ
ရေညှိတွေလည်း စွဲလောက်ပြီ။

မည်းမည်းသစ်စေး တဖြည်းဖြည်းပွန်း
စွန်းစွန်းကွက်ကွက် အရောင်ပျက်လို့
ကြောင်ချက်ကလည်း နာလှပြီ။

အားအင်ကုန်ခန်း မောပန်းဟိုက်ငြီး
အဘိုးကြီးလို ခရီးဝေးကွာ
သွားလေရာပေ့ါ ဆေးပါမရှိ
အအေးမိလို့ ချည့်နဲ့မီးကုန်
စီးလိုက်တိုင်းလည်း တုန်နေပြီ။

မာကျီအင်တွဲ ဆီနဲ့နဲ့လျက်
ပဲ့ထွက်နေရာ ပွဲ့လျက်ဖာတော့
ကြာကြာမခြံ လေ့မကွဲခင်
လွှန်းတင်ဖို့လည်း လိုနေပြီ။

လေ့ဆိုသည်မှာ ရေမှာလည်းချ
နေလည်းခရဲ့ မိုးမှတစ်ဖန်
နှင်းဒဏ်ခံပြီး ရောက်ပြန်နွေတွင်း
လေ့တစ်စင်းသည် ကြာရှည်သူ့လမ်း
ခရီးကြမ်းကြောင့် သက်တမ်းရှည်မှု
ထိန်းသိမ်းပြုပြင် ထာဝစဉ်
ဆင်ဆင်ခြင်ခြင် စီးကြမလား..

ဒါမှမဟုတ်
သူ့ရင်ကိုခွဲ ခေါင်းကိုဝဲလို့
မိုက်ပဲထုတ်ယူ နေပူမှာလှန်း
ကြမ်းပြင်မှာခင်း တက်နင်းမလား
စဉ်းစားကြစေ... တွေးကြစေ...။

၂၀၁၇

## ပိန်းကောလှေ (၂၄)

"လှေကလေးကို လှော်မည်
ဘေးမသန်းဘဲ အေးချမ်းတော့သည်
မြစ်ကမ်းခြေရေနဒီ စိမ်းလဲ့လဲ့ကြည်"

**လှေကလေး သီချင်း၊ ဘီလပ်ပြန်သန်း**

ငြိမ်းချမ်းရေးခရီး
ပိန်းကောလှေလေးစီးလို့သွားကြမယ်
ပင်လုံရယ်... ရင်ခုန်ပါရဲ့
အတ္တတွေကို ပြင်ရုံနဲ့ သေနတ်သံတွေတိတ်လို့
ဆည်းလည်းသံတွေ ချိုဝေလာလိမ့်မယ်ဆိုတော့
ရက်မြတ်ထံ အမြန်ရောက်အောင်
တက်ခတ်သံပေး... ယီးလေးလေး ယီးလေးယို။

အရှေ့အရပ်၌ ရှိကြကုန်သော
တောင်အရပ်၌ ရှိကြကုန်သော
အနောက်အရပ်၌ ရှိကြကုန်သော
မြောက်အရပ်၌ ရှိကြကုန်သော
အရပ်ဆယ်မျက်နှာ စကြဝဠာအနန္တ အားလုံးသောသတ္တဝါတို့
ကိုယ့်အိမ်ကိုယ့်ရာ လုံခြုံစွာ နေနိုင်ကြပါစေ။
ရှိထားသမျှ မိသားစု အားပြုနိုင်ပါစေ။
ကိုယ်နှင့်မကွာ ပို့မေတ္တာ စာနာနိုင်ပါစေ။
ဒေါသတူးဖော် မကျူးကျော် မြူးပျော်နိုင်ပါစေ။
ပိန်းကောလှေညွှန်း ဆုခြွေသွန်း ငြိမ်းချမ်းကြပါစေ...

၂၀၁၇

## ပိန်းကောလှေ (၂၅)

ပိန်းကောလှေဟာ
တစ်ခါတလေ
ရွာမှာနေ ရေအလုပ်နဲ့၊ တကုပ်ကုပ်မအား။
တစ်ခါတစ်ရံ
ရေခြံသွား စားပင်စိုက်၊ မောဟိုက်တယ်မဆိုသာ။
တစ်ခါတစ်ခေါက်
အင်းလယ်မှာရောက်ကာနေ၊ တံငါလှေဆိုပါစို့။

ဘုရားသွားကျောင်းတက်၊ ကောင်းတဲ့ရက်တွေရှိပါတယ်။
ညှော်ခံပွဲမင်္ဂလာ၊ နွှဲတဲ့ချိန်ခါရှိပါတယ်။
သာရေးနာရေး၊ ခများပြေးရတာတွေရှိပါတယ်။
ဟိုလှော်ဒီကူး၊ ပျော်မြူးတာတွေရှိပါတယ်။

မုန်တိုင်းကြမ်းကြမ်း၊ ရေဆန်လမ်း
ဖြန်သန်းသူ့မှာ မမှုပါ။
ညင်းလေသုန်သုန်၊ ဆင်းရေစုန်
တွေ့ကြုံပြန်လျှင်၊ မာန်မဝင်ဘူး
ထူးလည်းထူးတဲ့ ပိန်းကောလှေ။

ခေတ်ကိုဆက်တော့ သားတို့လက်ထဲရောက်ပါပြီ
အနာတရမနက်ဖြန် မကြာလှအပျက်ခံမလား...
လာသမျှအပြုံးတစ်ခုနဲ့ ထာဝရအသုံးပြုမလား...
နှလုံးသားမှာ စုံညီစွာ အပျော်ထပ်လို့
ယုံကြည်စွာ လှော်ခတ်ပါ သားတို့ရေ။ ။

၂၀၁၇

## ပိန်းကောလှေ
(တိုက်တေး)

အယ်။ ရှေ့ဘက်တောင် ကျွန်းပင်ထွက်
နောက်ဘက်က သစ်စေးဝယ်
လှေစပ်တော့မယ်။
ပိန်းကောလှေငယ်
ဘယ်နယ်က သရိုးကောင်း၊
မိုင်းပျိုးက လက်မားဆောင်နား
(မယ်ကူးရယ်)
အပ်ထားမှကြောင်း။

မယ်။ ဆယ့်ခြောက်တောင် တစ်မိုက်တိုး
အကြိုက်မျိုး ပိန်းကောလှေ
အင်းဂုဏ်ဆောင်ပေ။
ဝါခေါင်လ နက်တဲ့ရေ
တက်ရိုးရှည် တစ်ဖြန်ဆုံး၊
အမြန်နှုန်း ဉာဏ်သုံးလှော်ခွင့်ကို
(နောင်ကူးရယ်)
မျှော်လင့်နေတုန်း။

အယ်။ ပိန်းကောလေ့ ရေမှာမျောလို့
တဖွတ်ပင်တောကြားမှာ
ဆယ်သူမလာ။
လေ့ကြိုးကပါ
ရွာနားမှာ မကပ်ဘူး၊
မယ်တို့အိမ်တံတားခေါင်းမှာ
(မယ်ကူးရယ်)
တောင်းတုတ်မယ်လူး။

မယ်။ ရက်ကန်းတွင်
ကွက်ဆန်းထွင် ရေစင်ခတ်၊
မအားလပ်ပေ။
ပိန်းကောလေ့
မယ့်အိမ်ခြေ ချည်မယ့်အရေး၊
ဒီလေ့ငယ် ခေပယ်ဘယ်သူခတ်မယ်ပ
(နောင်ကူးရယ်)
ရှင်းတတ်မှမေး။

အယ်။ ဘုရားပေါက် ဖောင်တော်ဦး
မြော်ဖူးစို့ တူနှစ်ဖြာ၊
ပိန်းကောလေ့ ပွဲမှာရပ်
ခြေနဲ့ခတ်မှာ။
မယ်လေးလက်ရာ
မက်စရာပုဆိုးတွဲ၊
ပိုးဖဲချိတ်ဆင်ကာနွဲ့ကြမယ်
(မယ်ကူးရယ်)
အင်းဆားတို့ပွဲ။

မယ်။ သန်းတောင်နဲ့ တောင်တိုလှ
သက်လွတ်မှ ရွှေအင်းတိန်
ဆွမ်းလောင်းပွဲချိန်။
ခွဲခြမ်းဘက် ဆီမီးထိန်
ဝတ်သာ ပမာထား၊
ပိန်းကောလေ့ ဂုဏ်ကျော်လွှားအောင်
(နောင်ကူးရယ်)
လိုက်ပို့မှာလား။

အယ်။ ပိန်းကောလှေအသစ်လေး
ဝါရွှေသွေးချစ်စဖွယ်
အင်းလေးမယ်အသားလှ
ဝင်းပတင့်တယ်။
သစ်စေးသဖွယ်
ကိုယ့်မှာကွယ် အရောင်ကဲ၊
ကိုင်ပြီးစ ပိန်းကောလှေလိုပ
(မယ်ကူးရယ်)
အသားကမည်း။

မယ်။ ပိန်းကောလှေဂုဏ်သတ္တိ
မှတ်မိအောင်ပြောပြမယ်၊
ညြိချဖွယ် ပွဲကတောင်း
မည်းမှကောင်းတယ်။
ခြောက်ဆယ့်လေးသွယ်
ကောင်းရဖွယ် မိန်းမသား၊
အပေါ်ယံအရေပြားတွေထက်
(နောင်ကူးရယ်)
ဖြူလှစိတ်ထား။

အယ်။ ကျွန်းအိမ်ကြီး နှစ်ဆောင်ပြိုင်
မောင်ကမပိုင်၊
ရွာမက ပန်းထိမ်ဆိုင်
ရွှေလည်တိုင် မယ်ဆွဲလေဖို့
မဝယ်နိုင် အယ်မွဲပေမို့
စွဲလျက်သာမှိုင်။
ချစ်စိတ်က အမြဲခိုင်
ဘယ်ဆီမှ မယိုင်ရွဲ့၊
ပိန်းကောလေ့တစ်စင်းသာပိုင်တဲ့သူကို
(မယ်ကူးရယ်)
ထားခဲ့ပါနဲ့။

မယ်။ အလုပ်ကဲ
အဟုတ်မွဲတနားတာ၊
ထရံကာ သက်ကယ်မိုး
အင်းလေးရိုးရာ။
နော်ဇာကုံးမလိုပါ
ပြုံးချိုစွာနေချင်မိ၊
လုံးထွင်းလှေ ရင်းကာရှာကြမယ်
(နောင်ကူးရယ်)
နှင်းသစ္စာရှိ။

အယ်။ နှစ်ယောက်ပေါင်း
နောက်ကြောင်းလည်းအေးစေဖွယ်၊
မျိုးနွယ်တူ တစ်လှေတည်း
စီးဖို့ရည်ရွယ်။
သားလေးနဲ့ သမီးငယ်
နောက်များမယ် ခေါ်ရဖို့၊
ပိန်းကောလှေ အဖော်ရအောင်
(မယ်ကူးရယ်)
လှော်ကြပါစို့။

မယ်။ တစ်သက်တာ တွက်ပါနဲ့
ဆက်ပါကွဲ့နောင်ကူးရယ်၊
ရှင်လောင်းငယ် ဒကာမ
ဖြစ်ရစေမယ်။
ပိန်းကောလှေငယ်
ညြဲယလယ် လွန်မြောက်ရေး၊
ရေဝန်ကို သွန်ဖျောက်ပေးပါ့မယ်
(နောင်ကူးရယ်)
သံသာလေကမ်းတိုင်လောက်
ရောက်ရမယ်လေး။

၂၀၁၇

## ပိန်းကောလှေ
(အတိတ်စိမ်း)

နှစ်ခြားမဖောက် ဘုရားရောက်
နဂါးမောက်နှင့် ကြိုလေသည်။
ရာကျော်လှေကြီး ပျော်ပျော်စီး။

မှော်ကော်မြေတူး ချဥ်းချဥ်နူး
အင်းလှေကူးနှင့် လှော်လေသည်။
တောင်ပြန်လေသင့် ရွက်တိုင်ဖွင့်။

အမုန်းကင်းစေ ပြုံးရင်းနေ
လုံးထွင်းလှေက ဆိုလေသည်။
အင်းရေချိုမြ ပမာပြ။

မတ်တတ်ခြေပယ် ခတ်လေတယ်
ကတ်လှေငယ်နဲ့ စီးလေသည်။
ခရီးမဝေး အနီးလေး။

မလှော်ချင်နေ လှော်ချင်နေ
မော်တော်လှေလည်း လုပ်လေသည်။
တရုတ်စက်တပ် ရှုပ်ယှက်ခတ်။


ရေနဲ့လှေများ တို့အင်းဆား
ခွဲခြားမရ ပြောလေသည်။
မတိမ်းကောပေ ပိန်းကောလှေ။ ။

၂၀၁၇

အယ်ကျော်မြတ်ခိုင် [အင်းလေး]

# ပိန်းကောလှေ

ကဗျာများ





နွေမကြမ်းနဲ့
ရေခန်းမှာစိုးလို့လေ၊
မိုးမဖျောက်နဲ့
ညှိုးခြောက်မှာစိုးလို့လေ၊
နှင်းမဖျက်နဲ့
အင်းပျက်မှာစိုးလို့လေ၊



တို့မြေနဲ့ တို့ရေ
တို့တတွေမှီတင်းရေး၊
အလင်းနဲ့ အနုပညာ
ထာဝရ သင်းမွှေးလေမှ
စိတ်ချချင်သေး။ ။

# ကျွန်တော်ချစ်တဲ့ဘီလူး

တူးမြောင်းမဟုတ်ဘူးကွ…တဲ့
ဘီလူးချောင်းကဟစ်ကြွေး
အလင်းဖြစ်တေးဖွဲ့
သူပေးခဲ့တဲ့မျက်လုံးတွေ
သူ့ကိုပြန်ကြည့်နေကြပြီ။

ရာဇဝင်များရဲ့ အလှသမီးမဟုတ်ပေမယ့်
စာသင်သားတို့ရဲ့ဘဝခရီးမှာ
သူပါဝင်တဲ့အခန်းက
လောပီတကိုအပြင်းနှင်
သူဟာ
အလင်းရှင်ပါပဲ။

ပုဏ္ဏက မဟုတ်
အာဠာဝက မဟုတ်
ဒဿဂီရိ မဟုတ်
ဘယ်တော့မှလည်းနောက်မဆုတ်
"ဘီလူး"ဆိုတဲ့ဂုဏ်ပုဒ်နဲ့
အကောင်းဆုံးအလုပ်လုပ်နေတယ်။ ။

၁၉၉၈

## အင်းလေး

သူမဟာ
အရပ်မြင့်မြင့်အရှေ့ရိုးမရဲ့
ပြာလဲ့ဆင်းပြေတဲ့ မျက်ဝန်းဖြစ်တယ်
ထင်းရှူးတောတန်းက စမ်းချောင်းလေးတွေရဲ့
မွှေးပေါင်းပျံ့ရာ ပန်းတစ်ခင်းဖြစ်တယ်
ကြယ်စုံတဲ့မြို့ကလေးတွေရဲ့
သွေးကြောတစ်မျှင်လိုပါပဲ။

စိမ်းမြမြတောင်သွယ်ကြီးတွေက
ခပ်မခန်းရေတွင်းရဲ့
နှုတ်ခမ်းလိုဟာပြီး
သူမအတွက် မိုးစက်တွေကို
လက်ဆောင်ပေးလိုက်တယ်။

သူမကလည်း
အရှိန်ကောင်းကောင်းပြေးလွှားရင်း
အားအင်ဖြစ်သမျှကို
လောပီတဆီပို့ဆောင်ပြန်တယ်။

လောပီတက
သူမကိုသိမ်းပွေ့ပြီး
လောကတစ်နေရာမှာ
ထာဝရ လမင်းဖြစ်ပေါ်နေလေရဲ့။ ။

၁၉၉၈

# လှေငယ်ရှင် ခေပယ်တင်တဲ့အခါ

ကပိလဝတ္ထုဟာဒီပနီလာ
ဘုရားရှိခိုး၊ ရွှေလောင်းချီအစ
ကိန္နရာတောင်ယုက်၊ ရွှေငှက်တောင်ခတ်အထိ
တက်ရေး ၃၇ ချင်းထဲလည်း မရှိ၊
ရေပေါက်ကြဲ၊ ပုလဲသီ
ပန်းဆွတ်၊ ပန်းတောင်းချီအထိ
လှေလှော်ခြင်း ၁၂ ပါးထဲလည်းမပါ...

ခြေတစ်ဖက်က လှေပေါ်မှာမတ်မတ်ရပ်လို့
ခြေတစ်ဖက်က တက်ကိုခတ်
လှော်ခြင်းအတတ်ပညာနဲ့ အလေ့အထကတော့
အင်းလေးမှာပဲ တွေ့ရပါတယ်။

လှေငယ်ရှင် နေမကွယ်ခင်
ရေလယ်တွင် ခေပယ်တင်တဲ့အခါ
ဓာတ်ပုံဆရာတွေအကြိုက် တန်းစီလှော်ခတ်နေပုံက
တုမယှဉ်သာလောက်တဲ့
အနုပညာမြောက် ပန်းချီတစ်ချပ်လို...
သူ့ပုံရိပ်ဟာ ကမ္ဘာအရပ်ရပ်ကို ခဏချင်းရောက်သွားခဲ့
သူကတော့
တစ်ဝမ်းတစ်ခါး လောက်ငရုံ ငါးကလေးများရရင်
တည်ဆောက်ပြီးသား သူ့ကမ္ဘာ
သက်ကယ်မိုး ထရံကာ အိမ်ကလေးဆီသို့သာ...

၁၉၉၉

## ဝါကျွတ်ချိန်ခါ အင်းလေးမှာ

အဘိဓမ္မာ အခေါ်တော်နေ့၊
ဝတ်သာ မြတ်စွာကြွတယ် ထူးလှပါပေ့။
ဖောင်တော်ဦးမြတ်စွာ ပျော်စံရာအင်း၊
ပူဇော်ခံနှစ်စဉ်ကြွ မြတ်လှသီတင်း။

ကြေးပေါခံ့ အင်းတိန်စ
ဟဲယာရွာမ နှစ်ညတာ၊ ကျိန်းစက်ပျော်ရာ၊
ငါးဖယ်ချောင်းကြွမြန်းကာ၊ ကြေးစားရွာ ပွဲစားကုန်း။
လင်းကင်းရွာ သာမဆုံးတယ်
ညောင်ရွှေမှာ သုံးညကျိန်းဖို့၊ ဆန်လို့တက်တုန်း။

ပင့်ဆောင်ချီလျက်၊ ကရဝိတ်ငှက်ဖောင်စကြာ
တောင်ဘက်ရွာနန်းသဲ၊ ကြွမြန်းမြဲသာ။
မိုင်းသောက်နဲ့ သလဲဦးရွာ၊ ကေလာနဲ့ ဇရပ်ကြီး၊
ဘုရားပေါက် နန်းပန်ပြီးရင်၊ မန်ကျီးဆိပ်နဲ့ ကျိုင်းခမ်းခရီး။

ဆွဲလှေကြီး ငါးဆယ်ကျော်၊
မြတ်ဖောင်တော် ကြိုးသီပင့်၊ ချိန်သင့်လို့လော်။
'လေ့ လေ့ လေ့' ကျူးရင့်အော်၊ 'ဟော' လို့နော် သံပြိုင်ပေး
'ယောက်ျားသလေး' ခေါ်လိုက်ရင်ပ၊ ထူးကြဲ'ယီးလေး'။

ဘေးဝဲယာလမ်းနှစ်ဖက်၊ ကြာပန်းယှက်လှိုင်လှိုင်ဖြာ
ပြိုင်ဆိုင်ရာတူသော်မှ၊ ပူဇော်ကြတာ။
သူတော်ကောင်းပေါင်းများစွာ၊ သောင်းဖြဖြဦးညွတ်တွား
သံသရာရေယဉ်ကြောမှ၊ လွတ်ကြစေသား။

သကၠ်သဿနဂိုရ်ပြည်၊ မြတ်စိတ်နွှေကြွမြန်း
ရည်မှန်းကာ နဂါးမောက်ဆွဲလှေသားတွေက
တအားကောက် ခရီးရှည် ရေဆန်လမ်းပေမယ့်
မပန်းပါလော့်ကာလှမ်းကြတယ်၊ ဖောင်တော်ကဆန်း။

သင်ပုတ်စင်စီတန်းပါတဲ့၊ သာစခန်းမိုင်းပျိုးရွာ
လပြည့်မှာ ဆန်ကာတက်၊ စဥ်လာဆက်ကာ၊
ဓမ္မစကြာ၊ ရွတ်ပါတဲ့ ဝတ်အသင်း
ဌာန်ကရိုဏ်းပီသပြန်တော့၊ ကြည်မြရင်တွင်း။

ဆန်လုံးစီ မုန်နီထပ်၊ ဆွမ်းတော်ကပ်ပန်းတော်လှူ
ခွက်တစ်ထောင်ကျော်သော်မှ၊ အားမရသူ။
မြင်သူတိုင်းအတုယူ၊ တွေ့သူတိုင်းစိတ်ကြည်နူး
ရည်စူးကာ ကုသိုလ်ပြုကြတယ်၊ မြတ်ဒါနထူး။

ဖူးမဝခင်၊ စိန္ဓေရှင် ခရီးဆက်
နောင်တောမှာတစ်ခါဆင်းတယ်၊ အင်းပေါခုန်ဘက်။
နေ့ခင်းထွက် ကျောင်းရေသာ၊ နေရာက ခပ်နီးနီး
နက်ဖြန်ခါ ကျောင်းတော်ဝင်တော့၊ ခရီးစဥ်ပြီး။

ဖြိမ့်ဖြိမ့်သဲ အောင်ပွဲခံ၊ တို့အင်းလေးကန်
ဝေးရပ်ဌာန်အမှန်ရောက်သော်လည်း၊ တစ်ခေါက်တော့ပြန်။
လှေပြိုင်သံ တည့်ညံ့၊ ရိုးရာမှန် ဟန်မပျက်
ကမ္ဘာတည် ကြာရှည်စွမ်းအောင်၊ ကမ်းဆင့်ကြိုလျက်။

အော်.. အင်းလေးရေ ဘယ်မခန်း၊ ရှမ်းတိုင်းကဆို
သင်းမွှေးစေ တကယ်လန်း၊ ပန်းတိုင်းလှသကို။ ။

၂၀၀၀

## အဝေးကသီတင်း

နဂါးမောက်တွေ အနက်ရောင်တောက်
ပင်နီတွေ ပင်ညိုတွေ ခြေရေစိုချိန်ရောက်ပြီ
ရေအဝသောက်ပြီး ကျန်းမာရေးကောင်းလာတဲ့
အင်းလေးအိုင်
လင်းကွင်းသံနဲ့ မြိုင်ရော့မယ်။

နှစ်အလယ်တည့်တည့်မှာ ပြန်ဆုံကြမယ်လို့
ရေးအတီတေက အစဉ်အလာကတိကို
မျှော်ဘက်က တည်ရှိနေမယ်ယုံပေမယ့်
ပြန်ဘက်က မရေရာ
သောတာရုံမှာ ပဲ့တင်ထပ်နေဆဲ။

"မီးခြစ်ဆံနဲ့ ဆောက်ပြောက်အိုး
သံချွန်ကူးနဲ့ လောက်လေးကြိုး"
မဆုံနိုင်ဘူးလို့ ဘယ်သူပြောမလဲ
"သလဲဦးမြောင်းနဲ့ မြင်ထင်ကျောင်း
အင်းတိန်ချောင်းနဲ့ သုံးပတ်မြောင်း
နေတက်ရာနဲ့ နေစောင်းရာအရပ်"
မစပ်နိုင်ဘူးလို့ ဘယ်သူဆိုမလဲ... ဒီချိန်မှာ။

ရေဖောင်ဖောင်နဲ့ လှေဖောင်ပေါ်မှာ
စကားတွေ ဖောင်ဖွဲ့ဖို့
အနှောင်အဖွဲ့ကို မရှန်းနိုင်ခဲ့ပါဘူး
အဝေးကသီတင်း
လင်းကွင်းသံနဲ့ မြိုင်ရော့မယ်။

၂၀၀၁

# ပွဲတော် ၂၀၀၁

ပဲပုပ်ထောင်းစားပြီး ခေါင်းပြားအောင် အိပ်မနေကြတော့ဘူး
နှစ်ဆယ့်တစ်ရာစုထဲ ကူးခတ်လာတဲ့ ထုချေလွှာမဲ့ပွဲတော်မှာ
ပျော်တတ်ရင် ပျော်စရာတွေချည်း။

ကိုငနီရေ…
ကျွန်တော်တို့ကသာ အိပ်မောကျနေကြတာ
ချောင်းရေစီးကတော့
ရွာနီးချုပ်စပ် အမြဲလှုပ်ခတ်နေတာဗျို့။

ကြည့်ပါလား
ဘာသာဘာဝစကားတွေနဲ့ ပူးတွဲရောင်းချ (ပဒေါင်မတို့ရဲ့)
ခေါင်ရည် မချိုမြမြဆိုင်များ
ရေအေးကြမ်းနဲ့ ပူးတွဲရောင်းချ (အင်းသူမတို့ရဲ့)
ကင်ပေါင်းကြော်ဆိုင်များ
အံစာတုံးနဲ့ ကြိုးကလေးချ (ဂျင်မလေးတို့ရဲ့)
အရုပ်ဆိုင်များ

အဲဒီကြား…ငှက်ကြီးတောင်ဓားတဝင့်ဝင့်နဲ့ နတ်ရုပ်တွေ
ပွဲခင်းအလယ် အသက်ဝင်လှုပ်ရှားနေကြ
ကိုယ်ရောင်ကိုယ်ဝါက သူ့နောင်တော်များထက် သာတာပ။

ဘယ်လိုဆိုဆို…အစဉ်အလာလိုလိုနဲ့ အစဉ်လာနေတဲ့ပွဲလေ
အရင်အခါတွေနဲ့ တူတူ မတူတူ
တို့လူတွေကတော့ ပျော်နေလိုက်တာ…ဆူ လို့။

၂၀၀၁

## မီးဖြတ်အဖြောင်

ဖယ်ခုံပဒေါင် အင်းအဖြောင်တဲ့
ဆန်ရည်ဟာ
တောင်အင်းကနေ မြောက်အင်းကိုဆန်တဲ့အခါ
ယောကျ်ားဘသားတို့ရဲ့ ညနေအိုမှာ
စည်းစိမ်ယစ်စရာ ယမကာ။

ဆိုးချင်လို့သောက်သောက်
ကောင်းချင်လို့သောက်သောက်
၄၃% အောက်ဆိုရင်
မီးမတောက်ချင်ဘူး။
အရည်ချို လေမဖြိုချင်ဘူး။

စကော့တလန်ကထုတ်တဲ့ ဝီစကီမှာ
အရောင်နဲ့ အဆင့်အတန်းသတ်မှတ်သတဲ့
ငါတို့ရဲ့ မီးဖြတ်အဖြောင်
အရောင်မပါလေတော့
အဆင့်အတန်းခွဲခြားလို့မရချေဘူး။

ဆန်နဲ့ချက်ချက် ကြံနဲ့ချက်ချက်
အဝင်တစ်ချက်ပဲခက်တယ်တဲ့
တို့ လူခဲတွေအတွက်
အသူရာပြည်ကလာတဲ့ အယ်တစ်ခွက်။ ။

၂၀၀၂

## ဆေးခါး

မွေးကတည်းက စားလာခဲ့တဲ့
အသွေးအသားအတွင်းက
ဆေးခါးဟင်း။

ဆန်ကွဲဖြူ၊ ပဲစေ့လုံး
ငါးရှဥ့်နဲ့ တွဲဦးမလား
သားရေပွကြော်၊ ပဲပုပ်ထောင်း
မိုးနဲ့ဆန်နီကူးနဲ့ပေါင်းလိုက်ရင်ဖြင့်
မထနိုင်အောင် စားလို့ကောင်းပါရဲ့။

ရှေးအစဥ်အဆက်
သားကြီးငါးကြီး တအားကြီးမမက်ကြသူတွေ
အနေရိုး အစားရိုးဆိုတော့
တအားဆိုးတာမျိုးလည်း မဖြစ်ကြ
တို့လူမျိုးတွေက
ဆေးခါးဟင်းစားပေမယ့်
စိတ်ထားကတော့ ချိုမှချို...

ဆောင်းခါဆို
အိမ်တာပြင်းမှာ နေပူတစ်ပိုင်း နေရိပ်တစ်ပိုင်း
ပလိန်းခေါင်း ပဲစေ့ထောင်းနဲ့
လက်ပံခေါင်း ဟင်းခါးရည်ဟာ
အင်းဆားတွေ
မေ့ကောင်းစရာမဟုတ်လေပါကွယ်။

၂၀၀၃

## သုံးပတ်ချောင်း

သူဟာ
အင်းလေးရဲ့ လက်ဝဲဘက်သွေးကြောတစ်ချောင်းပေါ့
အနည်အနှစ်တွေကြောင့် ကျဉ်းခဲ့ရပေမယ့်
တကယ်ချစ်တဲ့စာရင်းမှာရှိနေဆဲ...

ဒီနယ်တစ်ကြော
ကောက်ကြီး မိုးနဲ ပုန်းအင်းနဲ့ လင်ပန်းချော
ပြောင်းခင်း ကြံခင်းတွေလည်း ပေါတော့
သွယ်ကြဖောက်ကြ သောက်ကြသုံးကြ
နောက်ဆုံး ဒီဘဝရောက်ရတာပဲ။

ဒီချောင်းမှာ
ငါတို့ငယ်ငယ်တုန်းက
ငါးခုံးမ ငါးလူး ရေဆင်းကူးရင်းဖမ်းခဲ့ကြ
အခုတော့ ဒူးမြုပ်အောင် ရေမရှိတော့ဘူး။

အရင်က လှေလှော်လို့ရတဲ့ချောင်းက
အခုတော့ ဟန်ကျော်လို့ရနေပါပြီ
ဒီတော့
မိုးကောင်းစေတီတော်
ကုန်းကြောင်းနဲ့သာ ဖူးမြော်ခွင့်ရတော့တယ်။

၂၀၀၄

# ကတတ်

ကတတ်ကောင်းကောင်းစားချင်ရင်
တဖွတ်တောနက်နက်ဝင်ရတယ်...တဲ့။

တချို့တလေကတော့
ရေကြက်...ရေကြက်နဲ့
အသေနက်ကြတာပါပဲ။

ဆောင်းဝင်ပြီဆို
အောင်ဘညို၊ မြေပတ်တီတူး၊ ပုတ်ငှက်
ကုန့်ကွက်နဲ့ လောက်စင်း
ကံခေါင်းကထွက်တဲ့ ဟင်းတွေ
လူဦးရေတိုးလာတာနဲ့အမျှ
ငှက်ဦးရေလျော့ကျသွားခဲ့တယ်။

သားငှက်ဘေးမဲ့တောဆီ
ပြန်မလာတော့တာ ဘယ်လောက်ရှိပြီလဲ
ဝေဟင်မှာပျံဝဲနေတဲ့ အမွေးလှအဆင်ထူးတွေ
မြင်ဖူးသူတောင် နည်းသွားပြီ။

ကတတ်... ကတတ်
ဒီအသံကို ငှက်အော်သံလေးဖြစ်စေချင်ပေမယ့်
ကတတ် ဝယ်ဦးမလား ကတတ်
လူက အော်တဲ့အသံ ဖြစ်နေခဲ့တယ်။ ။

၂၀၀၅

## ရာဇူ

ရွှေပဲခြင်ခြင်
ပဲပင်ပေါက်ပဲထည့်ထည့်
အမိကကတော့
တိကျဖို့ပါပဲ။

စနစ်မကောင်းရင်
အလစ်ချောင်းသူတွေပေါ်သတဲ့
ခေတ်အကြောင်း ပြောလိုပြော။

ဟောဗျာ
လျှာမထွက်အောင်
အသာဘက်ကရောင်းပါတယ်ဆိုမှ
အဆစ်က တောင်းချင်နေသေးရဲ့။ ။

၂၀၀၆

# ခိုခေါင်း

ဇာတ်တော်ထဲက အဗ္ဗန္တရ သရက်သီးဟာ
တောင်ရံခုနစ်ဆင့်မှာ သံကွန်ယက်အထပ်ထပ်နဲ့
ကုမ္ဘဏ်ရက္ခိုက်စောင့်ကြပ်ပြီး သီးသတဲ့။

တို့ဆီမှာ နဂိုကောင်းတဲ့
ခိုခေါင်း ခေါ်တဲ့ သရက်သီး
အလေ့ကျပေါက်တယ်ဆိုသော်ငြား
အတွေ့ရများပါတယ်
သူ့ကို.... စိုက်မယ့်လူတော့ မရှိပါဘူး
စားမယ့်လူတော့ မနည်း။

မချစ်စု၊ ရင်ကွဲ၊ စိန်တစ်လုံး၊ မြကျောက်
လှသလောက်ဈေးကြီးတဲ့ ဈေးကွက်ထဲမှာ
သုံးလုံးတစ်ရာ ဆိုတဲ့တန်ဖိုးကြောင့်
တောသရက်ရယ်လို့... ပြောထွက်တဲ့ ပါးစပ်တွေ
စားတော့လည်း သူတို့တွေပါပဲ။

ပိုးပါတတ်ပေမယ့် ရိုးရာအစားအစာလိုဖြစ်နေခဲ့
အသေးစားပေမယ့် တစ်ဈေးကြား အလုံးငါးရာ
အစေ့ပါ အရသာရှိတဲ့သရက်သီးမို့
အသက်ကြီးငယ်မရွေးနှစ်သက်တယ်။

ချစ်တဲ့ အင်းသားတို့ရေ...
ထိုအကြောင်းတရားတို့ စုံတူမျှတာမို့
ခိုခေါင်းစားလို့ ဂုဏ်ယူကြပါစို့။

၂၀၀၇

## ပဒုမ္မာ

ရေမြင့်လို့ တင့်လေတဲ့ကြာ
ရေအတိမ်အနက်ကို သိစေတဲ့ကြာ
ကောကနာဒ ပဒုမ္မာ...။

မယ်မာရေ
အပွင့်ကနေ အစွယ်အရိုးထိ
အားလုံးတန်ဖိုးရှိတဲ့ကြာ
အပင်ရှည်တော့ ချည်မျှင်များများရတာပေါ့။

အပူအအေးမျှတဲ့ ကြာသင်္ကန်း
ကျော်ကြားလှတဲ့ လုပ်ငန်းတစ်ခု
အင်းသားလက်မှုပညာဟာ ဂုဏ်ယူစရာပါပဲ။

အထည်တွေ များများရောင်းရတော့လည်း
ကြာပင်တွေ များများနုတ်ကြ
အခုဆို တို့ရဲ့ရေကန်သာ
ကြာတွေတောင်မှ ကြာကြာမနေရရှာတော့ဘူး။

မယ်မာရေ
ဘုရားမှာ ကြာပန်းကပ်ရင်း စဉ်းစားနေမိတယ်...
သဘာဝနဲ့ သယံဇာတဆိုတာ
တို့မွေ့အိုး ဖအိုထားခဲ့တဲ့ မျိုးစေ့တွေ
တို့တွေ မစိုက်ပျိုးခဲ့ဘူး
တို့တွေ စားသုံးခဲ့ကြတယ်လေ။ ။

၂၀၀၈

# ရေပေါ်အိမ်လေးသို့



# ရေပေါ်အိမ်လေးသို့အလွမ်း

ပဒုမ္မာကြာပွင့်တွေလို ရေစီးပေါ်မှာ
တစ်နေ့တခြားရှည်ထွက်လာတဲ့ခြေတံရှည်တွေကို အားပြု
မြေထုပေါ်က ကျောက်ဂူတွေအတိုင်း
ပျဉ်ထောင်အိမ်တစ်လုံးရဲ့ အခန်းကဏ္ဍ။

အမြဲခင်းကျင်းထားတဲ့ အိပ်ရာခင်းလေးရယ်
သားလွမ်းချင်းနဲ့ လမင်းကိုလိုက်ရှာနေတတ်တဲ့ အမေရယ်
ရှိနေမယ် အသေအချာသိပေမယ့်
တစ်နယ်တစ်ကျေးရဲ့ ချွေးပေါက်က ကျယ်လွန်းတယ်။

မြုပ်တစ်ခါ ပေါ်တစ်လှည့် လှေကားဆက်တံတားမှာ
အစီးအနင်းမရှိတဲ့ လှေတစ်စင်းကို ကြိုးနဲ့သီလို့
အစိုဓာတ် မထိန်းနိုင်တဲ့ လှော်တက်က တွန့်လိမ်နေရော့မယ်
ရေပေါ်မှာ ခြေလှမ်းခြင်း အနုပညာကလည်း
မှုန်ဝေဝေ ဆင်ခြင်သိအဖြစ် ဖွဲ့ ဆိုင်း ရစ် လွမ်း။

ပျဉ်တစ်ပြားစာ လုပ်ထားတဲ့ တံခါးချပ်မှာ
အဝေးက စာတွေပဲ အထပ်ထပ် လိမ်းကျံနေရောပေါ့
အိမ်အောက်က ရေလှိုင်းတွေ တံစက်မြိတ်ပေါ် ပဲ့တင်ထပ်
'အုန်းလက်ထိုး ရှူးပိတ်'က ဒိုကလေးတွေ
တစ်ဝမ်းတစ်ခါးသင်တန်းက ပြန်ရောက်နှင့်ပြီလား။ ။

၂၀၀၈

## မင်းတော်တော်ပေတာပဲ

အသက်ကို ဘက်ဆုတ်ကြည့်တော့
ရှစ်လေးလုံးမှာ ရှစ်တန်းကျောင်းသား
လူပျိုဖော်ဝင်ဖို့ လက်သွေးနေတဲ့ကောင်လေးပေါ့။

ကျောင်းသင်ခန်းစာထက်
မျက်မြင်ဒိဋ္ဌကိစ္စတွေကိုသာ စိတ်ညွှတ်လို့
ကျောင်းစာကျက်ဖို့ထက်
စာရေးဖို့ပဲစိတ်ထန်
ကြက်ခြေခတ်နဲ့ အမှန်တရားဆိုတာထက်
အနီ အပြာကို ပန်းချီပမာသဘောထား
သူပုန်သူကန်အငယ်စားလေးပေါ့လေ။

ရောခ့်စတီးဝပ်သီချင်းကြိုက်ပြီး
အင်္ဂလိပ်စာမကျက်ချင်တာ အချိုးမကျ
အသံထွက်ခေါ်ပေးတာတောင်
သတ်ပုံတမင်မှားရေးချင်
စာလုံးပေါင်းမှန်ရင်တောင်
အဓိပ္ပာယ်က တလွဲရေးလိုရေး
ဆရာမကြီးက မှတ်ချက်ပေးတယ်
"မင်းတော်တော်ပေတာပဲ"

မင်းတော်တော်ပေတာပဲ
ဒီစကားလေးတစ်ခွန်း
အသံထွက်က ကျယ်လောင်လွန်းပါတယ်။

အရှည်ထားချင်တဲ့ ဆံပင်တွေ
အကြိမ်ကြိမ်ဖြတ်တောက်ခံရသလို
ပြတ်တောက်သွားတာတွေ ထားလိုက်တော့
ဘာလိုနေမှန်း မသိတဲ့ပညာရေးစနစ်မှာ
စွန်းပေသွားတဲ့ စိတ်ကို အခါခါလျှော်ဖွပ်ခဲ့ရ
ဆရာမကြီးရဲ့စေတနာကိုလေးစား
ကျွန်တော် အတော်အသင့်အပိုးကျိုးသွားခဲ့တယ်။

ဘဝလှိုင်းအရိုက်အခတ်မှာ
ပေတာပွတာတွေ မနည်းခဲ့ပါဘူး...
“မင်းတော်တော်ပေတာပဲ”နဲ့ ဆေးကြောသုတ်သင်
ဆင်ခြင်ခြင်းကို လက်ကိုင်ရင်း
ကျွန်တော် သန့်သန့်ရှင်းရှင်း ရှင်နိုင်ခဲ့ပါပြီ။

ဆရာမကြီးခင်ဗျား
လူပေလေးရဲ့ရေးတဲ့စာ
ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက်
အာမခံနိုင်ပြီ ဖြစ်ပါကြောင်း...

ဆရာမကြီး ဒေါ်လှကျင်သို့...

၂၀၀၉

## လှေတစ်မူး ပူးတစ်မတ်

ဟိန် ထမုံ စော်ဘွားခေတ်က
ကျော်ကြားလှတဲ့ ပုံပြင်တစ်ပုဒ်...

အင်းလေးက ရွာအုပ်ကြီးတစ်ဦးဟာ
ကုလားဆေးအိတ်နဲ့ ငွေဒင်္ဂါးလှေကြီးဆိုက်လို့
ကြွယ်ဝလိုက်ပုံများ... ဘိုးစဉ်ဘောင်ဆက်
ဩဇာတိက္ကမက အရောင်လက်တော့
အမှုအခင်းတွေ ဆောင်ရွက်ဆုံးဖြတ်သူဖြစ်ခဲ့တယ်။

"အိမ်ဦးကြမ်းပြင်၊ ကုန်းမဆင်နဲ့" ဆိုတဲ့ နီတိတွေ
"ငှက်ပျောကိုဖြတ် နွားကိုသတ်
တစ်မတ်နှစ်ခါ ကွမ်းဖိုးသာ"ဆိုတဲ့ ဖြတ်ထုံးတွေ
အားလုံးကျေနပ်လာခဲ့ကြ၊
အဲဒီတုန်းက လွှမ်းမိုးခဲ့တဲ့ ကွမ်းဖိုးဟာ
ဒီခေတ်မှာတော့ လက်ဖက်ရည်ဖိုးဖြစ်လာပေါ့။

ထင်းသမား အင်းသားတစ်ယောက်ဟာ
ကမ်းစပ်က နွားကျောင်းသားလေးဆီမှာ
သူ့လှေကိုအပ်၊ ပူးခါးရေဘူးနဲ့ ဖိနပ်ကိုငှား
တောင်ပေါ်ကို ထင်းခုတ်သွားတဲ့အခါ...
အင်းသားကံမကောင်းရှာဘူး
လှေကို နွားနင်းလို့ ပျက်စီးသွားသတဲ့၊
နွားကျောင်းသားလည်း ကံဆိုးရှာတယ်
ပူးခါးလည်းပေါက် ဖိနပ်လည်းပျောက်ခဲ့သတဲ့။

ပူးရှင်နဲ့ လေ့ရှင် အချေအတင်ဖြစ်လေတော့
ထမုံအရာရှိမပါ၊ ခုံသမာဓိအရာက ရွာအုပ်
သူ့ရှိတဲ့ အာဏာတွေ ထုတ်သုံး
နှစ်ဦးစလုံးအပြန်အလှန်လျော်ဖို့ တန်ဖိုးဖြတ်
“လေ့မှာ တစ်မူး၊
ပူးမှာ တစ်မတ်၊ ဖိနပ်မှာ နှစ်ကျပ်ခွဲ” တဲ့...

အဲဒီကတည်းက ရပ်ရွာထဲ စီရင်ချက်ဟာ
တရားရေးကိစ္စမှာတော့
ဒီနေ့ဒီချိန်အထိ ပီပြင်လျက်ရှိဆဲ၊
ခုအခြေအနေမှာ
ဥပဒေရဲ့အထက်မှာ ဘယ်သူမှမရှိပေမယ့်
ညီမျှခြင်းကိုယ်တိုင်ကလည်း အရှည်အတိုမတူတတ်သလို
ချိန်ခွင်ကြိုးတွေလည်း အနိမ့်အမြင့်မတူတတ်ဘူးဆိုတော့
လာဘ်ပေးပေး မပေးပေး
ထပ်တွေးစရာလေးတွေက ရှိနေသေးရဲ့။

အော်... တို့အင်းသားတွေများ
တစ်ခုခု မတရားခံလိုက်ရပြီဆိုရင်တောင်
အတိတ်တဘောင်လိုလို ဖြစ်နေတဲ့
လေ့တစ်မူး ပူးတစ်မတ်နဲ့နှိုင်းဆ
သမိုင်းလှတဲ့ လောကကြီးမှာ
တစ်ခါတလေ
အသေအချာရေးထားတဲ့ ပွဲစဉ်ဇယားမှာတောင်
ဟိုတုန်းက ရွာအုပ်လို
ခရာမှုတ်နေတဲ့ ဒိုင်လူကြီးတွေကလည်း အများကြီး။

၂၀၁၀

## ငါးဖိန်း

စားလို့ကောင်းတဲ့ ငါး
လူကြိုက်လည်း များတာပေ့ါ
တော်စားတော့လည်း
ကျော်ကြားတာပေ့ါလေ။

ငါးရစ်၊ ငါးတောင်နွယ်၊
ငါးနယ်စိမ်း၊ ငါးသဖွဲခြောက်၊
ငါးမဲ့တစ်ပေါက်၊ ငါးမြွေစာရိုး၊
ငါးပြားသလက်၊ ငါးအုံမက်၊
၁၃၅ ရဲ့ ဖွားဖက်တွေ။

အခုတော့
မဆင်ခြင် ကျင်စက်အဆိုးဆုံးတွေကြောင့်
အသွင်ပျက်အမျိုးသုဉ်းမှာကြောက်နေရတဲ့ ငါးတွေ...

ငါးဖိန်းတဲ့
ငါးဖိန်းကြား ငါးလာမလုပ်နဲ့ ဆိုရိုးစကား
သူ့ဂုဏ်ရှိန်ဝါက ကြီးမားလှတယ်
သူ့အဆင်းက ငါးကြင်းလိုလှ
သူ့အရောင်က ရွှေဝါရောင်
မော်အထပ်ထပ်ကြားမှာနေတာတောင်မှ
မရရအောင် ဖမ်းတတ်တဲ့ ဆောင်းသမား
သူ့အကြောင်းတရားနဲ့ သူပေ့ါလေ။

ကျောခွဲ အစာသွတ်
နီးနဲ့ချည်ပြီး မကြွပ်တကြွပ်လေးပေါင်းထားတာကို
အကောင်းစားကြိုက်သူတွေ အသားချည်းထုတ်လို့
ရွာမှာခေါ်တော့ ငါးနီးတုတ်ပေါ့လေ
စားသောက်ဆိုင်ရောက်တော့ ငါးဒုက္ခ
မစားဖူးရင်လည်း ခေတ်နောက်ကျဦးမယ်။

သီတင်းကျွတ်တစ်ခါ
အင်းလေးက ရွာကိုပြန်တော့
ချစ်ရှာတဲ့ ဦးလေးအောင်
တူတော်မောင် ထမင်းဖိတ်ကျွေးချင်လွန်းလို့
သူ့မှာတကူးတက...
စန့်ချ၊ တလောထိုး၊ ချဉ်းရိုး ဆောင်းရှည်
ငါးပွန်လို့ ဝိုင်းပိုက်လိုက်တဲ့ ချောင်းရေမှာ
ငါးဖိန်းရှာထွက်တော့တာပဲ။

ကြက်သားဟင်းရွက် ဟင်းခါးရည်
ခရမ်းချဉ်သုတ်၊ ပဲပုပ်ဖုတ်တွေနဲ့
အဒေါ်စန်းလက်စွမ်းပြ
ဇွန်းမချချင်အောင်ကောင်းတဲ့ ထမင်းဝိုင်း
နှစ်စဉ်နှစ်တိုင်း ဆင်နွှဲခဲ့တာပါပဲ။

ဒီတစ်ခေါက် ထမင်းပွဲ
ပျောက်လုဆဲဆဲ ငါးဖိန်းအကြောင်းစဉ်းစား
ဟင်းခွက်ကလေးကို လက်ကနှိုက်လျက်သားက
အော်... ငါးကလည်း ငါးဒုက္ခနဲ့ငါး
ငါကလည်း ငါ့ဒုက္ခနဲ့ငါ။ ။
၂၀၁၂

# အင်းလေးရှင်ပြု

'ရှင်လောင်းခေါ်'မှ ပေါ်ရတဲ့ ဟင်းလျာ
စီးကော်မိုး ဝန်တာထားလိုက်။
ပွဲဒါယကာ ကုသိုလ်ထိုက်ဖို့
ထမင်းပေါင်း ဟင်းချက် ပုန့်တိုက်ရက်တွေ
တစ်ယောက်တစ်လက် ရွာသားလက်။

ပွဲကူလာရင် 'ကုဆိုလ်အတူတူဝနော'
အလိုက်သင့်လေးပြောလိုက်ပေမယ့်
ဇောစေတနာက ထက်သန်မယ်ထင်ပါရဲ့။

ညှော်ခံချိန်မှာ၊ ခုနစ်ပတ် လက်ဖွဲ့ချည်မျှင်
ရှင်လောင်းလက်မှာ ဝတ်ဆင်ပေးကြ
ပဲတင်ပေါ်က ငါးဖိုနဲ့ ငါးမဟာ
ခုနစ်ပွဲစားနေတဲ့ လင်စုံမယားဖက်တွေကို ပြုံးဟန်ပြ၊
နောက်ဆုံးတော့ ပေါက်ပေါက်လုံးပဲ ပြန်ရတယ်။

အတုံ့တစ်မျိုးပေမို့၊ ပုန့်ကျိုးအောင် လာပါအုံးဆိုတဲ့
အသာဆုံးထွက်ခေါင်၊ ရွာလုံးကျွတ်မျှော်တော်ယောင်ဟာ
စိတ်မှာဆောင်တော့ ဖိတ်စာအောင်တာပေ့ါ...

ကိုရင်ဝတ်၊ တရားနာချိန်ဆိုတာ အလှူ့ရှင်ကိစ္စ
အနားမှာ သိပ်မရှိကြတော့ဘူး
ရည်စူးရာ၊ ကြည်နူးစွာကုသိုလ်အတူပေးဝေခွင့်ရတာကိုပဲ
တစ်သက်လုံးကျေးဇူးတင်နေမိတယ်။

၂၀၁၃

## အင်းလေး

ရေတွေ ဘောင်ဘင်မခတ်လို့
ဘဝတွေ ယောက်ယက်ခတ်နေကြ
ချောင်းကောမှာ
ငါးရှာမရနိုင်တဲ့ တင်ကျီးငှက်ဟာ
ခတ်ဖြတ်ပြီးစ တောင်ကတုံးတွေဆီ
ငေးရီလို့
မဖြစ်စလောက်ရေလေး
ပဲ့ချိတ်ပန်ကာနောက်မှာ ဝဲပျံ့ကျန်ရစ်
လက်ထဲက မုန့်လုံးဖြူလေး
ဒီဇင်ယော် ဖမ်းနိုင်ပါဦးမလားတွေးမိတယ်။ ။

၂၀၁၃

## မေတ္တာရေကန်သာ (သို့) အင်းလေး

သိကြားမင်းရဲ့ လက်နှစ်ဖက်လို
တောင်တန်းကြီးနှစ်သွယ်က သိုင်းဖက်လို့
တောင်ကျချောင်းသွေးကြောမျှင်တွေက
တို့တတွေရင်ခွင်ထဲ စီးဝင်တယ်။

ချိုသာရေကြည်တသွင်သွင်က
လူမျိုးမရွေး နဂိုရည်အတိုင်းခပ်သောက်နိုင်ခဲ့
သဘာဝမှာ အာဟာရဖြည့်စွက်
ကောင်းသောနေ့ရက်တွေရှိခဲ့တယ်။

အနတ္တရောင်သာထိန်ထိန်တောက်လို့
ဖောင်တော်ဦး၊ အလိုတော်ပေါက်
သိက္ခာရကျောင်းတော်တွေကိုရောက်ရင်
တို့သမိုင်းစဉ်သိလောက်ထင်ရဲ့။

ရက်ကန်းအတတ်၊ ပန်းအတတ်
ကမ်းခတ်တဲ့ လှေလှော်ခြင်းအတတ်တွေ
ကိုယ်ပိုင်ဟန် ကိုယ်ပိုင်ယဉ်ကျေးမှု
အနုပညာဆိုဆို... မြတ်နိုးအပ်ပေစွ။

ရှေးစာဆို ဦးပုည
ဖခင်ကြီး မိုလ်ချုပ်အောင်ဆန်း
ခေတ်စမ်းရှေ့ဆောင် ဆရာကြီးမင်းသုဝဏ်
ပုံပြင်နဲ့ ယဉ်ကျေးမှု လူထုဦးလှ
ကဗျာဆရာကြီးတင်မိုး
ဒါရိုက်တာ ဦးမြင့်မောင်တို့

ဒီအင်းရေပြင်ပေါ်
ကလောင်နဲ့ လှော်ကူးသွားကြတယ်။

မောင်ရွှေနွယ်၊ မောင်တင်မြိုင်၊ မောင်လူခဲနဲ့
အင်းလေးသန္တာခင်
အင်းသားကဗျာဆရာတွေကလည်း
ထို့အတူပဲ တာဝန်ကျေခဲ့။

တို့ခေတ်မှာတော့
တို့အဖြစ်က တစ်မျိုးပေါ့လေ။

အရင်က…ငါးဖိန်းနဲ့ ဆေးခါးစားပြီး သွေးသားမှန်သူများဟာ
အခုတော့ ကျောက်ငါးစားပြီး ကြောက်ဖျားဖျားနေကြ။
အရင်က…နေရာမရွေးခပ်သောက်နိုင်တဲ့ရေပြင်
အခုတော့ ရေပြင်အလယ်မှာ အဝီစိတွင်းတူးသောက်ရ။
အရင်က…ဧည့်လာရင်တည်းဖို့ ကျောင်းတွေမရှားခဲ့
အခုတော့ ရှိပြီးသားတည်းခိုခန်း အင်းတွေနဲ့မလောက်
ဟိုတယ်ဇုန်ပါဆောက်မလို့
တိမ်နဲ့ဆက်တဲ့အရှေ့တောင်ခြေဖျား အရေပြားနွာလိုက်ပြီ။

တောင်တန်းကြီးရေ… မည်သို့ဆိုစေ
ဖက်ထားတဲ့လက်များမြဲပါစေကြောင်း
ကျွန်းမျှောစိုက်ခင်းများ သီးပွင့်ဝေစေကြောင်း
ရေပေါ်ခြေတံရှည်အိမ်လေးတွေ အသက်ရှည်စေကြောင်း
မေတ္တာရေသာ သွန်းလောင်းလိုက်ပါရဲ့လေ။ ။

၂၀၁၄

## အသွေးအသား ၁၃၅

ဖျောက်လည်း မပျောက်နိုင်တဲ့ သမိုင်းတွေ
ခြောက်လည်း မခြောက်နိုင်တဲ့ ရေတွေ
သီတင်းကျွတ်နဲ့ တန်ခူးမှာ
တက်တစ်ခါ ကျတစ်လှည့်
ရှမ်းရိုးမရဲ့ အလှနတ်သမီး အင်းရေပြင်မှာ
၁၃/ . . . တွေ အသွေးအသားနဲ့ ထုဆစ်
ကိုယ်ပိုင်နံပါတ် ၁၃၅
ငါတို့လူမျိုး မွေးဖွားခဲ့။

ငါတို့တိုင်းပြည်ရဲ့ အတွင်းသားမှာ
ထွင်းထားတဲ့အက္ခရာ
အင်းသား
အောက်မှာ မျဉ်းတစ်ကြောင်းတားလို့။

ငါတို့ဟာ
အသွေးအသားရဲ့ အထွေးဆုံးသား
ကိုယ့်တိုင်းကိုယ့်ပြည်ရဲ့ အနားသတ်တံတိုင်း
ကိုယ့်အိမ်ကိုယ့်ရာရဲ့ နံရံ
ကိုယ့်ဝင်းကိုယ့်ခြံရဲ့ တံခါးတစ်ချပ်
ကိုယ့်မြေကိုယ့်ရေမှာ ကိုယ့်လှေကိုယ် လှော်လို့
ကိုယ်ခြေကိုယ် ခတ်ခဲ့သူတွေဖြစ်တယ်။

အတိတေကာလများဆီက
သက်ပြည့်အငြိမ်းစားမိခင်ကြီးရဲ
ဖျည်းထဲက တနင်္ဂနွေသားတွေပေ့ါ
ပြောင်းလို့မရ
ဟောင်းလို့ လုသွားတဲ့ ကျောင်းတော်တွေဟာ
ရိုးမှု ညီညွတ်မှု ကိုင်းရှိုင်းမှုတို့ရဲ့ အသားတံဆိပ်
အဲဒါ အင်းသားတွေရဲ့ စိတ်ပဲ။

ငါတို့နေရာ ရေဇလာ
မေတ္တာတရားနဲ့ ခင်းကျင်း
ငြိမ်းချမ်းခြင်းကမ္ဘာပေ့ါ။

တိုင်းရင်းသားတွေလား...
တံတိုင်းမင်းခြားလေသလား...
နယ်မြေစည်းမခြား အများသူသူငါ
မိုးပျံ့ လေစီး မြေလျှိုးပြီးရောက်သူတွေ
တစ်ရက်တည်းနေချင်သူတွေ
တစ်သက်စွဲနေချင်သူတွေ
ဘယ်လိုလူမျိုးလာလာ
ဧည့်သည်တွေ အနေနဲ့တော့
ဘေးမသီရာ
ရန်မခရာ။

၂၀၁၅

## ရည်ရွယ်ကဗျာ ငယ်ဆရာ

ဆရာမပြ... နည်းမကျဆိုတော့ကာ
နည်းများစွာအတွက်
ဆရာပေါင်းများစွာရှိခဲ့ကြပေမယ့်
ငယ်ဆရာမကိုတော့
ပို့ပြီး ခင်မင်တွယ်တာကြတာ... သဘာဝ။

ကျောင်းတော်ကြီးဆီ
တစ်သုတ်ပြီးတစ်သုတ် ရောက်လာတယ်
တစ်တန်းပြီးတစ်တန်း တက်သွားကြတယ်
တစ်လမ်းပြီးတစ်လမ်း လျှောက်ကြပြန်တယ်
ဆရာမကြီးက... ဒီအခန်းဟာ ဒီအခန်းမှာပဲ။

တို့ကျောင်းတော်ကြီးလည်း
မူလတန်း၊ အလယ်တန်း၊ အထက်တန်း
သူလည်း အောင်မြင်စွာတက်လှမ်း
ဆရာမကြီးက... ဒီအခန်းဟာ ဒီအခန်းမှာပဲ။

တို့မိုင်းပျိုးမှာတော့
အသေးစိတ်ကြီးမဟုတ်ပေမယ့်
လေးထိပ်ဆီး၊ ငါးနောက်ပိတ်အကုန်
ဆရာမကြီးရဲ့
ပညာအရိပ်ကို ခိုလှုံခဲ့ရသူတွေချည်း။

ဆရာမကြီးဟာ
ရာထူး တိုးမတောင်း၊ နေရာ မပြောင်းရွှေ့
တို့ကျောင်းမှာ ပျော်မွေ့သူ...

ဆရာမကြီးဟာ
ဖြဟ္မာကပေးတဲ့ လက်ဆောင်
ဃရာဝါသကို တစ်သက်ရှောင်ခဲ့သူ...

ဆရာမကြီးဟာ
နိုင်ငံ့တာဝန်ကျေပြွန်၊ အာစရိယ ဝတ္တရားကိုမပစ်
သင်ကြားခြင်း၊ ဆုံးမခြင်း
တစ်ခုမှ မလစ်ဟင်းခဲ့ဘူး။

သူငယ်ချင်းရေ... လေးတန်းတုန်းက
တို့တွေ ပူလွန်းလို့ဆိုပြီး ရေသွားကူးကြတော့
ဆရာမကြီး ဆုံးမတာ ခဏခဏ သတိရမိတယ်။
သားတို့... အသားကပူနေပေမဲ့ ဝမ်းကအေးနေတာနော်
အဲဒီအချိန်မှာ ရေသွားကူးရင် ဖျားလိမ့်မယ်တဲ့...
ရေပေါ်မှာနေတဲ့ အင်းသားလေးတွေ
ရေထဲဆင်းရင် သတိထားတတ်စေဖို့ပေါ့။

ဒီလိုနဲ့ နေ့ရက်များစွာဖြတ်သန်း
အရမ်းကို ပူလောင်တဲ့ လောကဓံနွမ်းနွမ်းမှာ
အပန်းပြေရေးကို တမ်းတမိပါတယ်
ဒါပေမဲ့
စိမ့်စမ်းရေအေးအေးလေးတွေ့ရင်တောင်မှ
ဆရာမကြီးရဲ့ စကားကို ပြေးပြေးသတိရ
ချက်ချင်း ခုန်မချဖြစ်တော့ပါဘူးလေ။ ။

ဆရာမကြီး ဒေါ်ငွေသန်းသို့ ...

၂၀၁၅

## ဂီတစီးခြင်း

လောပီးပေါ် လောပီးထူ
အိုးစည်ကူးန တောင်ပိန်းဆူ

တစ်ရံခါဆီ
လေ့ကူးပေါ် လံစည်အတီးအက
ခရီးဝေးကွာလှပေ့ါ

ဟိုး... အထက်ဆီက
ပဥ္စသီခ် သံစဉ်သီချင်း
အင်းလေးဦးမြင့်မောင်ရဲ့ စောင်းကောက်နဲ့
ချောင်းတစ်လျှောက်ငြိမ့်ငြောင်းလို့

အနောက်ရပ်ခြားက ရှော့ခ်ဓာတ်ပြားဟာ
အယ်ဖြူဘရားသားနဲ့ ရထားအတူစီး
လေးဖြူဘရားသားနဲ့ ခရီးအတူထွက်ရင်း
အင်းရေပြင်ပေါ် လှိုင်းထန်ပြင်းရှ

အော်... ပန်းထိမ်လှိုင်းခေတ်က တိုက်တေးကဗျာ
အင်းသွေးသစ်နဲ့ တစ်ခါပြန်လာတော့
တောင်ပြာပြာဟာ
တေးသံသာတွေ အပြိုင်းပြိုင်းထ
တို့အင်းသားတွေ
သမိုင်းလည်း လှကြပါပေရဲ့။

၂၀၁၅

# လက်ကတူ

တံတားမငြိမ်၊ လှေကားလိမ်
ဝါးအိမ်လေးနဲ့ နေလေသည့်
တအားဇိမ်ကျ တို့ဘဝ...

သစ်မရောက်ခင် ဝါးကူ
လူကတက်ဟာ မယ်နနဲ့မကိုက်တာကြောင့်
လက်ကတူကို မေ့ထားလို့ ဘယ်ရလိုက်မလဲလေ။

မိသားတစ်စုလုံးအတွက်
ဘယ်လောက်လေးလေး အပြုံးမပျက်
ပခုံးနှစ်ဖက်လို တာဝန်ကျေခဲ့တဲ့ လက်ကတူ
ရေတက်ရင်လည်းမြင့်ရ၊ ရေကျရင်လည်းနိမ့်ရနဲ့
အော်... ရေရဲ့ အတိမ်အနက်မှာ ဇိမ်ပျက်တယ်မဆိုသာ
သူ့ဘဝကို လိုရာသုံးကြပါစေတော့။

မမြင်ရာကွယ်ဝှက်လို့ ပေးဆက်နေခြင်းသာ
လေးနက်သော မေတ္တာတရား
ဒီလိုစိတ်ထား... လူသားတိုင်း ရှိစေချင်ခဲ့
ဒါပေမဲ့... မားထစ်ရပ်တွေ အလုပ်မကောင်းတော့
ဝါးမြစ်မဟုတ်တဲ့ တုတ်ချောင်းကိုတောင်
လက်ကတူ ပြုတ်ထောင်းဆိုပြီး
ဗလုပ်ဗလောင်းနဲ့ စားချင်သူက ရှိသေးရဲ့။

၂၀၁၅

# လွမ်းလို့သေသွားတဲ့သစ်ပင်

အတိတ်ဟောင်းလေးပါပဲ
အင်းလေးမှာ စတိတ်ကျောင်းသားဘဝ
သတိရနေတာပေါ့ သူငယ်ချင်းရယ်။

တို့မွေးရပ်ရွာ မူလတန်းကျောင်းဆီက
၉၀% သော အပေါင်းအသင်းတွေ
အလယ်တန်းကျောင်းကို တကယ်တမ်းပြောင်းရတဲ့အခါ
သေစာရှင်စာတတ်ဆိုတဲ့ ဝိသေသနဲ့
တစ်ဝက်လောက်က အဆက်ဖျောက်ခဲ့ပါလေရော
အချို့က ငှက်ဖမ်းငါးရှာ အလုပ်လုပ်၊ အချို့က ငုတ်တုတ်၊
အချို့ကလည်း ရေခြံမှာ ပညာရေးကို မြှုပ်နှံလိုက်တယ်။

အထက်တန်းကို တက်လှမ်းမယ်ဆိုပြန်တော့
ကျောင်းက အဝေးကြီးလေ
ကျောင်းနေချင် ကျောင်းထားချင်တဲ့စိတ်တွေကလည်း ဝေး
တခြားသော ဝေးနေတာတွေနဲ့ နီးနီးနေကြရင်း
၇၅% လောက်က ထပ်ထွက်သွားလိုက်တာ
တစ်ရပ်တစ်ရွာမှာ တက်ဆယ်ချောင်းလောက်နဲ့
မနက်မယ် ကျောင်းကို ချီခဲ့ရပေါ့လေ။

နံပါတ်ပြားမပါတဲ့လှေငယ်လေးတွေ
ဟိုရွာ ဒီရွာကနေ အလျှိုအလျှိုထွက်
ရေဆန်လမ်းဆုံချက်ကနေ တို့တွေ
ပုရွက်ဆိတ်တန်းလေးလို လှော်တက်တဲ့အခါ

တစ်ခါတလေ ငယ်ဖော်တံငါတွေက လှမ်းနှုတ်ဆက်တယ်
တစ်ခါတလေ ခရမ်းချဉ်ခြံက သူငယ်ချင်းက လှမ်းခေါ်တယ်
သူတို့ဘဝနဲ့သူတို့တော့ အရမ်းပျော်နေကြတာပါပဲ…
လူ့အဖြစ်ကို ကောင်းမှန်းသိခါစ တို့တွေကတော့
ကျောင်းအဝင် ချောင်းလမ်းလေးရောက်ရင်
ရွက်လွှင့်ခြင်း သီချင်းကို သံပြိုင်ဟစ်
ဒါ ငါတို့ခေတ်ရဲ့ မဏ္ဍိုင်အသစ်မဟုတ်လား။

အလှူအိမ်မှာ ချွတ်ထားတဲ့ ဖိနပ်များလို
လှေဆိပ်မှာ လှေတွေကို ထိုးဆိုက်ခဲ့
တက္ကသိုလ်အဓိပတိလမ်းလေးရဲ့ ရှေ့ပြေးနိမိတ်ဖြစ်တဲ့
တို့တွေရဲ့ အဓိပတိ မြေနီလမ်းရိုးလေးမှာ
ပန်းပျိုးသူတို့ခြေလှမ်းတွေနဲ့ ချီလေတဲ့ ချီလေ
ဘွဲ့နှင်းသဘင်လိုအနေအထားနဲ့ တို့ကျောင်းတော်က
သစ်ပုတ်ပင်အနေအထားက လက်ပံပင်ကြီးကို
မျက်စိရှေ့မှာထားလို့ ဆိုင်းဘုတ်တင်
ငါတို့ သမိုင်းတစ်အုပ်တော့ ရေးရလိမ့်မယ်ထင်ရဲ့။

**အော်… ဇရက်ညံ့ညံ့၊ ငှက်တွန်သံနှင့်၊**
**လက်ပံရိပ်ခို၊ ကျောင်းကြီးအိုကို၊**
**နေညိုချိန်ထိ၊ လွမ်းဆဲပါ။**
**မောင်ရွှေနွယ်(အင်းလေး)**

ကျောင်းသုံးစာအုပ်ထဲက ကဗျာဆရာ
တို့ကျောင်းတော်ရဲ့ မြန်မာစာဆရာ
အငြိမ်းစားပေမယ့် မစိမ်းကားနိုင်သေး
ဒါပေမဲ့… သူငယ်ချင်းရေ
လက်ပံပင်ကတော့…

တို့ကျောင်းမှာ ဆင်းရဲချမ်းသာ အလွှာတွေမသိ
အပူပင်နဲ့ ကျူရှင်မရှိကြ ဆရာအဓိကသမားတွေချည်း
ကျောင်းသားတိုင်းသည် သူငယ်ချင်းဖြစ်၏။
အားလပ်ချိန်၊ ထမင်းစားချိန်
လက်ပံပင်ခြေရင်း၊ မြေတလင်းဟာ
တို့တွေရဲ့ခေတ်မီကစားကွင်းပါပဲ
ကြွေကျလာတဲ့ လက်ပံပွင့်နီနီလေးတွေဟာ
နတ်ဒေဝါက ထင်ရှားပြပေးတဲ့ လက်ဆောင်
အပင်ဖျားကို မော့ကြည့်ရင်း… အဲဒီတုန်းက
ကမ္ဘာကြီးဟာ လည်ပတ်နေတယ်ဆိုတာကို
အားလုံး တညီတညွတ်တည်း လက်ခံလိုက်ကြတယ်။

လက်ပံပင်ခြေ တစ်နစ်တလေခဏချ
ဆက်ဆံခင်မင်ခဲ့ရသူတွေရှိပါတယ်
လက်ပံပင်ခြေ နှစ်ရှည်လပြောင်း
အချစ်ရည်ဝအောင် ပေါင်းခဲ့သူတွေရှိပါတယ်…

**ဘယ်ဆီရောက်ရောက်၊ မပျောက်မမေ့**
**မရွှေ့မပြောင်း၊ မဟောင်းမပစ်**
**ချစ်စမပြယ်၊ အတွယ်တာလေး**
**ဘယ်ကမ္ဘာဝေးဝေး လွမ်းနေမယ်**

ငယ်ဘဝ လက်ရာလေး၊ မှတ်မိသေးပါစ သူငယ်ချင်းတို့ရယ်
သီးခြားကမ္ဘာလေးဆီက ကြီးပွားစရာမတွေး
ရည်းစားစာရေးတဲ့ကောင်၊ အသွေးအရောင် မပြောင်တော့
ဒီလို… အဆိုးအဆော့တွေနဲ့ အကျိုးလျော့လေတဲ့
ဆရာ့ရဲ့ မေတ္တာတုံးလေးဟာ
ချစ်စရာအရှုံးလေးတွေ တောရိုင်းထခဲ့တာမို့
လက်ပံပင်ရင်းကို ကျောခိုင်းခဲ့ရ နှစ်နှစ်ဆယ်။

စံခန်းသွားတဲ့ ဝတ်ရည်လေးတွေ ဘယ်ချိန်ပြန်ပြည့်မလဲ
ပျံသန်းသွားတဲ့ ငှက်သီတေးတွေ ဘယ်ချိန်ပြန်လာမလဲ
ဘိုင်းခနဲ ကျိုးကျသွားတဲ့ လက်ပံပင်ကိုင်းဟာ
ငါတို့နှလုံးသားရဲ့ သွေးလွှတ်ကြောဖြစ်ပါတယ်
ကွဲအက်ကြွေထွက်သွားတဲ့ လက်ပံသီးလေးပမာ
ငါတို့တတွေလည်း လေသယ်တိုင်းဝေးခဲ့ရာ။

ရှေးကဗျာထဲကလို သူလည်းလေလောကီသားဆိုရင်
အလွမ်းဒဏ်ကို သူလည်း ခံစားခဲ့ရမှာပါပဲ…
တစ်နှစ်တစ်နှစ်… မျိုးဆက်သစ်တွေကိုကြည့်ရင်း
တို့တတွေရဲ့ ဆိုးတဲ့ခေတ်ကို သတိရနေမှာပါပဲ…
နေတိုင်းမိုးအုပ် အရိပ်ပေးခဲ့တဲ့ အပင်ပျိုဟာ
ကြွေကိုင်းရိုးပြုတ် စိတ်မအေးရတော့တဲ့ အပင်အိုအဖြစ်
အရင်လို ရွက်သစ်လည်း မဝေနိုင်တော့ပြီမို့….
တစ်ခုသော နွေကျောင်းပိတ်ရက်မှာ
လွမ်းလို့ သေသွားတဲ့ လက်ပံပင်ရဲ့ ဈာပန
ဘယ်ကျောင်းသားဟောင်းမှ လိုက်မပို့ခဲ့ကြဘူးတဲ့။

အာစရိယပူဇော်ပွဲနေ့တစ်နေ့
ကျောင်းတော်မှာ အပေါင်းအဖော်တွေပြန်တွေ့တော့
မြက်ပင်တွေကြားက လက်ပံမြေ နေရာဟောင်းဟာ
သူ့မိတ်ဆွေကို မျက်ရည်တွေနဲ့ ချောင်းကြည့်နေရှာသတဲ့
အော်… နှစ်တွေကြာဝေး အမြစ်တွေပါဆွေးပေမယ့်
လေးလေးနက်နက် ချစ်နေပါသေးတယ် ဆိုတဲ့စကား
အခမ်းအနားမှာ ခမ်းခမ်းနားနား ပြောကြားချင်တာလား…
"လက်ပံပွင့်ကောက်"သီချင်းလေးနားဆင်ရင်း
အရောက်လာခဲ့ပေမယ့် မမွေ့ပျော်နိုင်တော့ပြီလေ။ ။

၂၀၁၆

# ကဗျာသမားလှော်တဲ့လှေ

တံငါသမားလှော်တော့ တံငါလှေ... ဆိုခဲ့ရင်
ကဗျာသမားလှော်တော့ ကဗျာလှေ... ပေါ့လေ

တံငါသည်စစ်စစ် ဆိုတာ ငါးတွေရဲ့ မိတ်ဆွေပဲ
ငါးရှာခြင်းဟာ တံငါသည်ရဲ့ အနုပညာပဲ
မငြိမ်သက်တဲ့လှိုင်းတွေကြား စိတ်ငြိမ်ငြိမ်နဲ့ ငါးမျှားနိုင်ရဲ့
လှုပ်နေတဲ့လှေပေါ်ကနေ လှုပ်နေတဲ့ငါးကို မှိန်းနဲ့ထိုးနိုင်ရဲ့
ငါးပွက်ရာအနံ့ခံရင်း မမြင်ရတဲ့ ငါးနဲ့အလေးချိန်ကို မှန်းနိုင်ရဲ့
မှော်ပင်ကြား အောင်းမြုပ်နေတဲ့ငါးကို ဆောင်းအုပ်ဖမ်းနိုင်ရဲ့
ကျွန်းမျောကြား ပုန်းတဲ့အကောင်ကို မြှုံးထောင်ဖမ်းနိုင်ရဲ့
လာရာလမ်းကိုတွက်ဆ ပိုက်ကွန်လည်းချနိုင်ရဲ့...

တစ်ခါးတစ်ဝမ်းအတွက်
ငါးဖမ်းခြင်းအတတ်ပညာမှာ တအားကျွမ်းနေပေမယ့်
ဖြတ်လမ်းမကြိုက်၊ ဘယ်တော့မှ ရှော့ခ်မတိုက်ဘူး
ချိပ်တစ်ခက်စာ တစ်သက်တာ မက်စရာမမြင်ခဲ့ဘူး
ငါးမရ ရေချိုးပြန်တဲ့စိတ်မျိုး မရှိဘူး
လွတ်တဲ့ငါး ကြီးတဲ့စိတ်မျိုး မရှိဘူး
ငါးရောင်းသမား ငါးကောင်းစားမယ်ဆိုတဲ့စိတ်မျိုး မရှိဘူး
စိတ်ပါရင်တော့ တစ်ပိဿာလုံးပေးပစ်မယ်
ပိန်းကောလှေတစ်စင်းပေါ်မှာ
တံငါစစ်စစ်အတွက် အရာရာဖြစ်နိုင်တာပဲ...
ငါးတစ်ကောင်ရဲ့ တန်ဖိုးဆိုတာ
ချိန်ခွင်နဲ့ ငွေကြေးပေါ်မှာ ဖျပ်ဖျပ်လူးမနေဘူးလေ။

ကဗျာသည်စစ်စစ် ဆိုတာ ဒုက္ခသုက္ခတွေရဲ့ မိတ်ဆွေပဲ
ဒုက္ခတရားကို ရှာဖွေခြင်းဟာ ကဗျာသည်ရဲ့ အနုပညာပဲ
မငြိမ်သက်တဲ့ လောကဓံကို ငြိမ်သက်စွာလက်ခံနိုင်ရဲ့
လှုပ်နေတဲ့ခေတ်က လှုပ်တုတ်တုတ် ငြိမ်းချမ်းမှုကို တွေ့နိုင်ရဲ့
အသွင်သဏ္ဍာန်တို့ရဲ့နောက်က အနာဂတ်ကို မှန်းဆနိုင်ရဲ့
စိတ်အစုံအလျဉ်အလျားကို နိမိတ်ပုံထင်ရှားပြနိုင်ရဲ့
စကားလုံးတွေကြားပုန်းနေတဲ့ နှလုံးသားကို ပုံဖော်နိုင်ရဲ့
ဝေဒနာ ကောင်းဆိုးလတ်တွေကို ကြောင်းကျိုးစပ်နိုင်ရဲ့
ငွတ်ကြပ်နေတဲ့လောကမှာ လွတ်လပ်မှုကို ပေးစွမ်းနိုင်ရဲ့

ကိုယ့်ခံယူချက် ကိုယ်ကိုင်ဆွဲခဲ့တဲ့ ကိရိယာ
ခေတ်ရဲ့အလျဉ်ကို ဘယ်လိုသန့်စင်ပေးနိုင်ခဲ့သလဲ
သမိုင်းတွေနဲ့ တိုင်းပြည်ကို ဘယ်လိုထောက်ပံ့ခဲ့သလဲ
ကမ္ဘာမြေနဲ့ လူကို ဘယ်လိုကူညီခဲ့သလဲ
အရွှတ္တရဲ့အင်အားကို ဘယ်လိုတင်စားခဲ့သလဲ
အနုပညာအဆုံးအမကြောင့် ရှန်းကြွလာတဲ့အသံဟာ
အတွေးအကြံအမျိုးမျိုး ရေးဟန်အမျိုးမျိုး
ကဗျာတစ်ပုဒ်ဟာ တန်ဖိုးဖြတ်ဖို့ ခက်ခဲပါတယ်။

အမှန်တရားနဲ့ မြတ်နိုးမှုအပေါ်မှာ ယစ်မူးခြင်းမရှိ
ကြိုက်၏ မကြိုက်၏ကြားမှာ မကိန်းအောင်း
ကိုယ့်လေ့ကိုယ်ထိန်းကျောင်းဖို့ လှိုင်းတံပိုးကိုအသုံးချ
ပိန်းကောလေ့လေး မတိမ်းစောင်း မနစ်မြုပ်ရလေအောင်
တကယ်လှော်ခတ်နိုင်တဲ့ ရှေ့က ကဗျာဆရာများကို
အယ်ကျော်မြတ်ခိုင် က
အခါခါ အလေးအမြတ်ပြုလိုက်ပါတယ်လေ။ ။

၂၀၁၇

## ရွှေရတုကျောင်းတော်

ခြတက်လို့ပျက်သွားပြီဖြစ်တဲ့
နှစ်ကျိပ်ရှစ်ဆူ စံကျောင်းတော်ကြီးဟာ
တို့ရပ်ရွာရဲ့ မူလတန်းကျောင်းအစဖြစ်တယ်။
လပြည့်လကွယ် သီလယူကြတဲ့
ဥပုသ်သည်တို့ရဲ့ ဇရပ်ရှည်ကြီးဟာ
တို့ရပ်ရွာရဲ့ ဆရာ့ရုံးခန်းအစဖြစ်တယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်
ကျောင်းစတည်တော့ စိုက်ခဲ့တဲ့ကုက္ကိုပင်လေး
အခုတော့ အပင်ကြီးလို့ အထင်ကြီးခံနေရပြီ။

စတင်ကြိုးစား၊ အဖိုးအဖွားတွေလည်း
တချို့တလေသာ ကျန်ရစ်လို့...
စတင်သင်ပြ၊ ဆရာဆရာမတွေလည်း
တချို့က သက်ပြည့်ပင်စင်အငြိမ်းစား
တချို့က တစ်ဘဝပင်စင်နဲ့ ငြိမ်းသွားကြပြီ။

ဆရာတော့်အခန်းအောက်က
မခေါက်ဖြစ်တော့တဲ့ အုန်းမောင်းအိုကြီးဟာ
အရင်က ခေါင်းလောင်းလုပ်ခဲ့တာဆိုပဲ။

ပစ္စည်းဟောင်းသိမ်းစရာ
အခန်းကို ဖြတ်ကာထားတဲ့ နံရံတစ်ပြင်လုံး
အဲဒါလေ...
အရင်တုန်းက သင်ပုန်းလုပ်ခဲ့ကြတာကို။

ဒီလိုနဲ့ ငွေရတုနှစ်တွေ ကျော်လာခဲ့တော့
မူလက မူလတန်းကျောင်းလေးဟာ
အလယ်လောက်မှာ အလယ်တန်းကျောင်းဖြစ်ပါလေရော...

မိဘဆရာ ညီညီညာလက်တွဲ
အမိကအရာက မဟုတ်လည်း ရွာသားတွေကဝိုင်းကူ
စာသင်ကျောင်းလေး သီးသန့်ထူထောင်ဖြစ်ခဲ့တယ်။

ဆရာမများအကြောင်းပြု၊ ဉာဏအားကောင်းမှုတွေ
ဆရာစိတ်က သိပ်လှပေ၊ စာရိတ္တ ထိပ်ကနေ
ဆောင်ရွက်ဆင့်ပွားတော့ အောင်ချက်မြင့်မားခဲ့တာတွေ
တိုင်းကျိုးအကောင်းမျှော်ထားလို့
မိုင်းပျိုးကျောင်းတော်သားတို့ ကျော်ကြားတာတွေ

အခုဆို အစစ ဖွံ့ကောင်းခဲ့တာအတွက်
အ.ထ.က (ခွဲ)ကျောင်းတော်ကြီးအဖြစ်
အဆောင်အသစ်အသစ်တွေနဲ့
တောက်တောက်ပြောင်ပြောင်ဖြစ်နေပြီ။

ဆရာဝန်၊ အင်ဂျင်နီယာ၊ ဗိုလ်ပါမကျန်ပဲ
ဆရာ ဆရာမများစွာ ပညာတတ်တွေမွေးထုတ်နေဆဲ
တချို့က ရာထူးမပါ၊ ကိုယ့်ဘာသာရဲကြ။

အခု... ရွှေရတုမှာ
အာစရိယ ပူဇော်ပွဲလည်းပါတော့
လာ... သူငယ်ချင်း... ကြီးပြင်းမှုကိုခဏမေ့
မင်္ဂလာရှိတဲ့နေ့မှာ ဆုံကြမယ်။

၂၀၁၇

# နဂါးမောက်လှေ လှော်သူများ

ဘုရားဖောင်တော်၊ ဆွမ်းဖောင်တော်ဆွဲတဲ့လှေ
အရောင်အတော်မည်းတဲ့လှေ... ဆွဲလှေ
လှေဦးနဲ့ ပဲ့မှာ အချွန်အတက် နစ်ခုစီထွက်ထားတာကို
လက်သမားတစ်ယောက်က နဂါးမောက်တဲ့
သီတင်းကျွတ်လို့ ကိုယ့်ရပ်ကိုယ့်ရွာ ဘုရားရောက်ပြီဆို
အင်းသားမှန်သမျှ ဒီလှေ မစီးရမှာ တအားကြောက်တယ်။

ပင်နီကို အသွင်ညီညီ ဝတ်ဆင်လိုက်ကြရင်ဖြင့်
ဒီရေပြင်မှာမွေး၊ ဒီရေကိုသောက်ခဲ့တဲ့ တို့အင်းသား
ဆင်းရဲချမ်းသာ မခြားနား တစ်သားတည်းဖြစ်သွားပေါ့၊
သာသနာ့အလံတိုင်ကို လှေဦးမှာ လွှင့်တင်လို့
လှေခေါင်းလျှို တက်ချက်ပြ၊ နောက်ပဲ့မှက်က လမ်းကိုထိန်း
လှေစင်ကိုင် လှော်သားတွေ ဘယ်ညာ အသင့်ပြင်
လင်းကွင်းသံ လွင်လွင်၊ ရှမ်းအိုးစည်သံ ဟိန်းထွက်တုန်ဟီး
လှေစင်ပေါ် တက်ပြီးကသူက က
မနက်မိုးမလင်းခင်ကတည်းက စတင်လှော်ကြတယ်။

လမ်းတစ်ဖက်မှာတော့
ဆွဲလှေပေါ် ကရဝိတ်ငှက်လေးတင်
အင်းလေးသူအချောလှလေးတို့ရဲ့ လှေယာဉ်ကလည်း
လှေတော်သံ သီချင်းနဲ့ ဆိုကြ ကကြ ဖျော်ဖြေကြ
ရေလှိုကို တက်လေးနဲ့ ဖြည်းဖြည်းလေးရပ်လှော်တဲ့အခါ
ပွင့်ထွက်လာတဲ့ ရေပန်းအစက်အပေါက်လေးများဟာ
တက်ကောက်နဲ့ချိတ် အစိတ်လောက်တင်တဲ့ မျက်နှာပေးနဲ့
အသက်လောက်ထင်တဲ့သူကို ငေးစေတယ်။

ဆွဲလေ့ပြိုင်ပွဲတွေမှာတော့
အင်းသားတွေသာမက၊ အင်းသူတွေပါအစွမ်းပြ
'ပန်းဆွဲရေကျ အနိုင်မရ' အဖြစ်မခံနိုင်ဘဲ
ဦးဝဲ ပဲ့ကိုင် တို့ရဲ့ ကျွမ်းကျင်တဲ့ အတတ်ပညာ
ရေသာခို အချောင်လိုက်သူ မပါတဲ့
လေ့လှော်သားတို့ရဲ့ အလှော်အခတ်အလှုပ်အရှန်း
ဦးမော့အောင် ရှိသမျှအားကုန်ထုတ်သုံးကြရတယ်။

'လေ့ လေ့ လေ့' တိုင်ရင် 'ဟော' လို့ဖောက်
'ယောက်ျားသလေး' ဆိုရင် 'ယီးလေး' လို့အော်
ကျော်သလောက် ပျော်စရာကောင်းတဲ့ ဓလေ့ရိုးရာပွဲ၊
ရွှေလောင်းကြီး ရွှေလောင်းငယ် ဝေလာနဲ့ မြင်းပျံ
ရေပြာပြာအင်းနဲ့ ပန်စားတဲ့ နာမည်ကလေးများ
မြန်ပြည်တန်တလျား၊ ကမ္ဘာအနှံ့အပြားက သိကြရဲ့။

ဒီခေတ်ဒီအခြေမှာ
၆၈ တောင်ရှည် လူရာကျော်စီး ဆွဲလေ့တစ်စင်း
အကြမ်းဖျင်း သစ်စေး ဆယ်ပုံး၊ ကျွန်း ခြောက်တန်
ပိုက်ဆံရှိတိုင်းလည်း တည်ဆောက်မရပြန်ဘူး
ကုန်လုလု သယံဇာတကို ချွေတာနေရပြီလေ။

တစ်နှစ်မှ တစ်ခါနှစ်ခါသာ လှော်ရတဲ့ရက်များမှာ
ပိုးစာမဲရုံသား တက်ဝါးလေးရေထဲတစ်ချက်အကျ
အင်းသူ အင်းသားတိုင်း သတိထားရမှာက
ဒီလေ့… ဒီရေ… တို့ဘိုးဘွားအမွေတစ်ခု
လေးလေးစားစား ထိန်းသိမ်းလှော်ခတ်ရမယ်ဆိုတာပါပဲ။

၁၉၉၈ / ၂၀၁၇

# နောင့်ထပ်ကြိုးမျှင် မြတ်နိုးအင်

နှင်းဖွေးတဲ့ အကြင်နာသီရာ
အင်းလေးရဲ့ ဝင်ယာမိယာ
ဒီတစ်ခါ အရောက်လာခဲ့မယ်၊
အနောက်ကျားတွန်မှာ မိုးဆင်အုံ့တာဆိုး
မြတ်နိုးအင် ပါးပြင်စိုမှာစိုး
ရှင်အောင်သာ ရွာပါမိုး...။

အတိတ်စိတ်ဘဝင် တမင်လာနှိုးတော့
ကရဝိတ်ယာဉ် အစဉ်အလာချိုးပေါ့
ရေစုန်ကိုမျှော်ကာကိုး တိုးမယ့်အနေအထား
တံတားဘက်မှာ ရေနစ်နေတဲ့ နဂါးစက်ပန်းတွေလည်း
ပိန်းကောလှေသစ်လေးကို စိမ်းလန်းမှန်းမျှော်
ဟိုး...ငြိမ်းချမ်းရေးစေတီတော်က ဆည်းလည်းသံချိုအီအီ
တောင်ပို့နီ လယ်ခြေ ဟဲခမ်းဦးကို ကျော်ဖြတ်
အသည်းနန်းနံရံမှာ လာရိုက်ခတ်တယ်။

ရိုးရာအင်္ကျီမှာ ကြိုးကြာမောင်နံ့ရင်ထိုးလေးသီရင်း
မွှေးဆီရနံ့ ဆွတ်ပျံ့ငယ်သင်းလွင်လွင်
အကျော့ဆုံးပြင် အယဉ်ဆုံးသ၊ မြင်မြင်သမျှ ငေးစေသူ
မှုန်နံ့သာဘယ်လာ အဆင်အသွေးကူလို့
အရေးတယူ မျှော်လင့်နေမယ့်ပုံဟာ
ရွှေဝတ်မှုန်လွှာ ပဒုမ္မာပန်းလေးထက် လှနေတော့မှာပဲ...
ချစ်လွန်းတင် လက်စွမ်းကုန် အစုံခတ်ဖို့
ခေတ်ဆန်းယဉ် ရက်ကန်းရုံက ဆုံမှတ်ပေါ့ကွယ်။

တွေ့ချင်ဇောသန်ပေမယ့် လူကမပြန်လေတော့
ပဲ့ချိတ်စက်ဟာ တကယ့်စိတ်ထက် ဆူညံမယ်မထင်ခဲ့
ပူပန်မှုဆိုတာ... ယုံကြည်ချက်ကို ပွန်းပဲ့စေတတ်သလား
ကျူထရံကာအိမ်အနားမှာ လွမ်းတဲ့စိတ်ကို ပစ်ချ
အချစ်က... သစ်ခွပင်တွေဆီ ရောက်နှင့်တယ်။

ရေနည်းလည်း ကြေကွဲဖွယ်မရှိတဲ့ ချောင်းနံဘေးမှာ
သီတင်းကျွတ် ရာဇမတ်တွေ မဖြုတ်ဖျက်ကြသေး
အနာဂတ်ကို အနတ်ဘက်က မတွေးချင်တဲ့သူ
ရုတ်တရက်ပျံပြေး ပိန်ညင်းငှက်ကလေးလို
စိုးထိတ်သိမ်ဖျင်းတဲ့စိတ်ထားကို ပိတ်တားလိုက်တယ်
အချစ်က... သိပ်များလွန်နေပြီလားကွယ်။

ချစ်သူ... အင်းလေးမယ်တမျှ အဆင်းသွေးကြွယ်လှတဲ့သူ
တင့်တယ်ယဉ်လျား မြင့်သွယ်ထင်ရှားတဲ့သူ
ဝေယျာဝစ္စနဲ့ အသေအချာ ချစ်ခဲ့ရလေသူ
သမုဒယ အချည်အနှောင်မှာ ကဂျီကဂျောင်မကျတတ်သူ...
သစ်တံတားပေါ်က ကမ်းဆင့်လက်ရဲ့ အနွေးဓာတ်
နှစ်များအကျော်က လွမ်းသင့်ရက်ကို ပေးဆပ်ကျေနပ်စေသူ။

နှစ်ကိုယ်တူဆုံရာဟာ ခုံပြာပြာလေးမဟုတ်
စုံပဝါလုပ်တဲ့ ရက်ကန်းစင်ဘေး ဒီတစ်ခေါက်မှာ
အတည်ပေါက်နဲ့သာ ချည်ရောက်ရင်း နှစ်ဦးစလုံး
ရင်တွင်းအုံးနေတဲ့ စကားတွေ တင်ယင်းလုံးကတစ်ဆင့်
လွတ်နေတဲ့ လွတ်ကလေးဆီ တတွတ်တွတ်ရစ်ဝင်
ချစ်မျှင်တန်း လွန်းတင်လို့ ခွန်းဆင်ပြင်ထား
ဝန်းကျင်မြင်ကြား အထင်မမှားစေလိုပါလေ။

ဇင်းမယ် ဂျင်းထည်နဲ့ ကြာသကၠန်း
အင်းအလယ် တစ်ခါအသွင်ဆန်းဖို့အတွက်
ဆက်စပ်မြန်ပျံသန်း လက်ခတ်သံညံ့မခန်း
ရင်ခုန်သံနဲ့ စည်းချက်မှန်ကန်လွန်းရဲ့
ရိုးရာလုပ်ငန်း မှတ်ယူတစ်ခုကို
ချစ်ခြင်းမေတ္တာနဲ့ ထပ်တူပြုနိုင်ပေရဲ့...

ရွှေချည်ငွေချည် ပိုးကြိုးသီတိုင်း
တစ်မျိုးတစ်မည် စိတ်မှာနှိုင်းယှဉ်ပြရမယ်ဆိုရင်
နှလုံးသားကို မိုင်းငင်နန်းဆွဲလည်း ဝမ်းမနည်းချင်ဘူး
လန်းမြလတ်ဆတ် တကယ်အဟုတ်ကြည်လင်အေးသူမို့
အမယ်ဘုတ်ရဲ့ ချည်ခင်လေးလိုလည်း မထွေးစေချင်
အစကောင်းဖို့ တွေးဆတိုင်ပင်ခဲ့ကြတယ်။

လွန်းပြေးတိုင်း အလွမ်းပြေးစေချင်ပေမဲ့
ဝမ်းရေးတိုင်းကိုတော့ ဝမ်းလို့ မရေးစေချင်ခဲ့
ယဉ်သွားနဲ့ဆွဲခတ်လိုက်တဲ့ လိပ်တုံးထဲက အစလို
ထင်ရှားစွာ ကျစ်ဝင်သိပ်လုံးသွားတဲ့ ဘဝ
အချစ်က ရစ်လေရှည်လေလို့ မတွေးဆပါနဲ့လေ...

လက်ကတူမပါတဲ့ ဝါးတံတား...
နီးနွဲ့နွဲ့နဲ့ချည်လိမ်တွဲလို့ မြဲပါ့မလား
စည်းဖွဲ့နားလည်မှုဆိုတာ ခံနိုင်ရည်အင်အားမို့
တစ်ယောက်ကိုတစ်ယောက် အထင်မမှားကြစတမ်း
ရေးခရီးကို ယုံကြည်စွာပဲ လျှောက်လှမ်းကြမယ်
ဘဝရေပြင်မှာ ပျော်ရွှင်စွာ လှော်ခတ်ကြမယ်
ချစ်သူမှာ စစ်အပူ မရှိပါဘူးကွယ်။

ဟင်းချင်းပြောလို့...
ကချင် ကယား ကရင် ချင်း မွန် ဗမာ ရခိုင် ရှမ်း
နိုင်ငံအဝှမ်းမှာ စစ်တိုက်မယ့်အစား ချစ်လိုက်ကြစို့လား
ကျည်ဆန်အစား ညီသံကြားချင်တယ်
မိုင်းတွေခွဲလို့ တိုင်းပြည်ကွဲမပျက်ကွယ်စေအောင်
ဖက်ဒရယ်ပြည်ထောင်စုဆီ ရောက်လုဆဲဆဲမို့
ပေါက်ကွဲယမ်းငွေ့အငွေ့အနံ့တွေလည်း
အတော်အတန်တော့ သက်သာလာပြီပဲ။

ကျောင်းကောင်းကောင်းတက်နေရတဲ့ ကလေးက
သူ့ဆရာ ခေါင်းလောင်းထိုးတာကို သဘောကျသတဲ့...
တောက စခန်းတစ်နေရာမှာ ကျောင်းမနေရတဲ့ကလေးတွေ
သူတို့လည်း ခေါင်းလောင်းသံလေး ကြားချင်ရှာမှာပဲလေ။
လိုရင်းဟာ ကိုယ်ချင်းစာဖို့ပဲ
တို့အင်းမှာ လက်နက်ကိုင်အဖွဲ့အစည်းမရှိ
တို့ရင်တွင်းမှာလည်း အမုန်းတရားမရှိ
တို့နှစ်ဦး နလုံးသားနဲ့ ထပ်တူချစ်ကြသလို
ချစ်ကြတဲ့ချစ်သူတိုင်းလည်း အေးချမ်းကြပါစေတော့...
စေတီတော်မှာ ရေကြည်တော်ကပ် ပန်းတော်လှူလို့
နှမ်းရော်အပူ တစ်သက်တာဝေးစေကြောင်း...
လက်ျာရစ်ကြည်ညို တစ်သက်တာအချစ်တည်လိုကြောင်း...
ခေါင်းလောင်းထိုးသံ... ကမ္ဘာကြီးငြိမ်းချမ်းပါစေတော့လေ။

ဒီလိုနဲ့...မပန်ခင်ပန်းလေးတစ်ခက်ပေးကာ ရင်မှာတိုးတော့
မပြန်ခင်အနမ်းလေးတစ်ချက်အမွေးမှာ အကြင်နာပျိုးပေါ့
အို... မြတ်နိုးအင် မျက်နှာ ရက်ဖြာစိုး
ရှင်အောင်သာ ရွာတဲ့မိုး။ ။

၂၀၁၈

# ဘော်လီဘောပုတ်သူများ

တချို့ကပြောတယ်
အော်ကလီသောအလုပ် ဂေါ်လီတောရပ်နဲ့
ဘော်လီဘောပုတ်တာ မကောင်းဘူးတဲ့

တချို့ကဆိုတယ်
တော်ကီအပြောမဟုတ် ဆော်ကြည့်သောရပ်နဲ့
ဘော်လီဘောပုတ်တာ ကောင်းတယ်တဲ့။

အားကစားဆိုတာ
လူသားတိုင်းရဲ့ အသက်ရှည်ဆေး
နိုင်ငံတိုင်းရဲ့ ဂုဏ်အင်္ဂါတစ်ခု။

တို့အင်းလေးမှာ
ကျောက်သံပတ္တမြားမထွက်ပေမယ့်
ဘော်လီဘောလက်ရွေးစင်တော့ အဆက်မပြတ်ခဲ့ဘူး။

ဟိုအရင်... စိုင်းထွန်းဦးကနေ
အခု... အောင်သူအထိ
နောက်... မျိုးဆက်သစ်တွေလည်းရှိရဲ့

လှေနက်ကျောပေါ်က
ရေထွက်ဘောတွေဟာ
အင်းသားတွေရဲ့
မဟာအင်အားတစ်ခုပါပဲလေ။ ။

တူလေးသို့...

၂၀၁၈

## အင်းအမျိုးသားနေ့အတွေး

သစ္စာမချွတ် မေတ္တာဆွတ်၍
ညီညွတ်မျှတ ဆက်ဆံကြသည်
ဓမ္မပါလော ငါတွေးခဲ့။

ထိုအင်းထိုကန်၊ ထိုရပ်ဌာန်တွင်
ကြည်မွန်တရား၊ ကျင့်ပွားများလျက်
ရှည်လျားသံသာ၊ တိုကြောင်းရှာမှု
သင့်ရာသလော၊ ငါတွေးခဲ့။

**အင်းလေးကန်ကဗျာ၊ ဆရာကြီးမင်းသုဝဏ်**

အင်းမှာဖွား အင်းမှာနေ
အင်းရေသောက်တဲ့ အင်းသားတွေ...
အစဉ်အလာ ရိုးသားတဲ့ဓလေ့မှာ
မယုဉ်သာ အကျိုးတရားတွေ့ဖို့
အင်းအမျိုးသားနေ့ ဖြစ်ခဲ့ပြီ။

တန်ဆောင်မုန်းလဆန်း (၁) ရက်
နိုင်ငံတော်ကြီးအတွက် သစ္စာ
လူမျိုးစုတို့အတွက် မေတ္တာ
တရားရှာသူတို့ ညီညွတ်ရေး
သေနတ်သံကင်းမဲ့ဇုန်ဖြစ်တဲ့အင်းလေးမှာ
ငြိမ်းချမ်းရေး တေးသံသာတဲ့နေ့
ယဉ်ကျေးမှု မနေးအမြန်လာတဲ့နေ့။

သမိုင်းတစ်ခေတ် တစ်ဆစ်ချိုးမှာ
အမြစ်ချိုးမခံချင်ရင် အမျိုးကိုချစ်ရမယ် ဆိုတဲ့
အဘိုးမြစ်ရဲ့ ဒဿန၊ ပြန်ပြီး အမှတ်ရစေခဲ့ပေါ့။


ဆိုးညစ်တဲ့ အဖြစ်သနစ်တွေကို
အကျိုးဖြစ်တဲ့ ခေတ်အသစ်ဖြစ်လာဖို့
အင်းသားတွေလည်း အရာရာ တိုးတက်ရေးမှာ
ဘယ်တော့မှ လက်မနေးကြချေဘူး။

တန်ဆောင်မုန်းရဲ့ ခဝဲပန်းပွင့်နဲ့အပြိုင်
အမြဲလန်းဝင့်နေတဲ့ အဆင်အသွေးနတွေနဲ့
ယဉ်ကျေးမှုကို အစွမ်းကုန်ထုတ်ဖော်
အပျော်တွေနဲ့ ဖျော်ဖြေတဲ့အသင်းအဖွဲ့တွေက
အင်းရဲ့ဒေသတန်ဖိုးအမှန်ကိုထင်ဟပ်ပြလို့
အနုပညာမှာ မြင်တတ်ကြပေစွ။

တစ်နှစ်ထက်တစ်နှစ် ပီပြင်လာတာမို့လည်း
ဦးဆောင်သူစီစဉ်သူများကို ဦးညွှတ်လိုက်ပါရဲ့
ထူးမြတ်တဲ့ အမျိုးညီစုံကောင်းရန်အတွက်
အိုးစည်ပုံမောင်းသံ တစ်ချက်အတီး
တစ်ဆက်တည်း ဆန္ဒပြုလိုက်ပါတယ်လေ
စံဌာနေကြီး ကိန်းခန်းသာစေသား
မြန်မာပြည်ကြီး ငြိမ်းချမ်းလာစေသား
ကမ္ဘာမြေကြီး စိမ်းလန်းပါစေသား။ ။

၂၀၁၈

အယ်ကျော်မြတ်ခိုင်




ပိန်းကောလေ

(အင်းလေး)

# ပိန်းကောလှေ





အင်းရေမြင့်စေ ကြာတင့်စေ


ပန်းလည်းလှစေ ပျားဝစေ

ဘာသာတည်စေ ရှာညီစေ

ရေခြံကျွန်းမျော ငါးဖိန်းပေါ်စေ

အင်းသားတို့ရဲ့

# ပိန်းကောလှေ



PKL